www.burmeseclassic.com

ဆူး ၈၁၄၅

# ညွန့်ပေါ်

## အလင်းပြည့်ညများ



design by bo htoo

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၄၁၈/ ၂၀၀၁(၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၂၁/ ၂၀၀၄(၈)

မျက်နှာဖုံးဒီဇိုင်း ဘိုဘိုထွန်း

မျက်နှာဖုံးပုံနှိပ်တိုက် ဦးနေမျိုးထွန်း
နေမျိုးပုံနှိပ်တိုက်(၀၅၄၉၅)

အတွင်းပုံနှိပ်တိုက် ဦးမောင်မောင်လွင်
ကဝိရတနာပုံနှိပ်တိုက်

ထုတ်ဝေသူ ဦးတင့်လွင်
အမှတ် (၆၀၅)၊ သုခမ္မာလမ်း၊
မ/ဥက္ကလာပ။

ပုံနှိပ်ခြင်း ပထမအကြိမ်

အုပ်ရေ ၅၀၀

ထုတ်ဝေသည့်ကာလ စက်တင်ဘာ၊၂၀၀၄

တန်ဖိုး ၂၀၀ ကျပ်

BURMESE CLASSIC .com

# ရှူပန့်ပေါ်

အလင်းဖြူညများ

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ထင်ယောင်ထင်မှား ဖြစ်မှုလို့ ထင့်ခဲ့သည်။
ဒါပေမဲ့ နှစ်ချက်ဆင့်သုံးခါ ခေါက်လိုက်သောတံခါးခေါက်သောသကေ်တကို ကြားလိုက်ရလျှင်ပင် "မောင်ပြန်လာပြီလို့" သေချာသွားခဲ့သည်။
မောင့်အတွက် ပိတ်မထားသောတံခါး ကိုဖွင့်ပေးရန် လှမ်းလာခဲ့စဉ် ကိုယ်ဟာ မောင့်ကို ကိုယ့်အချစ် ဖြင့် ကယ်ဆယ်နိုင်ပြီးလို့ ရင်တနင့်နင့်ဂုဏ်ယူ ဝမ်းမြောက်ခဲ့မိသည်။
ဘဝတခုလုံး ပုံပြီးလောင်းကြေးထပ် ထားရတဲ့အတွက် ကိုယ်ဂုဏ်ယူသင့် တယ်မို့လား မောင်..........

အချိန်တွေ ဘယ်လောက်ကြာသွားပါစေ ..........

နောက်ဆုံးမှာတော့ မောင်ကိုယ့်ဆီ ပြန်လာခဲ့ရပြီလေ..........

"မျက်ဝန်းချို"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ( တစ် )



အခန်း (၁)

အဖြစ်အပျက်များ၏အစကိုပြန်တွေးမိတိုင်းယခုတိုင် ကိုယ်ရင်ခုန်ဆဲဖြစ်သည်။ အဖြစ်အပျက်များ၏အစမှာအင်မတန်စပ်စု၍အင်မတန်ပျော်တတ်သော ကိုယ်တို့အုပ်စု၏ကပ်သီးကပ်သပ်ပေါက်ပေါက်ရှာရှာ နိုင်လှသောကစားနည်းတခုမှစခဲ့ခြင်းဖြစ်သောကြောင့်ပင်။ စဉ်းစား ကြည့်ပါအုံးရှင် မျက်ဝန်းချိုဟာသူမရဲ့အချစ်ကိုဒီလိုပုံစံနဲ့ရှာဖွေ တွေ့ရှိခဲ့လိမ့်မယ်လို့ဘယ်တုံးကမှမထင်မိခဲ့တာ ကိုယ်အပြစ် တော့မဟုတ်ပါဘူးနော်။ ကိုယ်က "အချစ်" ဆိုတဲ့ အရာကိုသိပ်ကိုမျော်လင့်တကြီး တန်ဖိုးထားသူမို့လား၊ ဒါပေမဲ့ ဒီလိုပုံစံနဲ့မထင်မှတ်ဘဲ "အချစ်" ဆိုတာကြီးကိုမြန်းကနဲတွေ့လိုက်ရတော့လဲ " အချစ် " ရဲ့ ဆန်းကြယ်နိုင် မှုကိုအံ့သြဘနန်းဖြစ်ရသွားပင်။

ထိုနေ့က ကိုယ်ကုမ္ပဏီရုံးခန်းသွားခါနီးတွင် ကိုယ့်သူငယ်ချင်း များဖြစ်သော ပုလဲနှင့်ဝါနု ကိုယ့်ထံ ပြုန်းစားကြီး ရောက်လာခြင်းမှာအဖြစ် အပျက်၏အစဖြစ်တော့သည်။ ဒင်းတို့တတွေမှာတယောက်ကဗိုလ်ချုပ် ဈေးအွင်ကျောက်မျက်ရတနာဆိုင် ဖွင့်ထားပြီး တယောက်ကခိတ်ကပ် ကုမ္ပဏီတစ်ခုမှဖြစ်ရာ ဗိုလ်ချုပ်ဈေးပိတ်သော နေ့၌ ကိုယ့်ကုမ္ပဏီကို လိုက်ရှုတ်ရန်ရောက်လာကြခြင်းဖြစ်လေသည်။

www.burmeseclassic.com



"ဝန်းချို…ဖရက်ဂျီဒါအသင့်ဖွင့်ထား…..ငါတို့လာပြီ"

" အဟုတ်ပဲဟေ့….. ကြက်ကင်လေးဘာလေးလုပ်ဖို့ အစီစစဉ်မရှိရင်လဲအခုစီစဉ်လိုက်၊ အချိန်မနှောင်းသေးဘူး "

သူတို့နှစ်ယောက်ဟာအော်ချင်တာတွေအော်ပြီးကိုယ့်အခန်းထဲ စွတ်ဝင်လာရာကိုယ် ကအကွယ်ကနေခေါင်းအုံးနဲ့ ပေါက်ပြီးကြိုဆိုလိုက်သည်။

" ဟဲ့ သောက်ပလုပ်တုတ် "

" ကြည့်စမ်း ဝန်းချို …. ကိုယ့်မာမီတွေကို ဒီလိုဘဲကြိုဆိုရလား"

" ခွေးငတ်တွေ…ဘာလာရှုတ်တာလဲ "

" ဒီနေ့ တနလာင်္နေ့လေ……ဈေးပိတ်တော့ ငါကပျင်းပျင်းရှိတာ နဲ့ ဒီကောင်ဆီဖုန်းဆက်လိုက်တယ်၊ ဒီကောင်ကလဲဒီနေ့အားနေတာနဲ့ ရှင့်ဆီထွက်လာတာ "

" အေး ……. ရှင်တို့အားပေမဲ့ကျုပ်က မအားဘူး တော့ "

" ရတယ် ….. ရှင်အားစရာမလိုဘူး ….. ရှင်အားမှာကိုလဲမလို လားဘူး …..ကျုပ်တို့ကရှင့်ကုမ္ပဏီကို လိုက်မှာ "

" ဟဲ့ …. ဘာကိစ္စ "

" ပုလဲ ……. ပဲလု ကအစွံထုတ်မလို့တဲ့ ဝန်းချို ရေ"

" စွမယ် မထင်ပေါင် "

" ဘာကြောင့် "

" နံမည်က ပ …. လဲ …… တဲ့စဉ်းစားကြည့်စမ်း ….





တကယ်လို့ သူ့ရည်းစားကသူ့ကိုနံမည်တစ်လုံးထဲ ခေါ်ချင်ရင် " ပု " လို့ခေါ်ရင်လဲမကောင်း " လဲ " လို့ခေါ်ရင်လဲမကောင်း "

" သတ္တဝါစုတ် "

ပုလဲ ကကိုယ့်ဗိုက်ကို လက်သီးနဲ့မနာအောင်လှမ်းထိုး၏။ တကယ်တော့ကိုယ်တို့ အုပ်စုဟာတွေ့တိုင်း ထင်ရာမြင်ရာတွေလျှောက်ပြောကာ ပျော်ပျော် နေတတ်ကာ ကျောင်းထဲကပင် ၊ ကျောင်းပြီးလို့အလုပ်ကိုယ်စီလုပ်ရတော့ ဒီလိုဆုံဖြစ်သောနေ့ တွေမှာပျော်ရတာမို့ တစ်ပတ်တစ်ခါ လောက်တော့တမင်ချိန်းပြီးတော့ကိုဆုံကာ Relax လုပ်ရ လေသည်။

" အလားကားပြောတာပါဟာ …. ဒီကောင်ဝါနဲ့ …. ဗုန္ဓရှင်တို့ ကုမ္ပဏီကိုနောက်ဆုံးရောက်လာတဲ့ ပိန်ဆေးကို စိတ်ဝင်စားလို့တဲ့"

" ရှင်ပိန်ဆေးဘယ်လောက်စားစား ၊ အစားပုပ်နေသရွေ့တော့မပိန်နိုင်ဘူးမိန်းမရေ …. အဲဒါတော့မြဲမြဲမှတ်ထား "

ကိုယ်တို့သုံးယောက် ဟောင်ဖွာ ဟောင်ဖွာ ဖြင့်အပြင်ထွက်လာစဲ ဧည့်ခန်းထဲအရောက်မှာ ကိုယ့် Cell Phone က မြည်လာ ခဲ့၏။

" ဟဲလို …. "

" သမီးလေး …. ဟန်နီ "

" ရက်(စ်) ဒက်ဒီ ၊ ဒက်ဒီနေကောင်းတယ်နော် "

" ကောင်းတယ်သမီး ၊ ဒက်ဒီနေကောင်းတယ် …. သမီးရော …. "



www.burmeseclassic.com

www.burmeseclassic.com



" သမီးလဲနေကောင်းတယ် ဒက်ဒီရဲ့၊ ဝတောင်လာတယ် "

အလုပ်ကိစ္စဖြင့် စင်ကာပူ ရောက်နေသောဒက်ဒီနဲ့ ကိုယ်ဖုန်းပြောနေဆဲတွင် ပုလဲနှင့်ဝါနု ညှော်ခန်းဆက်တီပေါ်ရှိ ဓါတ်ပုံအယ်လ်ဘမ်ကိုကြည့်နေ ကြ၏။

" Good ကောင်းတယ်သမီး ၊ ဒက်ဒီဝမ်းသာတယ်၊ သမီးဒက်ဒီပြောတာနားထောင်စမ်း ၊ အခုသမီးဘယ်မှာလဲ၊ ကုမ္ပဏီကိုရောက်နေပြီလား "

" မရောက်သေးဘူးဒက်ဒီ၊ အခုပဲသွားတော့မလို့ပါ "

" အေးဟုတ်ပြီ၊ ဒါဆိုရင်သမီးကုမ္ပဏီကို ကိုးနာရီခွဲ ထက်နောက်မကျအောင်သွားပါ၊ ကိုးနာရီခွဲမှာသမီးကိုလူတစ်ယောက်လာတွေ့လိမ့်မယ် ၊ သူ့ကိုသမီး Test လုပ်ရမယ် "

" ရှင် ..... "

" ဟော့ .... သမီးဟာဒက်ဒီတို့ကုမ္ပဏီရဲ့ မန်နေးဂျင်းဒါရိုက်တာဆိုတာ မမေ့နဲ့လေကွာ ၊ နေရာတကာဒက်ဒီက Guide မလုပ်နိုင်ဘူးဟန်နီရဲ့ "

" ဒါပေမယ့် .... ဒက်ဒီ "

" တော်ပြီဟန်နီ .... ဒက်ဒီမှာအချိန်သိပ်မရှိဘူး ၊ ဒက်ဒီပြန်လာရင်အဲ့ဒီကိစ္စသမီးရွေးခြယ်ပြီးဖြစ်နေရမယ် .... အိုကေ .... Go ahead ဟန်နီ "

ဒက်ဒီက ဖုန်းချလိုက်ဆဲ ကိုယ်ဟာ စိတ်ပျက်လက်ပျက်နှင့် ဖုန်းကိုပိတ်ကာ ဒီဘက် လှည့်လိုက်တော့ ပုလဲနဲ့ဝါနုဟာ ဓါတ်ပုံတစ်ပုံကို အလုအယက်ကြည့်နေတာတွေ့ရ၏။





" ဟဲ့.... ဘာပုံမို့ဒီလောက်လုကြည့်နေကြတာလဲ "

" ဝန်းချို .... လာကြည့်စမ်း .... ဒါဘယ်သူလဲ .... ရှင်သိလား "

" နေစမ်းပါဟာ .... ဒီမှာဒက်ဒီကကျုပ်ကို လူတွေ့စစ်ခိုင်းနေလို့ ခေါင်းစားရတဲ့အထဲ "

" ဘာဖြစ်လို့လဲဟဲ့ .... ဘာခိုင်းလို့လဲဒက်ဒီက "

ကိုယ်က ဒက်ဒီပြောသမျှကိုပြောပြလိုက်၏။

" ဟော့ .... ကျုပ်တို့တွေကျောင်းတုံးကလို တစ်ခုကစားရရင်မကောင်းဘူးလား ဝန်းချိုပြောတာနားထောင်ပြီး ကျုပ်အကြံတစ်ခုရတယ် "

" လုပ်ပြီ .... ရောဂါကထပြီ "

" ဘာဖြစ်လဲကွာ ဝန်းချိုကလဲ .... အပျော်ပေါ့ "

" ဟုတ်တယ်ကွာ၊ တမင် ဖန်တီး ယူရတာမှမဟုတ်တာ .... ခုဟာက ကိုယ့်ရှေ့ရောက်လာတဲ့ကစားနည်း"

" ဘာတွေလဲ .... ရှင်တို့ဘာတွေပြောနေကြတာလဲ "

" အဲဒါပြောမယ် .... ဒီဓါတ်ပုံကို သေသေချာချာအရင်ကြည့် .... "

သူတို့ပေးသောဓါတ်ပုံကို ကိုယ်ကြည့်လိုက်၏။

" အင်း .... ကြည့်ပြီး .... ကြည့်တော့ဘာဖြစ်လဲ "

" သူ့ကိုရှင်သိလား "

" မသိဘူး "

" လုံးဝမမြင်ဖူး ဘူးနော် "



www.burmeseclassic.com

www.burmeseclassic.com



" အော် .... မမြင်ဖူးကါဘူးဆိုနေ .... ရှင်တို့က ဒီပုံကို ဘယ်ကရတာလဲ "

" အဟီး .... ဒီအယ်လ်ဘမ် ထဲကတွေ့တာ "

" အော် .... အဲဒါ ဒက်ဒီသူ့မိတ်ဆွေတွေ ပုံတွေ ထည့်တဲ့အယ်လ်ဘမ်ပဲ "

"ထပ်ကြည့်စမ်း .... ပါဝန်းချို အပျံစားလေးနော်။ "

" အဲဒါ ငါကဘာလုပ်ရမှာလဲဟ "

" ပြောမယ်လေ .... အခုရှင်သွား တွေ့ရမဲ့သူဟာ သူဖြစ်ရမယ်လို့ ကျုပ်တို့နှစ်ယောက်ကလောင်းမယ် "

" ဟဲ့ .... ကျုပ်ကသွားတွေ့ရမှာမဟုတ်ဘူး .... သူကလာတွေ့ရမှာ "

" အေးပါ .... ဟုတ်ပါတယ် .... ကျုပ်ပြောတာက အခုရှင်အိမ်က ထွက်သွားပြီး၊ ကုမ္ပဏီမှာ သွားစောင့်ရမှာကို ပြောတာ "

" အင်း .... ဟုတ်ပြီ၊ တကယ်လို့ကျုပ်တွေ့ရတဲ့ သူကသူဖြစ်နေရင် .... "

" ပြီးပြီလေ .... အဲဒါကိုလောင်းမှာ "

" ကျုပ်ကတော့မထင်ပေါင် "

" အေး .... မထင်နဲ့လေ .... ရှင်ကမထင်ဘူး .... ကျုပ်တို့ကထင်တယ်၊ ဒါကိုလောင်းမှာ "

" ရှင်တို့ရှုံးလိမ့်မယ်နော် "

" ရတယ် .... ရှုံးပါစေ "

" လောင်းကြေးက "

" ရမ်းကန်မှာ အဝကျွေးကြေး "





" အိုကေ .... စိမ့်လိုက် .... ဟား .... ဟား ၊ စားရ ချည်သေးရဲ့ အဲ့ဒီအယ်လ်ဘမ်က ဒက်ဒီမိတ်ဆွေတွေရဲ့ပုံ တွေထည့်တာ ၊ ကျုပ်အထင်တော့ ဒီဓါတ်ပုံထဲကလူဟာ အသက်ငယ်ပေမဲ့ ဒက်ဒီရဲ့မိတ်ဆွေ တစ်ယောက်ပဲဖြစ်လိမ့် မယ် "

ထို့နောက်ကိုယ်တို့သုံးယောက် ကုမ္ပဏီကို ရောက် လာကြပါသည်။

ကိုယ့်အခန်းဝမှ မီးနီလေးဖျတ်ခနဲလင်းလျက် " ဘီ " ခနဲ အသံမြည်လာသည်။

" ဝင်ခဲ့ပါ "

ထို့နောက်မှန်တံခါးမှ ဝင်လာသော လူတစ်ယောက် ကို ကိုယ်သေသေချာချာ စိုက်ကြည့်မိတာဟာ ကိုယ့်ရဲ့ လောင်းကြေးကြောင့်လို့ဝန်ခံပါသည်။ သူသည်မှန်တံခါးကို နောက်ပြန်ပိတ်လိုက်ပြီး ကိုယ့်ထံစူးခနဲ တစ်ချက်လှမ်းကြည့် လိုက်စဉ်မှာတော့ .... သွားပြီ လို့ကိုယ့်စိတ်ကရေရွတ်လိုက် မိ။ သို့သော် သူငယ်ချင်းတွေနှင့်လောင်းထားသောကိစ္စ ရှုံး သွားမှုကို ကျေနပ်နေတာကိုတော့ အံ့သြစွာခံစားမိသည်။

ကြည့်စမ်းပါအုံး ....

ဘယ်လောက်တောင် Handsome ဖြစ်တဲ့ယောကျ်ား တစ်ယောက်ပါလဲလို့ .... အလွန်ကြည့်ကောင်းသော ယောကျ်ားတော်တော်များများကို တွေ့ဖူးသော်လည်း သူ့ရဲ့ ထူးခြားချက်နှစ်ခုမှာ စိတ်ပုံထဲတွင် မပေါ်သောအရုပ်မြင်ရ မှုနှင့် မျက်လုံးများ၏စိမ်းလက်မှုပင် .... ပြီးတော့ဓါတ်ဟာ ဓါတ်ပုံထဲမှာ အနည်းငယ်မပီသ ဖြစ်နေသလောက် အပြင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာကျတော့ အရပ်မြင့်ပြီး၊ ခပ်စင်းစင်းချွန်မြတယ်ရှင့် .... ယောကျာ်းဖြစ်ပြီး နှုတ်ခမ်းလေးတွေရဲ့ဖို နေတာလဲ ဆုတောင်းကောင်းပါပေရဲ့ "

သူသည် ကိုယ့်ထံသို့ မိမိကိုယ်မိမိ အလွန်ယုံကြည်စိတ်ချသော ခြေလှမ်းမျိုးဖြင့် လှမ်းလာဆဲ ကံကောင်းထောက်မစွာပင် ကိုယ့်အကဲခတ်မှုအဆုံး သူလဲကိုယ့်ရှေ့အရောက်ပင် ....

" ထိုင်ပါ "

ကိုယ်ကလက်ကို ဇေ့ယမ်းလျှက်ပြောတော့ သူကကုလားထိုင်ကိုဆွဲယူထိုင်ပုံမှာ တောင့်မတ်မတ် နိုင်လှပါသည်။

" ကျွန်မ မျက်ဝန်းချိုပါ .... "

" ကျွန်တော်က မင်းသီခပါ "

ဒီတော့မှ ကိုယ်ကကွန်ပြူတာထဲမှ သူ့ရဲ့ Personal File ကိုရှာရသည်။

" ဒက်ဒီကရှင်နဲ့တွေ့ဖို့ ဒီမနက်မှကျွန်မကို တာဝန်ပေးတာ "

" ဟုတ်ကဲ့ "

" အင်း .... E မေဂျာနဲ့ ဘွဲ့ရခဲ့တယ်နော် "

" ဟုတ်ပါတယ် "

" နောက်တစ်ခုက M.B.A ဟုတ်လား "

" ဟုတ်ပါတယ် "

" Master of Business Administration စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ " ပေါ့၊ အဲဒီဘွဲ့ကို တော့ ကျွန်မစိတ်ဝင်စားတယ်ရှင် "





" ကျွန်တော်ကလဲ ဝါသနာပါလို့ဒီဘွဲ့ကိုယူခဲ့တာပါ၊ နောက်ပြီး လူတစ်ယောက်ဟာ ဘာဘွဲ့ပဲရထားထား M.B.A နဲ့ relate လုပ်လို့ ရမယ်ထင်ပါတယ်၊ Trade နဲ့ပတ်သက်တဲ့ ဗဟုသုတဟာ စာအုပ်ဖတ်ယုံနဲ့ မရနိုင်ပါဘူး၊ တကယ့်နိုင်ငံခြားသား Businessman တွေနဲ့ စကားပြောတဲ့အခါဒီအတိုင်း နေမယ်ဆိုရင် ထိုင်နားထောင်တဲ့အဆင့်ပဲရှိမယ်၊ သူတို့နဲ့ဆွေးနွေးတဲ့အခါ ဒီလိုတမင်ဘွဲ့ထပ်ယူတာမဟုတ်ပဲ ကိုယ့်ဘာသာစာအုပ်နဲ့ Learn လုပ်ထားရုံနဲ့ သူတို့ရဲ့ Topic ကိုမမှီနိုင်ဘူး၊ တကယ်စီးပွားရေး ပညာရှင်တစ်ယောက်ဖြစ်ဖို့အတွက် Business Background Education ရှိကိုရှိရမယ်၊ ဒါကြောင့်ကျွန်တော် M.B.A တက်ခဲ့တယ် "

" ဟုတ်ကဲ့၊ ဈေးကွက်စီးပွားရေးမှာ အရေးအကြီးဆုံးဟာဘာလလို့ထင်ပါသလဲ "

" Market Information ပေါ့ "

" ကောင်းပြီ ၊ ဒါဆိုရင်ကျွန်မတို့ကုမ္ပဏီအတွက် အရေးကြီးတဲ့ Market Information ရအောင် ရှင်ဘယ်လိုလုပ်ပေးနိုင်မလဲ "

" Trade Promotion အတွက်လက်လှမ်းရှိသမျှနိုင်ငံတွေမှာ ရုံးခွဲတွေဖွင့်တာဟာ အထိရောက်ဆုံးပဲဗျ "

" အိုကေ .... ကျွန်မတို့ ဘာသာစကားဘက်လှည့်ရအောင် "

သူခေါင်းတစ်ချက်ငြိမ့်သော်လည်း မပြုံးပြပါ ....

" ပြင်သစ်လို ကိုယ့်ကိုယ်ကိုမိတ်ဆက်နိုင်မလား "



www.burmeseclassic.com

www.burmeseclassic.com



" ယမဝဲလ် မင်းသီခ (Je m' appelle ) "

ကျွန်တော် နံမည်မင်းသီခ ဖြစ်ပါတယ်။

" ယစွး (စ်) မြန်မာ (Je suis Myanmar ) "

ကျွန်တော် မြန်မာလူမျိုးဖြစ်ပါတယ်

" ယဘ (ထ်) အာရန်ကုန် (J' habite a' Yangon) "

ကျွန်တော် ရန်ကုန်မှာနေ ပါတယ်။

" ယစွး (စ်) မာစ်ကဲလ်လန် (Je suis mascalin) "

ကျွန်တော့်မှာအိမ်ထောင်မရှိပါ ။

ကိုယ်ပြုံးရယ်လျက် လက်ကာပြစ်တာတောင် သူကမူ ပြုံးဖော်မရချေ။

" ဒ အာကော့(ဒ်) (D' accord ) "

အိုကေ ....

ကိုယ်က ပြင်သစ်လိုပြန်ပြောဆဲ သူသည်အံ့ဩပုံ တော့မရပဲ စကားပြောဖော် တစ်ယောက်ရလို့ ဝမ်းသာသွားပုံမျိုးနဲ့ ခေါင်းတစ်ချက်ဆတ်ပြသေး၏။

" ကျွန်မ ပြင်သစ်စကားကို ဝါသနာပါပေမယ့် ရှင့်လောက် အသံထွက်မကောင်းဘူးထင်တယ်နော် "

" ကောင်းပါတယ် "

" ဟင် .... အားနာပါးနာ လေသံလေးနဲ့ပါလား "

" မိခင်ဘာသာစကားမဟုတ်တဲ့အတွက် အတိအကျတော့ဘယ်လိုမှမရနိုင်ဘူးလေ "

ကိုယ်ရက်တတ်တတ်ရယ်မောပြီး ပုခုံးတွန့်လိုက်မိပါသည်။





" ဒီလောက်ဆိုရပါပြီ ကိုမင်းသီခ၊ ကျွန်မ ရှင့်အရည်အချင်းတွေအားလုံးကို သဘောကျပါတယ်၊ နောက်နှစ်ရက်အတွင်းမှာထပ်ဆက်သွယ်ပါ့မယ် "

သူကမတ်တပ်ထရပ်ကာ ခေါင်းတစ်ချက်ညွတ်လျက် ထွက်သွားဆဲ ကိုယ့်ရင်ထဲမှာတော့ ဘာမှန်းမသိသောဝေဒနာ တစ်ခုကျန်ရစ်ငြိတွယ်ခဲ့လေပြီ။ ဒါပေမယ့် သူ့ကိုကိုယ့်ကုမ္ပဏီအတွက်သဘောကျတာကတော့မဆိုင်ဘူးနော်၊ သူဟာ အရည်အချင်းပိုင်းမှာလဲ တော်တော်ပြည့်ပုံပါပဲ .... အရည်အချင်းပိုင်းမှာတော့ ဒက်ဒီကိုလဲကိုယ်ညာလို့မရပါဘူး .... ကိုယ့်မှာတောင်ဘယ်လောက်တောင် သနားဖို့ကောင်းသလဲ ဆိုလျှင် အဖေ့ကုမ္ပဏီမှာ ဝင်လုပ်တာတောင် သမီးရယ်လို့ မျက်နှာသာမပေးသည့်အပြင် Train လုပ်လွန်းလို့ခုထိ စာတွေကျက်ရတုံးပင်၊ ခုလဲ " မင်းသီခ " ကို ကိုယ်ကရွေးလိုက်တယ်ဆုရင်တောင် ဒက်ဒီကထပ်စစ်အုံးမှာ .... ပြီးတော့ သူ့တစ်ယောက်ထဲကိုတွေ့ဖို့ ရွေးထားပြီးသားဆိုကထဲက ဒက်ဒီဟာ အပိုအလို မရှိအောင်စစ်ဆေးပြီးသားဖြစ်မှာပါ ....

ထိုစဉ်မှာပုလဲနဲ့ဝါနုကိုယ့်အခန်းထဲဝင်လာရာ ကိုယ်ကပုခုံးတွန့်ပြီးလက်ဖဝါးနှစ်ဖက်ကိုဟန်ပါပါတွန့်ပြလိုက်၏။ ပြီးတော့ သူတို့တွေဝမ်းသာအားရ ဟစ်ကြွေးမှုမပြုမီ အရှိန်တန့်သွားအောင် လက်ကာပြရင်း ....

" အိုကေ .... ငါရှုံးတယ်၊ ဒီညနေ ရှမ်းကန်မှာ အကျွေးမယ် .... ရှင်တို့ဒီကိစ္စ ဒီမှာဖြတ် .... ရှေ့ဆက်ရစ်ခွင့် မရှိတော့ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" Why ဘာကြောင့် " " ဟုတ်ပတော် ....ဖြစ်ပုံက "

" ဘာကြောင့်ဆိုတာ ကျုပ်ကိုယ်တိုင်သိတဲ့နေ့ကျရှင်တို့လဲသိရမှာပေါ့ "

" အိုကေ "

ပြီးတော့ကိုယ်ကလျှို့ဝှက်စွာပြုံးနေ လိုက်သည်။

*****************





အခန်း (၂)

" မင်းသီခကို သမီးရွေးလိုက်ပြီ ဒက်ဒီ "

သားအဖ နှစ်ယောက်၏ ထမင်းဝိုင်းတွင် ကိုယ်က ပြောဆဲ ဒက်ဒီက တဟားဟားအော်ရယ်လိုက်ရာ ကိုယ်တော်တော်ကြောင်သွား၏။

" ဘာရယ်တာလဲလို့ ဒက်ဒီကလဲ၊ သမီးဘာမှားလို့လဲ "

" ဒါကြောင့်ဟန်နီကိုဒက်ဒီပြောတာပေါ့၊ ဟန်နီဟာ အများကြီးလိုပါသေးတယ်ဆိုတာ "

" ဘာလိုလို့လဲလို့၊ ဒက်ဒီပဲသူ့ကို Test လုပ်နိုင်းတာလေ "

" အေးပေါ့၊ ဒက်ဒီက Test လုပ်ဆိုတာနဲ့ လုပ်လိုက်တာပဲပေါ့ဟုတ်လား "

" အင်းလေ "

" ဒါကြောင့်ကိုခကပြောတာ၊ အန်ကယ်လ်သမီးက အဟာန့်တော့တော်တော်ကောင်းပါတယ်တဲ့ "

" ဟင် "

" လူတစ်ယောက်ကိုအကဲခတ်ရာမှာ ဟန်နီသိတ်ညံ့သေးတယ်၊ ကိုခကဒက်ဒီတို့ကုမ္ပဏီမှာ အလုပ်လာလျှောက်တာမဟုတ်ဘူးသမီးရဲ့၊ သူကရှယ်ယာဝင်တစ်ယောက်၊ ဒက်



www.burmeseclassic.com

ဒီတို့နဲ့ရှယ်ယာ Level ပဲ၊ ခုမှလုပ်ငန်းကိုပါဦးစီးချင်လို့ဝင်လာတာ "

" ဟောတော့ .... "

ကိုယ်သည် အံ့ဩလှစွာ ရေရွတ်လိုက်ပြီးမှ အဖြစ်အပျက်တွေကို တွေးမိပြီး တစိမ့်စိမ့်ရှက်လာပြီးလျှင် ....

" ကိုခဆိုတာ မင်းသီခကိုပြောတာလား၊ ဟုတ်လား ဒက်ဒီ "

" ဟုတ်ပဗျာ "

" ဟာ .... ဒက်ဒီမကောင်းဘူး၊ သမီးကိုဘာမှကြို မပြောဘူး၊ ဟိုတစ်ယောက်လဲဘာမှမပြောပဲ သမီးမေးတာတွေကိုမှိန်းဖြေနေတယ် "

ဒက်ဒီကအော်ရယ်ပြန်သည်။

" ဒက်ဒီနော်၊ မရယ်နဲ့လို့ဆို "

ကိုယ်ဟာ ဘယ်လောက် အသုံးမကျသလဲဆိုလျှင် ဒက်ဒီက တကယ် လူရွေးခိုင်းတယ်ထင်ပြီး လုပ်ငန်းအကြောင်းတွေလျှောက်မေးကာ ဆရာလုပ်သေးတာသူက အဲ့ဒီတုံးကလဲ မှိန်းနေခဲ့တယ်တော့ .... "

" ဟာကွာဒက်ဒီရာ၊ သမီးရှက်တယ်ကွာ "

" မရှက်ပါနဲ့သမီးရဲ့၊ ကိုခကလဲဗွေမယူရှာဘူး၊ ဘာဖြစ်လဲ၊ မသိလို့မှားတာပဲဟာ "

" ဒက်ဒီကဘာလို့ကြိုမပြောတာလဲ "

" ပြောပြီးပြီလေ၊ သမီးဘယ်လောက်လူကဲခတ်တတ်သလဲစမ်းတာပါဆို "

" ဒါဆိုသူကကျတော့ရော "





" သူကတော့ဒက်ဒီမပြောနဲ့ဆိုလို့မပြောတာပါကွာ "

" ဟင်း .... စိတ်ညစ်လိုက်တာ၊ နောက်နေ့ကျဘယ်လိုမျက်နှာချင်းဆိုင်ရမယ်တောင် မသိတော့ဘူး "

ကိုယ်ကစူပွပွနဲ့ ညည်းညူမဆုံးရှိလျှင် ဒက်ဒီကကိုယ်ကိုသနားလေဟန် တစိမ့်စိမ့်ကြည့်ကာ သနားသဖြင့်ဆက်ပြောသည်မှာ ....

" အဲဒီလိုဘာမဟုတ်တာရှက်တာလဲ မလို အပ်ဘူးနော်ဟန်နီ၊ ဒက်ဒီကြိုပြောထားမယ်၊ နောက်ပိုင်းမှာ ဟန်နီမသိတာတွေကို ကိုခ ဆီကသင်ရမယ်၊ ငြင်းမယ်မကြံနဲ့ ဒက်ဒီမရှိရင်သမီးတစ်ယောက်ထဲ ကျန်ခဲ့မှာ .... သမီးဒီပုံအတိုင်းဆို ဒက်ဒီသေရင် တောင်တမလွန်ကစိတ်ပူနေရမှာ တဲ့လေ "

ကိုယ့်မှာဒီတော့လဲ ပြန်မပြောရဲပဲ နာခံရသား ပင်၊ ဒက်ဒီဟာမိတဆိုးလေးရယ်လို့ ကိုယ့်ကိုအချစ် ကြီးသလောက် တင်းကျပ်သင့်တဲ့နေရာမှာလဲ စိတ် မာမာနှင့်တင်းကျပ်တတ်သူမို့စိတ်ထဲကနဲ့နဲ့လဲကြောက်သွားတအမှန် ....

" အင်းပါဒက်ဒီရယ် .... ဟန်နီကြိုးစားပါ့ မယ်၊ ဒက်ဒီကသေစကားတွေမပြောပါနဲ့နော် "

" အော် .... လူဆိုတာကိုယ်သေမဲ့နေ့ကိုယ် ကြိုမှ မသိနိုင်တာသမီးရယ်၊ ဒက်ဒီကသမီးကိုချစ်လွန်းလို့ပါ "

ဖြစ်ချင်တော့ဒက်ဒီစင်ကာပူမှပြန်ရောက်ပြီး နော တစ်နေ့တွင် သူသည်အိမ်ကိုဖြုန်းစားကြီး ရောက်လာ သေး ၏။ ကံကောင်းသည်မှာ ကိုယ်ကအဲဒီ အချိန် ခြံထဲက

www.burmeseclassic.com



ဒန်းပေါ်မှာ ထိုင်ပြီးစာဖတ်နေ လို့ပင် .... ဒါနှင့် ကားပေါ်က သူ ဆင်းလာတာလဲ မြင်ရောမျက်နှာပေါ် စာအုပ်မှောက်ကာ အိပ်ပျော်ချင်ယောင်ဆောင်နေရသည်။ ပြီးတော့ သူပြန်ထွက် လာတာမြင်တော့ ခြံဝအုတ်ခုံနား မယောင်မလည်သွားရပ် နေလိုက်၏။

သူက ကားကို အရှိန်သိပ်မပြင်းပဲ မောင်းလာဆဲ ကိုယ်က တားလိုက်သည်။ ပြီးတော့ ကားတံခါးဘေး ကိုသွားကာ ငုံ့ကိုင်း၍ကြည့်ဆဲ အံ့ဩဖို့ကောင်းစွာ သူက ကိုယ့်ကိုမကြည့်ဘဲ စတီယာရင်ကိုသာစိုက်ကြည့် နေ၏။ မှန်တော့ချထားသားပင် ....

"ရှင်ဟာကျွန်မထက်ပိုပြီးကျွမ်းကျင်တဲ့ လုပ်ငန်းရှင် တစ်ယောက်အနေနဲ့ ကျွန်မရဲ့မေးခွန်းတွေကိုစိတ်ထဲကကြိတ် ပြီးတော်တော်ရယ်ချင်မှာပဲနော်ကို မင်းသီခ"

" ခင်ဗျားကျွန်တော့်ကားကိုတားတာအဲဒီကိစ္စ ပြောဖို့လား"

သူကမော့မကြည့်ဘဲဖြေသည်။

" ဟုတ်တယ်၊ ဒက်ဒီကိုပြန်မပြောရဲလို့ရှင့် ကိုပြောတာ"

- "ဒီမှာ ...."

"ကျွန်တော်နားထောင်နေပါတယ်"

" ကျွတ် .... ရှင်နားထောင်ရုံနဲ့မပြီးဘူးလေ၊ ရှင်ကျွန်မကိုတစ်ခုခုပြန်ပြောရမှာရှင့်"

သူကိုယ့်ကို မျက်လွှာလှန်၍ပင့်မော့ကြည့် လိုက်ဆဲ ခဏ ကိုယ့်ရင်ထဲမှ တစ်ခုခုဟာ သူ့ဆီပါသွားတယ်ထင်ရ





လေသည်။ ဟင့်အင်း .... ဘယ်ယောကျ်ားနဲ့မှကိုယ့်စိတ် ဒီလောက် မတိမ်းညွတ်ခဲ့ဘူးပါဘူး၊ ကိုယ့်ရင်ထဲမှာ တ သိမ့်သိမ့်လှိုက်လှဲ့တုန်ယင် လာဆဲသူကပြောသည်မှာ ...."

" ကောင်းပြီ၊ ကျွန်တော် စိတ်ထဲမှာရှိတာကို ပြောရမလား"

"အင်းပြော"

"အကောင်းဆုံးကတော့ အဲဒီအဖြစ်အပျက် ကို ခင် ဗျားမေ့လိုက်ပါ"

"ဘာရှင့်"

" ခင်ဗျားအတွက်ရောကျွန်တော့်အတွက်ရော ဘယ် သူ့အတွက်မှအကျိုးမရှိတဲ့အဲဒီအဖြစ်အပျက်ကို ခင်ဗျားမေ့ လိုက်ပါလို့ပြောနေတာ၊ ခင်ဗျားမှာအချိန်တွေ သိပ်ပေါမ နေဘူးဆိုရင်ပေါ့"

ပြောပြီးသူက ကားကိုလျှောခနဲမောင်းထွက် သွားဆဲ သူ့ကားတော်တော်ဝေးဝေး ရောက်သွားမှပင် ကိုယ်ကမချင့် မရဲနဲ့ ဖောက် တစ်ချက် ခေါက်လိုက်မိသည်။ ဆောင်ဆောင်မာကျောတဲ့ သတ္တဝါလေး။ ပြီးတော့ ကိုယ့်ရှေ့က ကျောက်ခဲသေးသေးလေးကို တအားကန် ပစ်လိုက်၏။

ဤကိစ္စတွေဖြစ်ပျက်အပြီး ကိုယ်တို့သူငယ် ချင်းတွေ ဆုံသည့်နေရာမှာ ပုလဲတို့အိမ်တွင်ဖြစ်သည်။ ပုလဲ၏အခန်း ထဲတွင်ကိုယ်ကထိုအကြောင်းကို ပြောပြရာသူတို့ကအံ့ဩ တ ကြီးရယ်မောဆဲကိုယ့်ရဲ့ရှေ့လေဟာပြင်မှာသူ့မျက်နှာကိုမြင် နေရသလိုတစိမ့်စိမ့်စိုက် ကြည့်ရင်းပြောသည်မှာ ....



www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမယ့် .... အဲဒီလိုသူနဲ့ဆုံဆည်းခဲ့ရ တာကို တော့ငါဘယ်တော့မှနောင်တမရဘူး၊ သေချာ တယ်ပြန်တွေး တိုင်းရက်ပေမယ့် သူ့ကိုထူးဆန်းစွာဆုံ တွေ့ရတာကိုတော့ ထိပေါက်သင်္ဂြိုဟ်မင်းသာတုံးပဲ၊ သူ့ မျက်နှာကိုစတွေ့လိုက်တဲ့ အချိန်မှာကိုက၊ ငါ့ရင်ထဲမှာ ဖြစ်ပေါ်သွားတဲ့ဆန်းကြယ်မှုက အံ့သြဖို့ကောင်းနေတာ၊ ဘယ်လိုပြောရမလဲဟာ၊ တစုံတစ် ယောက်က လက်တို့သတိပေးခံလိုက်ရသလိုမျိုး၊ အိမ်မက်က လန့်နိုးလာသလိုမျိုး "

" အေးအေး .... ဘယ်လိုပြောရမလဲမသိပေ လို့သာ ပဲနော် "

" မနောက်နဲ့ကွာ၊ ငါအတည်ပြောနေတာ၊ သူနဲ့စ ကားပြောနေရတဲ့အချိန်မှာလေငါဟာပီတိတစ် မျိုးဖြစ်နေပြီး ကျေနပ်ပျော်ရွှင်နေတယ်၊ ပထမတော့သူ ကချောလို့လို့ထင် တယ်၊ ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့အဲဒီခံစားချက်က ရုပ်ရည်နဲ့လဲမဆိုင်ဘူးဟ "

" အေးပါဟယ်၊ ငါ့ခမျာလဲသူ့ကိုအသဲနင့် အောင်ချစ် ပေမယ့်ရှင်ကဝင်မရှုတ်နဲ့ဆိုလို့ မရှုတ်ရရှာပါဘူး "

ဝါနုကကိတ်မုန့်ကိုဝါးရင်းပြော၏။

" မရှုတ်ရရှာလို့ အကွဲတွေသဲပြီးအဲဒီလို အစား အသောက်ပျက်တာလေ "

ပုလဲကဝါနုစားနေပုံကို မေးထိုးပြီးပြောကာ ရယ်ကြ သေး၏။

" ဒါပေမယ့် ဟန်ဆောင်ကောင်းတာကိုတော့ အံ့သြရ မယ်ရှင့်၊ ငါသာဆိုဘယ်လိုမှဟန်ဆောင်နိုင်မှာမဟုတ်ဘူး "





" အေး .... ဟုတ်တယ်နော်၊ ငါဆိုရင်တော့ ရယ်မိမှာ ပဲဆရာ "

" ဒါပေမယ့် ဒါလေးကငါ့အတွက်အမှတ်တရ ဖြစ် သွားတယ်၊ ပြန်တွေးမိတိုင်း ရင်ခုန်ရမယ့် အမှတ်တရ အဖြစ်လေးပေါ့ "

" ဝန်းချိုသမီး၊ သမီးကခြေတစ်လှမ်းကုန္ဒေ တစ်သန်း တန်တဲ့မိန်းကလေးနော်၊ မွေးထားတဲ့မာမီ မျက်နှာကိုတော့ ထုံးမသုတ်ပါနဲ့သမီးရယ် "

" ဟုတ်ပါတယ်သမီးရယ်၊ ဂျောက်ဂျက်တွေ ကွဲကုန် ပါမယ် "

" ဟာ .... ရှင်တို့ကလဲမနောက်ပါနဲ့ဆို "

" ဟဲ့ .... အမြဲနောက်နေကျဟာ ဘာဖြစ်ရ တာလဲ ရှင်က .... "

" ကျုပ်အတည်ပြောနေတာ၊ ရှင်တို့နောက် နေရင် ပြန်တော့မယ် "

ကိုယ်ကမျက်နှာတင်းနှင့်အော်တော့မှဒီ ကောင်တ တွေအကြောလျှော့သည်။

" ဟုတ်တယ်၊ သူတို့ကိုတိုင်ပင်စရာလဲရှိလို့ ဟာ နောက်နေ့တာပဲ "

" အေးအေး၊ မနောက်တော့ဘူး၊ တိုင်ပင်-တိုင်ပင် "

" ငါ့ဘာဆက်လုပ်ရမလဲ "

" ဟေ .... ဘာကိုပြောတာလဲ "

" အဲဒီကိစ္စကြီးအတွက်ကွာ .... သူကမေ့လိုက်လို့ ပြောပေမယ့်၊ ငါကသူ့ကိုမမေ့နိုင်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဟယ် .... မမေ့နိုင်ဘူး "

" မမေ့နိုင်ဘူးဆိုတာထက် သူငါ့ကိုစိတ်ထဲက ကြိတ်အထင်သေးနေတယ်လို့ထင်နေတယ်ကွာ "

" မသေးလောက်ပါဘူးဟယ်၊ ဝန်းချိုကလဲ "

" ဒါပေမယ့် သူကခပ်တည်တည်ပဲကွ၊ အိမ် ကိုလာရင်လဲငါ့ကိုနှုတ်ဆက်ဖော်မရဘူး၊ ကုမ္ပဏီမှာ လဲသာမန်ပဲ "

" ဟဲ .... သူကသာမန်ဆိုကိုယ်ကလဲသာမန် ပေါ့ဟဲ့၊ ဝန်းချိုဒီကိစ္စကတိမ်မရောင်နဲ့နက်တယ် နော်၊ နင်စိတ်ထဲရှိတဲ့အတိုင်းဖွင့်မပေးနဲ့ .... Technic လိုတယ်နော် Technic "

" ငါစဉ်းစားလို့ရပြီကွ "

ပုလဲကထအော်သည်။

" ဖြေးဖြေးပြောလဲဒီစကားပါပဲပုလဲရယ်၊ ကဲ ပြော .... ဘာလဲ "

" အားလုံးကို Amazing ဖြစ်သွားအောင် ရှင်ကုမ္ပဏီကထွက်လိုက်ပါလားဝန်းချို "

ကိုယ်တစ်ချက်စဉ်းစားပြီးခေါင်းကိုခါရမ်း လိုက်၏။

" ဘယ်ဖြစ်မလဲကွာ၊ ဒက်ဒီကဘယ်လက်ခံမ လဲ "

" ရှင့်ခံစားချက်ကိုပြောပြလေကွာ "

" ဒက်ဒီကအဲဒီကုမ္ပဏီကိုရှယ်ရာတဖြေးဖြေး မြှင့်မြှင့်ထည့်နေတာကျုပ်အတွက်ရည်ရွယ်နေတာ၊ ထွက်ဖို့အပြောတောင်ခံမှာမဟုတ်ဘူး "

" ဟုတ်တယ်ပုလဲ၊ အဲဒီလိုလုပ်ဖို့မကောင်း ပါဘူး "





ကိုယ်တို့ ခဏငြိမ်သွားဆဲဝါနကကိုယ့်မျက်ဝန်းတွေထဲ စိုက်ကြည့်ရာ ကိုယ်က မလုံမလဲနဲ့ရယ်မိ သေး၏။ ပျော်ပျော်နေတတ်သော်လည်း တကယ်တမ်း လိုအပ်လာလျှင် အတွေးအခေါ်ရှိရှိနဲ့ ဆုံးဖြတ်ချက်ချ နိုင်သောဝါနကလိုက်မရယ်ပါ။

" ဝန်းချို၊ ငါမေးတာကိုနင်မှန်မှန်ဖြေမလား "

" ဘာမေးမလို့လဲ၊ ရှင်က .... "

" အေးလေ၊ ရှင်ဖြေချင်မှဖြေပေါ့၊ ဒါပေမယ့် ငါကတော့နင့်ရင်ထဲမှာဘယ်လိုရှိသလဲဆိုတာအတိအကျသိချင်တယ်၊ ဒါမှတို့တွေဆုံးဖြတ်ချက်မှန်မှာ "

" အေးပါ၊ ငါဖြေပါ့မယ်၊ မေးပါဟာ "

" မင်းသီခနဲ့ပတ်သက်လို့ရှင်အခုဖြစ်နေတဲ့ ဖီလင်ဟာနံပါတ်တစ် သူအထင်သေးမှာစိုးတဲ့မာန ကြောင့်လား၊ နံပါတ်နှစ် သူကရှင့်ကိုသတိထားစိတ် ဝင်စားစေချင်တာလား "

" နှစ်ခုစလုံးကြောင့်ပဲဝါန "

" ဟုတ်ပြီ၊ ဒါဆိုနံပါတ်သုံးမေးခွန်းကိုမေး မယ်၊ ရှင်သူ့ကိုစိတ်ဝင်စားနေသလားဝန်းချို "

ကိုယ်ဝါနကိုခပ်ငေးငေးလေးကြည့်ပြီးအတန်ကြာတွေဝေးနေမိပါသေးသည်။

" အဲဒါကိုငါကိုယ်ငါခဏခဏမေးမိပါတယ်၊ ဒါပေမယ့်ငါမသိဘူး၊ ငါသိတာကသူ့ရဲ့မျက်ဝန်းနဲ့ ဆုံရတဲ့ခဏ၊ သူနဲ့စကားပြောရတဲ့ခဏမှာ ငါ့ရင်ထဲ မှာလှိုက်လှဲဆွတ်ကြင်မှုတစ်မျိုးကိုခံစားရတယ်၊ ငါ တစ်ခါမှ ဒီခံစားချက်မျိုးမခံစားဖူးဘူး၊ အဲဒါပဲ–အဲဒါ ပါပဲသူငယ်ချင်းတို့ရယ် "



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် ရှက်ခြည်းပင် ဝမ်းနည်းသလို ဖြစ်လာပြီး လက်ဖဝါးပေါ် မျက်နှာ မှောက်ချမိရာ သူငယ်ချင်း နှစ်ယောက်က ကိုယ့်ကိုဖက်ပွေ့၍နှစ်သိမ့်ကြပါသည်။

“ ဝန်းချို၊ ဒါဟာအပြစ်မဟုတ်ဘူးနော်၊ ရှက် စရာလဲ မဟုတ်ဘူး၊ ရှင်ပွင့်လင်းဖို့ပဲလိုတယ်၊သိလား”

*****************





တညနေတွင် ကိုယ်သည် စိတ်ထဲ မလန်းဆန်းသည်နှင့် သူငယ်ချင်းတွေနဲ့ ကော်ဖီဆိုင်တစ်ဆိုင်တွင် ဆုံဆည်းကြရန် ချိန်းလိုက်ပါသည်။ ဒီကြားရက်တွေမှာလဲ အကြောင်းအမျိုးမျိုးပြကာကုမ္ပဏီသို့မသွားချေ။ ဒက်ဒီဟာ နားလည်မှုရှိသူမို့ ကိုယ့်ကိုသိပ်မဆူပေမယ့် တစ်ပတ်ထက် ပို၍ ခွင့်မပေးနိုင်ဟုပြောရာ ကိုယ်ကလဲ ခွင့်တစ်ပတ်ရတာပဲ ကျေးဇူးတင်လှပြီရှင် ..

ကိုယ်ကပုလဲရှိရာဗိုလ်ချုပ်ဈေးသို့ဖုန်းခေါ်လိုက်၏။

“ ဟဲလို .... ”

“ ဟော့ကောင်ပဲလှ၊ ငါလာမလို့၊ ရှင်အားလား ”

“ ဟဲ့ .... ရှင်လာရင်ကျုပ်အားရမှာပေါ့၊ ဘာ ဝယ်မလို့လဲ ”

“ ဟင်အင်း၊ Heart Rock မှာထိုင်ချင်လို့ ”

“ လာခဲ့လေ၊ ဟိုကောင်ဝါနကိုရောခေါ်လိုက်ရမလား ”

“ အေး .... ရှင်ပဲဖုန်းဆက်လိုက်တော့ ”

“ အိုကေလေ ”

“ ဒါပဲ၊ ကျုပ်ရှင့်ဆီဆယ့်ငါးမိနစ်အတွင်းရောက်မယ် ”

“ အိုကေ .... ဒါပဲနော်၊ ဘိုင်”

“ ဘိုင်”

ဖုန်းဆက်ပြီးတော့ရေကိုစိတ်မပါတပါချိုးကာမျက်နှာပြောင်နဲ့ ထွက်လာခဲ့သည်။ နှုတ်ခမ်းနီပင်မဆိုးတော့ချေ။ ကိုယ်ဟာခုတလောဘာများဖြစ်နေပါလိမ့်ကွယ်၊ ပြောင်းဝမှ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည့် ခန်းဆီးလေး လေလွင့်လျှင်ပင် ဝမ်းပန်းတနည်းနဲ့ သိပ်ငိုချင်တာပဲ၊ ပျော်လဲမပျော်ဘူး၊ ဒက်ဒီနဲ့တောင် ချက်(စ်)မ ထိုးဖြစ်တာ ကြာလှပေါ့၊ ဒက်ဒီက VCD တွေလာပေးလျှင် တောင်မကြည့်ဘဲပြန်အပ်ရပေါင်းများပြီ။

" ဟန်နီ .... ဘာဖြစ်နေလဲ .... ဘာပြဿနာရှိလဲ သမီး "

" ခေါင်းတွေသိပ်ကိုက်တာပဲဒက်ဒီ၊ စိတ်ရှုတ်မခံနိုင်သလိုပဲ "

" ဒါဖြင့်လဲဒိုင်ယာဇီပင်လေးတစ်လုံးသောက်သောက်ပြီးအိပ်နေဲသမီး "

" ဟုတ် .... ဒက်ဒီ "

ဒက်ဒီနဲ့ဆိုလဲအဲဒီလိုပဲအမြဲသာနေရပေမယ့်ဒက်ဒီကတော့ရိပ်မိပုံပါပဲ ။

ကိုယ်မိုလ်ဈေးရောက်တော့ဝါနုကမရောက်သေးချေ ။

" ဝန်းရေ၊ ဝါနုကအစည်းအဝေးခန်းဝင်နေလို့တဲ့ခဏစောင့်ပါအုံးတဲ့ "

" အေးလေ၊ စောင့်တာပေါ့ "

" ရှင်ဘာစားမလဲ၊ မှာပေးမယ်လေ၊ငါးဖယ်သုပ်စားမလား "

" ဟင့်အင်း .... "

" ဝန်းရှင်မျက်နှာချောင်သွားပါလား၊နေမကောင်းဘူးလား "

" ငါစိတ်လေသလိုပဲဟာ၊ ဒက်ဒီဆီကလဲခွင့်ယူထားတယ် "





" အေး နေအုံး၊ ဝါနုပါရောက်လာမှ ရှင့်ရောဂါကိုကုမယ် "

ကိုယ်ပုခုံးတွန့်ပြလိုက်၏ ။

" ရော့၊ ချွင်းဂန်းဝါး "

ပုလဲလှမ်းပေးသည့် ချွင်းဂန်းကို ယူကာဝါးနေရင်းပုလဲက ဈေးရောင်းနေစဉ် လူတွေကို ငေးနေလိုက်သည်။ မိုလ်ချုပ်ဈေးဟာ မိန်းမချောလေးတွေ စုတဲ့နေရာဆိုတာဘာကယ်မှန်ပါလား၊ မိန်းကလေးတွေရော၊ ယောကျ်ားလေးတွေရောခေတ်ရဲ့ စတိုင်လေးတွေနဲ့ မြူးမြူးကြွကြွ ရယ်ရယ်မောမောသွားလာနေ ကြတာစိတ်တမျိုးလန်းဆန်းစရာပင် ....

" ဝန်းချို့ ကြာပြီလားစောင့်ရတာ "

" မကြာသေးပါဘူးကွာ "

ဝါနုရောက်လာတော့ သုံးယောက်သား F.M.I ပေါ်သို့တက်လာကြပြီး Heart Rock မှာထိုင်ဖို့ပြင်ဆဲမှာပင်ကိုယ့်ရှေ့မှမြင်လိုက်ရသောမြင်ကွင်းကြောင့်ရင်ထဲတွင်ထိတ်ခနဲဘုန်ရီအေးမြကာငြိမ်သက်သွားပါသည်။

" ဟယ်တော့ .... ဝန်းချို "

" အေး .... ငါမြင်တယ် "

" တိုက်ဆိုင်လိုက်တာနော် "

ဟိုးဘက် အစွန်ဆုံး စားပွဲပေါ်တွင် တစ်ယောက်တည်းထိုင်နေသော သူ့ကို ကိုယ်ဘေးစောင်းအနေအထားနဲ့မြင်လိုက်ရခြင်းဖြစ်ပါသည်။ သူကကိုယ်တို့ကိုမမြင်ပါ ....ကိုယ်သည် သူ့ကို မြင်ရသောနေရာတွင် ငြေးငေးကြာထိုင်လိုက်၏။ တစ်ယောက်တည်းထိုင်ကာ အဝေးကို



www.burmeseclassic.com

www.burmeseclassic.com



ပေးနေသော သူ့ပုံစံလေး ကို ကြည့်ကာ ကိုယ့်ရင်ထဲတွင် တသိမ့်သိမ့်ခါသွားပါသည်။

" သူ့ပုံစံကြည့်ရတာ Stress တစ်ခုခုရှိသလိုပဲ နော်ဝန်း "

"အင်း .... "

" တကယ့်ကိုပန်းချီကားလေးတစ်ချပ်လိုပဲ၊ ငြိမ်သက်နေလိုက်တာများ "

ဝါနုကပြောလိုက်ဆဲကိုယ်သည်တစ်စုံတစ်ခုကိုဆတ်ခနဲသတိရကာ ....

" ဝါနု ....ရှင့်မှာစာရွက်နဲ့ဘောလ်ပင်န်ပါလား "

" စာရွက်တော့မပါဘူး၊ စာအုပ်ပါတယ်၊ ရှင်လိုချင်ရင်ဖြဲလိုက်လေ "

" အေး .... ပေး "

" ဝန်း၊ ကျုပ်တို့သူ့ကိုသွားခေါ်ရအောင် "

" မခေါ်နဲ့ "

ကိုယ်ကအလန့်တကြားဟန့်တားလိုက်သည်။

" ငါသူ့ပုံကိုမှင်ခြစ်မလို့ "

ကိုယ်ဟာ အပျော်တမ်း ပန်းချီဝါသနာရှင် တစ်ယောက် ဆိုတာ သူမသိသေးဘူးနော်၊ ထို့နောက် ကိုယ်က သူ့ကို နစ်နဲ့စွာ ကြည့်လျက် စာရွက်ပေါ်မှာ ဘောလ်ပင်ဖြင့်မှင်ခြစ်ရေးဆွဲလိုက်ပါသည်။ ခဏအကြာတွင် ဘောလ်ပင်အနက်နှင့်ရေးခြစ်ထားသောသူ့ရဲ့ကောက်ကြောင်းက ပီပြင်စွာ ပုံပေါ်လာခဲ့သည်။

" အေး .... ကောင်းတယ်ဟဲ့ "





သူငယ်ချင်းတွေကတော့ကျောင်းမှာထဲကကိုယ်ဇီလင်းလာတဲ့အရာတွေကို ဒီလိုကောက်ကြောင်းဆွဲတာမြင်ဘူးပြီးမို့ သိပ်မထူးဆန်းတော့ချေ။ ကိုယ်သည်ပုံလေးကိုစားပွဲပေါ်တင်ကာတစိမ့်စိမ့်ကြည့်လျက် ပတ်ဝန်းကျင်ကိုခဏမေ့သွားဆဲ ဖြုန်းခနဲသတိရလို့မော့ကြည့်လိုက်တော့သူကကိုယ့်ရှေ့ရောက်နေလေပြီ ။

" ကော်ဖီလာသောက်တာလားမျက်ဝန်းချို "

" ဟုတ်ကဲ့ "

သူ့မျက်ဝန်းတွေကစားပွဲပေါ်မှကိုယ်ရေးခြစ်ထားသောပုံဆီရောက်နေသည်။ ပြီးတော့ကိုယ့်လက်ထဲမှာဘောလ်ပင်န်ကကိုင်ရက်သားမို့အထုပ်အထည်နှင့်လူမိခြင်းပင် ....

" သွားတော့မယ် "

ပြီးတော့ဖြုန်းဆိုမျက်မှောက်တစ်ချက်ကုပ်ပြီးသူထွက်သွားရာ သူငယ်ချင်းတွေနှင့်တောင် မိတ်ဆက်မပေးလိုက်ရတော့ချေ ။

*****************



www.burmeseclassic.com

www.burmeseclassic.com



" ဒီပွဲတော့အဓိပ္ပါယ်မရှိဘူး "

သူထွက်သွားပြီးနောက်၊ သုံးယောက်စလုံးငြိမ်သက်သွားပြီးခဏအကြာမှာပုလဲကစတင်၍ငြိမ်သက်ခြင်းကိုဖြိုခွင်းလိုက်တာဖြစ်သည် ။

" တကယ်ဆိုဒီလောက်တောင်ကင်းနေဖို့မကောင်းပါဘူးဝေန်းရာ "

ပုလဲဆီ လှမ်းကြည့်သော ကိုယ့်အကြည့်တွေကအသက်မပါဘူးလားမသိ၊ ပုလဲက မျက်မှောင်ကုပ်ထားတာလဲမြင်ရသည်။ ကိုယ်သက်ပြင်းတစ်ချက်ချလျက်စားပွဲပေါ်ကသူ့ပုံမှင်ခြစ်လေးကိုဖြေသည်မှာ ....

" သူငါ့ကိုနှုတ်ဆက်သွားသားပဲ "

" ဒါပေမယ့်သူ့ပုံစံကမအီမလည်ကြီးနဲ့ "

" အေးလေ၊ တည့်တည့်တိုးနေလို့ရှောင်သွားလို့မကောင်းလို့နှုတ်ဆက်ရတဲ့ပုံကြီး "

" ဟယ်တော့၊ ဒွဲချက်တွေကလည်းများလှချည်လား "

" အေး .... အဲဒါရှင့်ကိုကျုပ်တို့ကတန်ဖိုးထားလို့လေ၊ ရှင့်ဘက်ကနာနေတာလေ "

" ဟုတ်တယ်ဝေန်း၊ ယောကျ်ားတွေရဲ့အချိုးကအဲဒီလိုပဲ၊ သူတို့ကိုတဖက်မိန်းကလေးကစိတ်ဝင်စားပုံပေါက်ရင်အသားလွတ်ဘဝင်မြင့်ချင်တာ "

" သူ့ပုံစံကဒီလိုတော့လဲမဟုတ်ရှာပါဘူးဟယ် "

" အမယ်၊ ပိုက်ဆံမရပဲရှေ့နေလိုက်နေလိုက်တာ၊ အံ့တာပဲ "





" ဘာပဲဖြစ်ဖြစ်၊ မျက်ဝန်းချို ဆိုတဲ့မိန်းမမှာလဲမာနတရားတွေပြည့်နေကြောင်းရှင်ပြန်ပြရမယ်ဝန်းချို "

" ငါပြောပါရစေအုံးဟာ "

" ပြော "

" ဘာလဲ "

" ငါသူ့ကိုနားလည်နေတယ် "

" နားလည်တယ်၊နေစမ်းပါအုံးနားလည်ရအောင်ရှင်နဲ့သူနဲ့တွေ့တာဘယ်လောက်ကြာသေးလို့လဲ "

" ဟုတ်တယ်၊ ဒါပေမယ့်အဲဒီဘယ်လောက်မှမကြာသေးတဲ့အချိန်အတွင်းမှာဘဲသူ့ကိုငါနားလည်သွားတာ "

" မဟုတ်သေးပါဘူးဝေန်းရာ၊ ငါနင့်ကိုပြောချင်နေတာတွေရှိတယ်နော်၊ နင်တခုခုတော့လွဲနေပြီဝေန်း၊ အဲဒါသေချာတယ် "

ပုလဲက သူ့စိတ်လှုပ်ရှားလျှင် ဖြစ်တတ်သည့်ပုံစံအတိုင်းမျက်နှာတွေနီကာအသံနှုန်းမြင့်တင်ကာပြောဆဲဝါနက တော့ကိုယ့်မျက်နှာကိုနှစ်နှစ်နဲ့နဲ့စိုက်ကြည့်နေပုံမှာတစုံတရာကိုရှာဖွေနေသလိုပင် ....

" ဝန်းချို ၊ ရှင်သူနဲ့တွေ့မှအရင်လိုမပေါ့ပါးတော့တာကိုယ့်ကိုယ်ကိုသတိထားမိရဲ့လား ၊ ကျုပ်အထင်ပြောရရင်တော့ရှင်ယောကျ်ားတစ်ယောက်ဆီမှာအဲဒီလောက်မြန်မြန်ကြီးကျဆုံးဖို့မလိုဘူးထင်တာပဲ "

" ဟယ်ပုလဲကလဲ ၊ ငါ့ကိုများမပေါ့မပါးနဲ့တဲ့ ... ပါတယ် ၊ ငါကအပျိုဘဲဟာ "

" ဝန်း ၊ စကားမလွှဲနဲ့နော် ၊ငါအတည်ပြောနေတာ "



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ၊ အေးပါမာမီရယ် ၊ သမီးမှားပါတယ် "

" ခုမှတွေ့တဲ့ယောက်ျားတစ်ယောက်ကိုရှင်ဒီလောက်အညှို့ခံနေရင်ကျုပ် အဲဒီယောက်ျားကိုမုန်းမိမှာတော့ ၊ ရှင့်ကိုတော့မုန်းမှမမုန်းနိုင်ဘဲကို "

ကိုယ်သည်ပုလဲ၏ပါးလေးကိုချစ်ခင်မြတ်နိုးစွာဆွဲလိမ်လိုက်မိ၏ ။

" တကယ်ဆို ရှင်တို့ ကလုပ်ငန်းပါတနာတွေဘဲ ၊ ရှင့်အိမ်လဲ ဝင်ထွက်နေတာပဲဆို ၊ သူစိမ်းမှမဟုတ်တာ ၊ ဒီထက်ပိုပြီးတော့နွေးထွေးသင့်တာပေါ့ "

" ဝန်းချို ၊ သူရှင်တို့အိမ်လာတာဘယ်နှစ်ခေါက်လောက်ရှိပြီလဲ "

" အင်း .... သုံးခေါက်လောက်တော့ရှိပြီ "

ဝါနုကဝင်မေးတော့ကိုယ်ကဖြေပြီးသတိရကာဆက်ပြောရသည်မှာ ....

" ဒက်ဒီနဲ့တော့သူကသိပ်ရင်းနှီးပုံပဲ၊ ညဆိုလဲဖုန်းပြောနေတာအကြာကြီးပဲ၊ ချိန်းပြီးတော့လဲ ဂေါ(ဖ်)ရိုက်ကြသေးတယ်၊ တခါတလေလည်း ဘီယာ ချိန်းသောက်ကြတယ်တော့ "

" ဒက်ဒီနဲ့ ဒီလောက်ရင်းနှီးရက်သားနဲ့ ရှင့်ကိုသူခုလိုဆက်ဆံတာအဓိပ္ပါယ်နှစ်မျိုးတော့ကောက်လို့ရတယ်ဟ "

" အင်းပြောပါအုံး "

ဝါနုကကိုယ့်ဘက်ကလိုက်မည့်ပုံတွေးတွေးဆဆပြောလျှင်ပုလဲသည်ဝါနုကိုလှမ်းကြိမ်းသေး၏ ။





" ဝါနုနော်၊ ကလေးကို အားပေးအားမြှောက်မလုပ်နဲ့နော် "

ကိုယ်တို့သုံးယောက်ထဲတွင်ကိုယ်ကအသက်အငယ်ဆုံးမို့သူတို့ကကိုယ့်ကိုကလေးလို့နောက်နေကြပင် ....

" မဟုတ်ပါဘူးပုလဲရာ၊ ငါကမှန်မှန်ကန်ကန်ပဲကြည့်တာပါ၊ တစ်ဖက်သတ်ကြီးတွေးပြီးအပြစ်တွေစွတ်ဖို့နေတာလဲအားနာစရာကောင်းလို့ပါ "

" မှန်တယ်၊ မှန်တယ်၊ ပုလဲပြောတာမှန်တယ် "

" ကြည့်ပါလား၊ ဖြစ်ပုံကိုက "

ပုလဲကဆောင့်အင့်အင့်ရေရွတ်ပြီးကော်ဖီသောက်နေဆဲဝါနုကပြောသည်မှာ ....

" သူဟာရှင်နဲ့ရင်းနှီးမယ်ဆိုရင်ရင်းနှီးလို့ရပေမယ့်ခုလိုပဲမခင်လဲမခင်၊ မခင်တာလဲမဟုတ်ဆိုတဲ့ " တမျိုးလေးလေးအနေအထားမှာနေနေတာဟာနံပါတ်တစ်သူဟာရှင့်ကိုသူငယ်ချင်းလိုရိုးရိုးသားသားအခင်ချင်တာကြောင့်၊ နံပါတ်နှစ်သူ့ရဲ့အဲဒီလိုပုံစံကိုရှင်ကသတိထားမိပြီးစိတ်ဝင်စားစေချင်တာကြောင့် ဒီနှစ်ကြောင့်ဖြစ်နိုင်တယ်ဝန်းချို "

" ငါကတော့အဲဒီနှစ်ချက်စလုံးမထင်ဘူးဝါနု၊ ငါထင်တာတစ်မျိုး "

" အေး .... ရှင်ထင်တာကိုလည်းပြောလေ၊အထင်တွေညှိပြီးကောက်ချက်ချကြမယ်လေ "

ငါထင်တာကတော့ခုနကရှင်ပြောတာတွေလိုသူဟာအခင်လုပ်ယူနေတာမဟုတ်ဘူးလို့ထင်တယ်၊သူ့ကိုအနေကျုပ်မြင်ရတဲ့ပုံစံဟာအရှိကိုအရှိအတိုင်းမြင်နေရတာလို့ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တကယ်ပဲဟာ သူ့ကိုလောကနဲ့အံဝင်ခွင်ကျမဖြစ်တဲ့လူငယ်တစ်ယောက်လို့ငါဘာလို့မခံစားမိမှန်းမသိဘူး၊ သူဟာတစ်ယောက်ထဲနေတာမို့လဲဒက်ဒီဆီကသိခဲ့ရတယ်၊ ဒီတော့တစ်ယောက်ထဲနေတဲ့ Family Life မရှိလူငယ်တစ်ယောက်ပါဟာ၊ သူနဲ့ခုမှခင်ရတဲ့မိန်းကလေးတစ်ယောက်ကိုဘယ်လိုဆက်ဆံရမှန်းမသိတာပါ၊ ဒါမှမဟုတ်လဲမနေတတ်မထိုင်တတ်ဖြစ်တာ၊ ငါတော့အဲဒီလိုထင်တယ်ကွာ ။

" အေးနော်၊ ဒီကောင်လေးဟာ Problem Child လေးများလား "

" ငါလဲအဲဒီလိုထင်မိတယ်၊ ကုမ္ပဏီမှာသူနေပုံကလဲအဲဒီလိုလေးပဲ၊ တွေတွေငေးငေးလေး ထူးခြားတာတစ်ခုကတော့သူဟာ အမြဲတမ်းတစ်ယောက်ထဲရှိနေတာပဲ၊ သူ့ဆီကိုလာတဲ့အဖေ၊ အမေဒါမှမဟုတ်ညီမ၊ အစ်ကိုအဲဒီလိုတစ်ခါမှမတွေ့ရဘူး၊ အမြဲတစ်ယောက်ထဲပဲ၊ အခုဒီမှာထိုင်နေတာလဲတစ်ယောက်ထဲပဲ၊ ရှင်တို့တွေ့တယ်မို့လား "

" ဝေန်း၊ ရှင်သူ့ကိုချစ်နေပြီလား "

ါ၊ ၁ကိုယ့်မျက်လုံးတွေထဲစိုက်ကြည့်ကာမေးဆဲ ကိုယ်ဟာဖြေ ျူး ယက်ဖျားတွေအေးလာခဲ့ပြီးရင်ထဲမှာလဲ လှိုက်ခနဲဖိုရသည် ။

" အချစ် .... ဆိုတာဒါလားလို့တွေးနေမိတယ်၊ ငါလေသူ့ရဲ့လိုအပ်ချက်တွေကိုသိပ်ဖြည့်ပေးချင်တာပဲဟာ "

*****************





အခန်း (၃)

သိပ်မကြာခင်မှာတော့သူအေးစက်မလိုမျက်ဝန်းတွေရဲ့နောက်ကွယ်မှာနွေးထွေးနူးညံ့မှုကိုကိုယ်ရခဲ့သည့်ကုမ္ပဏီပိတ်သည့်တနင်္ဂနွေတစ်ရက်တွင်သူဟာအိမ်ကိုမထင်မှတ်ပဲရောက်လာတာကိုး၊ အိမ်မှာဆိုလျှင်လွတ်လပ်စွာနေတတ်မြဲကိုယ်ဟာမျက်နှာတပြင်လုံး မျက်လုံးသာပေါ်အောင်သနပ်ခါးတွေအပုံကြီးလိမ်းထားလျက်ဂါဝန်ပွပွရှည်ရှည်ကြီးကိုဝတ်ကာကိုယ့်ရဲ့ကြောင်ကလေး " ဂျက်ကီချမ်း " ကိုတစ်ခြံလုံးပတ်ကာရှာနေဆဲ၊ သူ့ကားအသံမကြားလောက်အောင်ခတ်သံငြိမ်လျက်ဝင်လာခဲ့ရာပေါ်တီကိုအောက်သို့သူ့ကား အရောက်ကိုယ်လဲအိမ်အားမှပတ်၍အရောက်အံကိုက်ပင် ....

" ဂျက်ကီချမ်းရေ၊ ဂျက်ကီရေ၊ ချမ်းချမ်းရေ၊ ဘယ်ရောက်နေသလဲဟေ့၊ ဟောလီးဝုဒ်ကိုများကားရိုက်ထွက်သွားသလား၊မိန်းမပဲရနေပြီလား၊ ခက်တော့တာပဲနော်၊ အိမ်မပြန်တာများတစ်ညလုံးဘယ်မှာများသွားခွေနေပါလိမ့် "

သိပ်ကိုရယ်စရာကောင်းသောအဖြစ်အပျက်ကိုပြောပြရအုံးမည် ။ ကိုယ်ဟာပါးစပ်ကအသံမျိုးစုံပေးလျက်တခြံလုံးအနှံ့ဂျက်ကီချမ်းကိုလိုက်ရှာပြီး အိမ်ရှေ့ရောက်လာရာသူကကိုယ့်ကိုမမှတ်မိချေ။ သူကကားကိုရပ်ပြီးကိုယ့်ကိုတစ်ချက်သာလှမ်းကြည့်လျက်အိမ်ထဲဝင်မည်ကြံရာကိုယ်ကလှမ်းအော်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒက်ဒီမရှိဘူးရှင့် "

" ဆောရီး .... "

သူကဒ‌ေပြင်ကိုပြန်ထွက်လာသည်။ ပြီးတော့ကိုယ့်ကို သူဘာမေးသလဲသိလား

" ဒါဆိုရင်မျက်ဝန်းချိုရောမရှိဘူးလား "

" အဲ .... "

သူဟာ ကိုယ့်ကို မမှတ်မိရှာပါလားလို့ ခုမှသဘော ပေါက်သွားသောကိုယ့်မှာ လှိမ့်လှိမ့်တက်လာသော ရယ်ချင် စိတ်ကိုမြိုသိပ်လျက်ထိပ်တည့်တည့်တွင်စုမပြီးကလစ်ကြီးနှင့် ညှပ်ထားသောဆံပင်ကိုကုပ်လိုက်မိသည်။

" ကျွန်တော်မေးတာဦးအောင်ချိုရဲ့သမီးမျက်ဝန်းချို လေ၊ သူမရှိဘူးလားလို့ "

" အင်း .... ရှိတယ်၊ ရှိတယ်ခဏလေးဧည့်ခန်းမှာ ထိုင်စောင့်ပါခေါ်ပေးမယ်နော် "

ထို့နောက်ကိုယ်က ကြိတ်ရယ်ကာအိမ်ဘေးမှပတ်ပြီး မီးဖိုခန်းမှဝင်ခဲ့၏ ။

" ဟဲ့ .... မြတ်စွာဘုရားကြွလို့၊ကုန်ပြီကုန်ပြီရေတွေ"

" ဟာ .... ကြီးဒေါ်ကြီးကလဲဘာတွေယောင်နေတာ လဲ ၊ သမီးပါ "

" အေး အေး .... သမီး၊ ကြီးဒေါ်ယောင်လို့ယောင်လို့ သမီးထမင်းစာပြီလား "

" မဆာဘူး၊ မဆာဘူး၊ ဟီ .... ဟိ "

" ဟဲ့ .... ဘာတွေသဘောကျနေတာလဲဒီကောင်မ လေး "





" ဟီး .... ဟီး၊ နောက်မှပြောမယ်၊ ဒေါ်ကြီးအခု လှုပ်ရမှာက ဖရက်ဂျီဒါထဲက ကုပ်တစ်ပူးကိုလင်ဗန်းထဲမှာ ထည့်ပြီး အိမ်ရှေ့ကဧည့်သည်ကို သွားပေးပါ၊ ပြီးတော့မျက် ဝန်းချိုအခုလာပါလိမ့်မယ်လို့ ပြောပေးနော်၊ ကြီးဒေါ်သွား အမြန် .... "

" အေးပါဟဲ့၊ အေးပါဟဲ့၊ ကြီးဒေါ်ခါးကိုမထိနဲ့နော်၊ ဘောင်ကြာယောင်ကုန်အုံးမယ် "

ထို့နောက်ကိုယ်သည်ရေချိုးခန်းထဲဝင် မျက်နှာသစ်ဖို့ ပြင်ပြီးမှမသစ်ခင်မှန်ကြည့်လိုက်ပြီး ကိုယ့်ကိုကိုယ်ပြောင်ပြ လိုက်သေး၏။ ပြီးမှ မျက်နှာသစ်ကာဂါဝန်ကိုလဲရှိုးရှိုးထမိန့် ရင်းလက်ပြတ်အင်္ကျီလေးလဲကာအိမ်နွေလေးနဲ့ထွက်လာခဲ့၏။

" အေး .... ကိုမင်းသိခ "

" ဟုတ်ကဲ့ "

" ရောက်နေတာကြာပြီလား "

" မကြာသေးပါဘူး၊ ဟို .... အန်ကယ်လ်မရှိဘူးလား ခင်ဗျ "

" ဟုတ်ကဲ့၊ ဒက်ဒီသူ့သူငယ်ချင်းရဲ့အလှူတစ်ခုသွား ပါတယ်၊ ဘာများ "

" ရပါတယ်၊ ကိစ္စတော့အထွေအထူးမရှိပါဘူး "

ပြီးတော့သူက သူငယ်အိမ်ငြိမ်လှစွာ ကိုယ့်ကိုစိုက် ကြည့်လိုက်သည်။ ကိုယ်ကတော့ သူပြုံးပြရင်ကောင်းမှာပဲလို့ စောင့်တမိသည်မှာသူဟာကိုယ်နဲ့စတွေ့ထဲကတစ်ခါမှသူ့အ ပြုံးကိုမမြင်ဘူးလို့ပင် ....

" ကျွန်တော်တစ်ခုခုမှားနေပြီဗျ "



www.burmeseclassic.com

www.burmeseclassic.com



" ရှင် "

" ခုနကကျွန်တော်နဲ့တွေ့တာခင်ဗျားပဲမို့လား "

ကိုယ်သည် မအောင့်နိုင်တော့ပဲ ပါးစပ်ကိုလက်ဖဝါးပိတ်၍ရယ်လိုက်မိရာသူသည်ရှက်တက်တက်ကလေးပြုံးရာသူပြုံးလျှင်အလွန်ကြည့်ကောင်းလှသည်ကိုသိနေသည် ။

" ဟာ .... ခင်ဗျားတော်တော်နောက်တာပဲ "

" ရှင် .... ရှက်သွားမှာစိုးလို့ပါ "

" ဟာဗျာ "

သူသည် အလွန်ရှက်ရွံ့နေဟန် ဆံ့စတွေထဲလက်ငါးချောင်းသွင်းကာမျက်နှာမှာရဲနေတော့သည် ။

" ဒါပေမဲ့ ရှင်မလွန်ပါဘူး၊ ကျွန်မပုံစံကလဲမှတ်မိစရာမှမရှိတာ "

" ဒါနဲ့ .... ခင်ဗျားလိုက်ရှာနေတာ " ဂျက်ကီချမ်း " ဟုတ်လား "

တခုပြီးတခုအံ့သြနေသော သူ့ကို ကြည့်၍ကိုယ်ထပ်ရယ်ရပြန်သည်။

" ကျွန်မကြောင်လေးနံမည်လေ "

" ဟောဗျာ၊ ကြောင်နံမည်ကိုဂျက်ကီချမ်းလို့ပေးရသလား "

" ဂျက်ကီချမ်းကိုသဘောကျလို့၊ သူ့ကားတွေကြည့်ဖူးတယ်မို့လား ၊ သိပ်ရယ်ရတာ "

သူသည်ခေါင်းကိုအသာအယာယမ်းလျက်ရယ်မောနေပြီးဖြန်းခနဲကိုယ့်ကိုမေးခွန်းတစ်ခုမေးလိုက်ရာသူဟာလောက





အပေါ်မှာဘယ်လောက်တောင်သံသယများသူလဲလို့ကိုယ်သိခွင့်ရခဲ့ပါသည်။

" နေဦး၊ ခုနကကျွန်တော် မမှတ်မိတာသိရဲသားနဲ့မပြောပဲသွားခေါ်ပေးမယ်လို့ပြောတာ၊ ခင်ဗျား ကျွန်တော့်ကိုကလဲ့စားချေတာများလား "

" ဘုရားရေ၊ ကျွန်မကဘာကလဲ့စားချေရမှာလဲ "

" ကုမ္ပဏီမှာ ခင်ဗျားနဲ့ကျွန်တော် တွေ့စကကျွန်တော်ကခင်ဗျားကို အလုပ်လာလျှောက်တဲ့သူ မဟုတ်ပါဘူးလို့မပြောဘဲမိန်းနေခဲ့တဲ့ကိစ္စလေ .. "

" အို .... "

ကိုယ်တချက်အံ့သြစွာအော်လိုက်မိပြီးမှသူ့ကိုပြန်ပြောဖို့စကားလုံးကိုတော်တော်ရှာယူရပါသည်။

" ရှင်အထင်မှားနေပြီ၊ ကျွန်မဂလဲ့စားမချေတတ်ဘူး၊ ခုနက ရှင့်ကို ကျွန်မပါလို့မပြောတာဟာရယ်ချင်တာကြောင့်ရယ်၊ ရှင်ရှက်သွားမှာစိုးတာကြောင့်ရယ်ပဲ၊ တခြားဘာစိတ်မှမရှိဘူး၊ အဲဒါကိုယုံပါ "

သူ့ကဘာမှမပြောဘဲကုပ်ဖူးကိုယူသောက်ရာသူ့စိတ်ထဲမှာကိုယ်ဟာတမင်လုပ်တာလို့ထင်နေမှာပဲလို့စိတ်ညစ်စွာတွေးနေမိပါသည်။ ကိုယ်တို့နှစ်ယောက်ကြားတိတ်ဆိတ်နေချိန်မှာဂျက်ကီချမ်းကအိမ်ထဲဝင်လာရာကိုယ်က ....

" ဟော .... သားလေး ၊ ဘယ်လျှောက်သွားနေတာလဲ၊ လာသားလာ၊ ဂျက်ကီချမ်း လာ "



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပဲဖြစ်သည်၊ သူဟာကိုယ့်ကိုခင်မင်နှစ်လို စွာနွေးထွေးနူးညံ့စွာစိုက်ကြည့်၍ရယ်မောလိုက်ရာကိုယ်တို့ ဟာအရင်ထက်ရင်းနှီးသွားတာဖြစ်၏ ။

****************

" ဂျက်ကီချမ်းနေကောင်းလားဗျ "

" အမလေး၊ ပြောရအုံးမယ်ဂျက်ကီချမ်းအကြောင်း၊ သူကလေနေကောင်းရုံတင်မကဘူး၊ မိန်းမပါရနေပြီရှင်ရေ "

" ဟောဗျာ "

" သူ့မိန်းမကိုအိမ်ခေါ်လာတယ်လေ၊ ပြီးတော့သူ့ကို ကျွေးတဲ့အစာကို သူ့မိန်းမကို ကျွေးပြီးသူကဘေးကစောင့် ကြည့်နေတာရှင့်၊ ဒါနဲ့သူ့မျက်နှာနဲ့သူ့မိန်းမကိုတင်ကျွေးထား လိုက်ပါတယ် "

" အင်း .... အင်း၊ ကျက်လုပ်ဆက်လုပ် "

ထို့နောက်ပိုင်းတွင်တော့ သူနဲ့ကိုယ်ဟာ ပြောစရာ စကားတွေရှိလာခဲ့ပြီး ကုမ္ပဏီမှာပင် သူကကိုယ့်ကိုလိုလို လားလား ဖေါ်ရွေလာခဲ့တာ ဝမ်းသာစွာ ပြောရအုံးမည်၊





သူသည် ကိုယ့်ကိုတွေ့လျှင် အရင်လို မျက်မှောင် မကုပ်တော့ ပဲပြုံးဖော်ရလာပြီရှင့်၊ ပြီးတော့ ကိုယ့်ရဲ့ ဂျက်ကီချန်းကို သတင်းမေးသည်လေ။ ခုပဲကြည့်ပါလား ....

ကိုယ်ကဒါတွေကို ဟိုနှစ်ယောက်ဆီကြွားသေးသည်။ ပုလဲက ပြောသည်မှာ ....

" နင်ဟာလေအစာလေးပြလိုက်လို့၊ အမြီးနှန့်နေတဲ့ ဟိုသတ္တဝါလိုပဲ၊ ဒင်းနဲ့ခင်ရတာပဲဆုလာဒ်ကြီးရတာကျလို့ "

ဆိုပြီးဝါနုကတော့ ....

" ရှင့်ကိုသူခင်သွားတာနေမှာပေါ့ဟဲ့၊ ရှင်ကပျော် ာတ်ပုံလေးကိုသဘောကျလို့နေမှာပေါ့၊ အနဲဆုံးအပြင်းတော့ ပြောတယ်ဆိုပြီးပေါ့ "

" ခင်ဗျားပန်းချီဆွဲတာကြာပြီလား " လို့လဲတစ်နေ့ မှာသူကစိတ်ဝင်တစားမေးသေးသည်။

" ကြာပြီ ပြောရမှာပေါ့၊ငယ်ငယ်ထဲကပုံလေးတွေ အရုပ်လေးတွေဆွဲရတာ ဝါသနာပါတာရှင့်၊ ဆရာမကရှေ့က အသင်ရင်ဆရာမရဲ့နောက်ကျောပုံကိုလိုက်ဆွဲနေလို့စာမေးရှင် ာယ်တော့မှမရဘူး "

သူက မျက်လုံးလေးတွေချည်း နူးညံ့စွာပြုံးသည်မှာ သူမို့ပြုံးပဲပြုံးတတ်ပါသည်။

" ကျောင်းတုံးကလဲတွေ့သမျှမှင်ခြစ်လိုက်ဆွဲနေတာပဲ အဲဒီလိုဆွဲရတာကိုပျော်တယ်၊ ဒါနဲ့အိမ်မှာဆရာမတစ်ယောက် ခေါ်ပြီးအချိန်ပိုင်းတော့သင်ဖူးတယ်လေ "

" Professional မလုပ်ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း၊ အဲဒီလိုမလုပ်ချင်ပါဘူး၊ အဲဒီလောက်မဖြစ်ဘူးလို့လဲထင်လို့ပေါ့၊ ဟိုစားဝတ်နေရေးအတွက်ရည်ရွယ်ပြီးမဆွဲချင်ဘူး၊ကိုယ်ဖီလင်လာတဲ့အခါ၊ ပြီးတော့ဖီလင်လာတဲ့ပုံကိုပဲဆွဲချင်တယ်လေ "

" အပျော်တမ်းပေါ့ "

" ဟုတ်တယ် ကျွန်မပါရမီကအပျော်တမ်းလောက်ပဲပါတာ၊ ကိုယ့်ကိုယ်ကိုလဲသိတယ် "

ထို့နောက် သူသည်တစ်စုံတစ်ရာကိုစဉ်းစားသလိုအကြာကြီးငြိမ်သက်နေပြီးမှ ....

" ကျွန်တော့်ပုံလေးကျွန်တော့်ကိုပေးပါလား " လို့တောင်းလိုက်ရာ ကိုယ်သည် တစ်ချက်တော့တွန့်ဆုတ်သွားသည်မှာသူ့ပုံကိုကိုယ်ကညတိုင်းကြည့်ရတာရှင့် ....

" ဟယ် .... ယူမလို့လား "

" မပေးချင်ဘူးလား "

" ပေးပါမယ်၊ ဒါပေမယ့်သိပ်မကောင်းဘူးလားလို့ "

" ကောင်းပါတယ်၊ ကျွန်တော်ကြည့်ပြီးပြီပဲ "

" မဟုတ်ဘူးလေ၊ ရှင်ကကျွန်မဘက်ကိုအဲဒီနေ့ကကြည့်မနေတော့ရှင့်ရဲ Character ကိုပုံထဲမှာအမိထည့်ပေးလို့မရသလိုပဲ၊ တကယ်ဆိုရှင့် Character ကစိတ်ဝင်စားဖို့ကောင်းတယ်၊ ကျွန်မမှီအောင်ဆွဲဖို့တော်တော်ကြိုးစားရအုံးမှာ "

" ကျွန်တော့် Character ကစိတ်ဝင်စားဖို့ကောင်းတယ်ဟုတ်လား၊ ကျွန်တော်တော့မထင်ပါဘူးဗျာ "

" အို .... ဘာကြောင့်လဲ "





" တစ်ယောက်ထဲနေ၊ လောကကိုစိတ်ကုန်ရှင်သန်ရမှာကို ပျင်းမသေနိုင်သေးသမျှ ငွေရှာနေရတဲ့ယောက်ျားတစ်ယောက်ရဲဘဝဟာဘယ်လိုများစိတ်ဝင်စားစရာကောင်းနိုင်မှာတဲ့လဲ "

ကိုယ်သည်အာခေါင်တွေခြောက်သွားသလိုတစ်ချက်တော့ဆွံ့အသွားခဲ့ပါသည်။

ကြည့်ပါအုံးကွယ် ....

လောကကိုစိတ်ကုန်၊ ရှင်သန်ရမှာပျင်း၊ မသေနိုင်သမျှငွေရှာတဲ့ .... ဘုရားရေ–ဒီကောင်လေးကို "မျက်ဝန်းချို" ဘယ်လောက်ခက်ခဲစွာလေ့လာသင်ယူရမှာပါလိမ့်နော် "

" လောကကိုအဲဒီလောက်ကြီးလဲအဆိုးမမြင်ပါနဲ့ရှင်၊ လောကမှာကောင်းတာတွေနေပျော်တာတွေအမိပ္ပါယ်တွေအများကြီးပါ "

သူခေါင်းမာစွာပြုံးနေပုံမှာ မငြင်းပေမဲ့လက်လည်းလက်မခံဘူးဆိုတဲ့ပုံစံပဲ ....

" ပြီးတော့ကိုယ့်ကိုကိုယ်စိတ်ဝင်စားစရာမကောင်းဘူးလို့မထင်ပါနဲ့၊ ကျွန်မအထင်တော့လူတွေရဲဘဝတွေအားလုံးဟာစိတ်ဝင်စားဖို့ကောင်းပါတယ် "

" ပျင်းစရာကြီးဗျာ "

" ဟိုနေ့ကပုံဆိုရှင်တကယ်ယူမှာလား "

" ခင်ဗျားကပေးရမှာနှမြောလို့လား "

တွေလား .... သူစိတ်ချည်းပဲ ....

" မဟုတ်ဘူး .... ကျွန်မအခုရှင့်ရဲပုံတူတစ်ပုံလောက်ဆွဲပြီးမှင်ခြစ်ရရင်အဲဒီနေ့ကထက်ပိုကောင်းနိုင်တယ် ဘာ



www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ဒီကြားထဲမှာရှင့်ရဲ့အပြုံးကိုကျွန်မမြင်ဖူးပြီလေ၊ ဒီတော့ရှင့်မျက်လုံးကိုကျွန်မသေသေချာချာပုံဖော်နိုင်ပြီပေါ့ ”

သူကပုခုံးတစ်ချက်တွန့်ကာကိုယ့်ကို ခပ်ပြုံးပြုံးလေး အကြာကြီးပဲစိုက်ကြည့်နေပုံမှာ ကိုယ်ဟာသူ့မျက်နှာကတစ်ခုခြင်းကိုတန်ဖိုးထားပြောနေတာအံ့သြပြီး ကျေလဲကျေနပ်ပုံပဲ .... ကိုယ်သည်သူ့မျက်ဝန်းထဲမှာအရိပ်တစ်စုံတစ်ရာစွန်းထင်းမှုကိုရှာဖွေသော်လည်းအတွေ့ရပါ၊

စိမ်းလက်သောမျက်ဝန်းတွေရဲ့အကြည့်မှာကိုယ်ကတော့တကယ့်ကိုတုန်လှုပ်လှုပ်ပါပြီ ....

“ ပြောပါအုံး၊ ကျွန်တော်ပြုံးတာမြင်ဖူးတော့ခင်ဗျားဘာကိုတွေ့သွားလဲ၊ ”

“ ရှင့်ရဲ့အေးစက်မှုန်မှိုင်းတဲ့မျက်လုံးနောက်ကွယ်ကနူးညံ့နွေးထွေးမှုကိုတွေ့သွားတယ် ”

“ Sure ”

“ Sure ကောင်းပြီ၊ ကျွန်မနက်ဖြန်မှာရှင့်ရဲ့ပုံတူကိုရှင့်အတွက်လက်ဆောင်ပေးပါမယ်၊ ကိုမင်းသီခ ”

သူကခေါင်းငြိမ့်ပြပါသည်။

“ လောကကို စိတ်ကုန်တယ်ဆိုတာကို ညီမျှခြင်းဆွဲလိုက်ရင်အဲဒီညီမျှခြင်းဟာ တစ်ခါတစ်ရံမှာ လောကထဲမှ လိုအပ်မှုဖြစ်သွားနိုင်ပါတယ်၊ တစ်စုံတစ်ရာ လိုအပ်မှုရှိနေလို့လောကကိုစိတ်ကုန်တာမျိုးပေါ့ ”

ထိုညမှာကိုယ်ဟာကိုယ့်ကောင်ကလေးရဲ့စကားချိုကိုခြစ်ရင်းရင်ထဲမှပြောနေမိသည်။ နောက်ထပ်သူနဲ့စကားတွေပြောရမည်၊ ဒါမှသူ့ဘာသာကိုကိုယ်တတ်မြောက်မည်။





“ ရှင်ဟာလောကဆီက တစ်စုံတစ်ရာလိုအပ်နေတယ်ဆိုရင်အဲဒီလိုအပ်မှုကွက်လပ်ကိုဖြည့်ပေးမဲ့သူဟာ ကျွန်မပါပဲရှင်ရယ် ”

ယခုတစ်ခါကိုယ့်ရဲ့မှင်ခြစ်ထဲတွင်သူ့ရဲ့အထီးကျန်ဆန်မှုနဲ့မျှော်လင့်မှုကို ကိုယ်ကနည်းနည်းဖမ်းမိပြီးထင်သည်။ ပြီးတော့ရံခါမှာတွေ့ရတတ်သောသူ့ရဲ့ပါးသိုင်းမွေးတွေကိုလည်းထည့်ဆွဲရမည်။ သူဟာမုတ်ဆိတ်ရိတ်ဖို့စိတ်မပါတဲ့အခါတွေမှာထင်ပါရဲ့ဆယ့်ငါးရက်တစ်ခါလောက်မှာသူ့မျက်နှာရှိပါးရိုးများမှာပါးသိုင်းမွေးပါးပါးစိမ်းစိမ်းကိုတွေ့ရတတ်သေးသည်။

“ Wild thing ပဲနော်၊တကယ်ပဲ ”

တစ်ခါတစ်ရံမှာကလေးငယ်လို ဟန်ဆောင်မှုကင်းလှသောမျက်လုံးတွေနှင့် ဆံပင်ကိုပင်မဖြီးသင်တော့ပဲအရိုင်းဆန်နှာခေ့ခဲကျနေပုံလေးတွေကိုမြင်ရဖူးတာလဲရှိသည်။ ဒါပေမယ့်ကိုယ်ထင်တာသူ့ဆံပင်ဟာမဖြီးသင်လဲဒီလိုပဲ ပုံကျနေမြဲထင်ပါရဲ့ ဆံပျော့လေးတွေကိုး၊ ကိုင်ကြည့်လျှင်ပြောင်းဖူးမွေးလေးတွေလိုနူးညံ့အိထွေးလှမည်လားမသိ၊ သူ့ပုံကိုမှင်ခြစ်ပြီးသောအခါကိုယ်က Wild eye လို့နံမည်ပေးဖို့စဉ်းစားလိုက်သည်။ ဒါပေမယ့်အဲဒီလို နံမည်မျိုး ပန်းချီပြပွဲတစ်ခုရဲ့နံမည်ကြားဖူးသလားမသေချာလို့ မပေးဖြစ်တော့၊ သူ့ကိုလက်ဆောင်ပေးရမှာ မို့ပုံအောက်မှာတော့– “ မျက်ဝန်း၊ချို ” လို့ဆိုင်းထိုးလိုက်သည်။ ကိုယ်ဟာသူနဲ့ပတ်သက်လျှင်ဘာယ်လောက်တောင်ရူးသွတ်နေပြီး ရင်ခုန်နေသလဲဆိုလျှင်လက်မှတ်မှာထိုးခဲ့ငေါ်ကောက်ကွေးသွားသေးသည်။ ကိုယ်ဟာ နေ့ဆောပေါ်ကိုကန့်လန့်ဖြတ်လှဲချပြီးသူ့ပုံလေးကိုရင်ခွင်တွင်အပ်ထား



www.burmeseclassic.com

www.burmeseclassic.com



စဉ်ရင်ထဲတွင်တလှိုက်လှိုက်ခုန်လှုပ်နေတော့သည်။

မြတ်စွာဘုရား ....

ဒါရင်ခုန်တာလား ....

ဒါဟာရင်ခုန်သံရဲ့သင်္ကေတလား၊ ဖြစ်နိုင်ပါ့မလား ကွယ်။

နောက်တစ်နေ့တွင်သူ့ကိုပုံလေးပေးစဉ်မှာသူကကိုယ့်ကိုလှမ်းကြည့်စဉ်မဖြစ်စဖူးဖျတ်ခနဲ ရှက်သွားမိသည်။ ပြီးတော့သူက ပုံကိုမကြည့်သေးဘဲ ကိုယ့်မျက်နှာကိုပဲဘာလို့ကြည့်နေတာပါလိမ့်၊ ကိုယ်ကိုညို့နေတာများလား။

“ ပုံကိုကြည့်အုံးလေ ”

“ အော် .... အင်း ”

ဟောတော် ....

ဘယ်လိုသတ္တဝါလေးလဲ ....

မနေ့ကပဲသူ့ပဲသူ့ပုံကိုစိတ်ဝင်တစားတောင်းပြီးဒီနေ့တော့စိတ်မဝင်စားသလိုနဲ့ .... ခက်ပဲခက်ရချည်သေးရဲ့။

သူကပုံကိုကြည့်ရာကိုယ်ကသူ့မျက်နှာကိုငေးခွင့်ရလို့ငေးနေဆဲဖျက်ခနဲပင် သူ့မျက်လုံးတွေစူးလက်လာတာတွေ့ရသည်။ ပြီးတော့သူကလက်ခနဲပြုံးရာသူပြုံးသောအခါသူ့ရဲ့အေးစက်မျက်လုံးတွေကပါလိုက်ပြုံးသွားကြလေသည်။

ဘာလဲ ....

အဲဒါသဘောကျလို့လားရှင့် ....

ကိုယ့်ရင်ထဲ၌ထိုအပြုံးတစ်ချက်နှင့်ပင်မွှေးထွေးလှုပါပြီ။

“ ကျွန်တော်သိမ်းထားမယ် ”





ကိုယ်ကအများကြီးမျှော်လင့်ဆဲတွင်သူကထိုတစ်ခွန်းပဲပြောကာကိုယ့်ကို ချန်ထားလျက် ထွက်သွားတော့သည်။ ကိုယ်သည် သူထွက်ခွာသွားရာကို လိုက်ငေးရင်းရုတ်တရက်တော့ဝမ်းနည်းသလိုဖြစ်သွားခဲ့၏။ ဒါပေမယ့်သူနဲ့ပတ်သက်လာရင်အရာရာကို ပေးဆပ်ခွင့်လို့ သဘောထားမယ်လို့တွေးလိုက်သည်။

ကဲ .... မျက်ဝန်းချို ....

နင်ဒီမှာဘာဆက်လုပ်မှာလဲ–

ကိုယ့်ကိုယ်ကိုမေးပြီးကုမ္ပဏီမှာရုပ်သမ္ဗန်အလုပ်တွေကိုကျွန်ပြုတာတစ်လုံးနှင့်ထိုင်လုပ်ရတော့သည်။ တစ်နေ့လုံးပင်ရုံးခန်းထဲမှမထွက်မိတာလဲ ဘာကြောင့်မှန်းတော့မသိ၊ နေ့လည်မှာဒက်ဒီကစားဖို့ခေါ်တာတောင်ငြင်းပစ်လိုက်သည်။

“ အမယ် .... ဘာလဲ၊ ဒက်ဒီကိုစိတ်ကောက်နေတာလားဟန်နီ ”

“ နိုး ဒက်ဒီ၊ သမီးမဆာလို့ပါ ”

“ မနက်စာဘာစားခဲ့လဲအိမ်က .... ”

“ ဆမင်းစားခဲ့တာက်ဒက်ဒီ၊ ငါးရံ့အူဟင်းနဲ့လေ၊ ကြီးတော်ကြီးချက်တာစားကောင်းလွန်းလို့တအားစားပစ်တာဒက်ဒီရဲ့ နေညီဗိုက်တင်းတုန်း ”

“ ဒါဖြင့်လဲပြီးရော ပြီးရော၊ ဟန်နီဟာအရင်နဲ့ကိုမတူသွားနေပါ အရင်ကတစ်ခုခုသွားစားဖို့ခေါ်တိုင်းခုန်ပေါက်လိုက်လာတတ်တဲ့ကောင်မလေးကများ ”

ဒက်ဒီကကိုယ့်ဆံပင်တွေကိုဆွဲဖွကာမချင့်အရဲရယ်ပြောတော့–



www.burmeseclassic.com

www.burmeseclassic.com



" အဟဲ .... လို့သွားဖြဲလေးနဲ့ရယ်ပြလိုက်ရသည်။ "

" အရင်နဲ့ဘယ်တူအလဲဒက်ဒီရဲ၊ ဒက်ဒီသမီးအဖြီးပေါက်နေပြီ၊ လို့စိတ်ထဲမှပြောရင်းတစ်ယောက်တည်းကြိတ်ရယ်မိသည်။

တစ်နေ့လုံးပင် အခန်းအောင်းကာ အလုပ်လုပ်သော်လည်းသူ့ကိုသာသတိရမြဲပင်၊ သူ့ရဲ့ Wild eye တွေကိုပဲမြင်ယောင်နေသည်။ သူ့ရဲ့ညို့မှောင်စိမ်းလက်သောမျက်လုံးတွေကိုပဲထိုင်ကြည့်နေချင်သည်။ သူဟာမနက်ကကိုယ့်ကိုဘာလို့ပြန်စိမ်းရပြန်တာလဲ၊ ဟင်အင်း .... သူဟာလောကနဲ့အံဝင်ဂွင်ကျမရှိတဲ့လူငယ်လေးလေ၊မျက်ဝန်းချိုနင်နားလည်ရမယ်"

ရုတ်တရက် မျက်လုံး စိမ်းလက်ညိုမှောင်တွေကိုမြင်ယောင်တမ်းတစဉ်မှာရင်ခွင်လုပ်ခနဲဟာကာမျက်ရည်ကြည်တွေစို့လာသည်။ ဟို .... ဒါဟာအချစ်ဆိုတာကိုမကြုံဖူးသေးတဲ့လောကကို အကောင်းမြင်ကာ ပျော်ပျော်နေတတ်တဲ့ဘဝမှာ၊ မာမီဆုံးခဲ့တာကလွဲလျှင် လိုအပ်ချက်နှင့်စိတ်ညစ်ညူးမှုမရှိသလောက်နဲ့ခဲ့တဲ့ " မျက်ဝန်းချို " မှဟုတ်ရဲ့လား၊ နောက်ဆုံးမှာတော့အားလုံးကိုအရှုံးပေးပြီး ကိုယ့်ကိုယ်ကို အံ့သြကာအလုပ်တွေကိုရပ်၍မျက်ဝန်းအစုံကို ဖိမှိတ်ထားဆဲမို့မျက်ခွံတွေအောက်မှာသူ့ကိုပဲမြင်နေရတယ်ရှင် ....

ဒါပေမယ့် ညနေတွင်တော့ကိုယ်ပျော်ရသည်။ သူကကိုယ့်ကိုတစ်နေ့လုံးမမြင်ရလို့ရှာဖွေနေပုံ၊ ပြီးတော့ကိုယ့်ကိုမြင်သွားလို့ပျော်ပုံတွေနဲ့ကိုယ်ကိုပြုံးပြတာကို: .... ပြီးတော့သိပ်ကိုအံ့သြစရာသူကိုယ်သူလဲမထိန်းချုပ်ဘဲကိုယ့်ကိုသူဘာလုပ်ပေးတယ်ထင်သလဲ ....





" ခဏလေးမျက်ဝန်းချို၊ ပလိစ် .... "

လို့ဆိုပြီးကိုယ့်ဆံစထဲကပါလာတယ့်စက္ကူဖြတ်စတစ်စကိုကိုယ့်ဆံပင်မနာအောင်ဖြေယူပေးတယ်ရှင့် ....

အို ....

ထိုခဏမှာ ကိုယ်ဟာ အရှင်လတ်လတ်အင်္ဂတေအကိုင်ခံရသလို တောင့်မတ်သေဆုံးသွားပုံများ၊ စည်တီးသလိုလေးနက်မြည်ဟည်းနေတဲ့ ရင်ခုန်သံတွေ မပါလို့ကတော့ ကိုယ်ဟာ သေပြီလို့ယူဆရမည်။ သူနဲ့အနီးကပ်ရှိစဉ် သူ့ရဲ့မွှေးရီချိုမြလှတဲ့ကိုယ်သင်းနဲ့ ကလဲကိုယ်ကိုမြူဆွယ် သလိုဖြစ်သည့်အပြင် " ဆံပင်တွေကသိပ်လှတာပဲ " လို့တိုးတိုးလေးပြောလိုက် သေးသည်လေ။

***************



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ထို့နောက်တွင်တော့ အချိန်တွေဟာပုံမှန်ပဲရှည်ကြာလာခဲ့သည်။ အရာရာဟာဘာမှမပြောင်းလဲချေ။ ပြောင်းလဲလာတာကတော့လူတွေဟာအသက်ကြီးရင့်လာခြင်းပင်၊ ပြီးတော့ကိုယ်သည်ဘယ်သူမှမသိသောပြောင်းလဲမှုတွေကိုကိုယ့်ဘာသာပြန်သိရလေသည်။ ယခင်ကဆိုလျှင်ကိုယ်ဟာသိပ်ပျော့ညံ့သူတော့မဟုတ်ဘူးပေါ့၊ ဒါပေမယ့်စိတ်မာကြောနိုင်သူမဟုတ်နိုင်တာကိုတော့ဝန်ခံရမည်ပင်၊ ပြီးတော့ကိုယ်ကမာန်မရှိဘူး .... ကိုယ်လူတွေအားလုံးနဲ့အဆင်ပြေချင်တယ်၊ လူတွေကိုခင်တယ်၊ ကိုယ်ကလောကကိုခုံမင်တွယ်တာသူမို့လား .... လူတွေကိုကိုယ့်ကြောင့်စိတ်မချမ်းသာစေချင်ရင်တောင်စိတ်မဆင်းရဲစေချင်တာတော့အမှန်ပဲရှင်၊ ကိုယ့်ကြောင့်လူတစ်ယောက် စိတ်ချမ်းသာသွားသည် ဆိုလျှင်တော့အတိုင်းထက်အလွန်ပေါ့၊ ဒါဟာကိုယ့်ရဲ့ပင်ကိုယ်ဗီဇလို့ထင်ပါသည်။

ကိုယ်တို့သူငယ်ချင်းသုံးယောက်တွင်အရှုန်းကန်ရဆုံးဖြစ်သည့်ဝါနကကိုယ့်ကိုပြောသည်မှာ ....

" ရှင့်ဘဝကလိုတရဖြစ်နေလို့သာရှင်ဟာအရာရာကိုအကောင်း မြင်တာပါဝေန်းရာ "

" ဟဲ့ .... အဲဒီလိုတော့မဟုတ်နိုင်ပါဘူး၊ ပိုက်ဆံချမ်းသာပြီးမောက်မာနေတဲ့သူတွေအပုံပါ "





" မှန်တယ်လေ၊ ဒါပေမယ့်ရှင့်ဘဝမှာ Problem ရယ်လို့မရှိခဲ့တော့ရှင်ဟာ နဂိုစိတ်ရင်းခံကောင်းတဲ့အပေါ်ကဆင့်ပြီးအရာရာကိုပိုအကောင်းမြင်နိုင်တာကိုပြောတာ "

ဒါဟာ ကိုယ့်ရဲ့ပင်ကိုယ်ဗီဇကိုပြောတာနော်၊ ခု-ကိုယ် ပြောပြချင်တာက ကိုယ့်ရဲ့တွယ်တာရသူကလေးနဲ့ပတ်သက်လို့ပြောင်းလဲမှုကိုပြောပြမှာတခြားသူတွေနှင့်တောင်သူတကာကိုအကြိုက်ဆောင်တတ်တဲ့ ကိုယ်ဟာ သူနဲ့ကျတော့ ပိုလို့ပင် ပျော့ပြောင်းနူးညံ့ကာ အရာရာကိုလေးဆပ်ခွင့်လို့ သဘောထားသည်လေ၊ အဝတ်အစားဝတ်လျှင်ဖြစ်စေ၊ နှုတ်ခမ်းနီဆိုးလျှင် ဖြစ်စေ၊ သူဟာကိုယ့်ရဲ့ဝတ်စားဆင်ယင်ပုံ အရာင်**အသွေးကို** ကြိုက်ပါ့မလားလို့တွေးမိတာ သူ့ကိုစိတ်**ချမ်းသာစေချင်လို့**ပေါ့၊ သူဟာဘယ်လိုပုံစံ ဘယ်လို**အဆင်** **အသွေး**ကိုကြိုက်တယ်ဆိုတာမသိရတာအခက်ဆုံးပင် .... **သူ**ဝတ်တာကတော့အဖြူတွေများတယ်သိလား၊ ရှပ်အင်္ကျီအဖြူဆိုလျှင်ကြွေရောင်တောက်ပြီးရှင်းသန့်ကော့ကြော့နေတာပဲ၊ ပြီးတော့မီးခိုးရောင်လို့အစိမ်းပုပ်ရောင်လို့၊ အညိုရောင်၊ ကော်ဖီရောင်ဒါတွေကိုသူကဝတ်တတ်သည်။ အိမ်ကိုလာလည်တဲ့ပြင်ပုံစံကလေးမှာတော့သူက တီရှပ်အနက်နဲ့ ဂျင်းပန်အနက် ဝတ်တတ်သားပင်၊ တကောင်းထောက်မစွာ သူ့ထံမှကိုယ်သိရသောအချက်မှာသူဟာကိုယ့်ဆံပင်တွေကိုသိပ်လှတာပဲတဲ့၊ ဒါနှင့်ပဲဆံပင်တွေကိုကြာကြာဖြတ်တိပေးလေ့ရှိဆဲ အကျင့်ကိုဖျောက်လို့အရှည်ထားလိုက်ပြီဆဲတစ်နေ့မှာကိုယ့်အကြံကဘွားခနဲပေါ်သွားမှာဆံပင်သွားညှပ်ကြစို့လို့ကိုယ့်ထံရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငဝန်းရေ .... ဆံပင်သွားညှပ်ကြစို့၊ ဒီနေ့မှကျုပ်မှာဘယ်လိုဖြစ်တယ်မသိဆံပင်အရမ်းညှပ်ချင်တာပဲ၊ဝါနလဲလာလိမ့်မယ်။

မိန်းငကမပြောမဆိုဖြုန်းစားကြီး ရောက်လာတော့ ကိုယ့်မှာကိုယ့်ရဲ့အကြံကို ဘယ်လိုလှည့်ပတ်ပြောမည်လဲစဉ်းစားပြီးအကြံအိုက်ရသည်။

" ဟိတ်ကောင်၊ ထလေကွာ၊ ညနေကြီးဘာလို့လှဲနေတာလဲ၊ ခေါင်းကိုက်အုံးမယ်၊ ရေချိုး၊ ဝါနလာရင်မီးလပ်(စ်)သွားစို့ "

" နောက်နေ့မှသွားပါလားပဲလုရာ၊ ငါဒီနေ့အကြောတွေသိပ်တက်နေလို့ပါ "

" အမယ်၊ အကြောတက်ရင်နှိပ်ပေးမယ်လာ၊ နောက်နေ့မရွှေ့နိုင်ပါဘူး၊ ဒီနေ့ဆိုဒီနေ့မှ၊ ကျုပ်က .... "

ပြီးတော့ဒင်းကကိုယ့်ကို အတင်းဆွဲထူကာ ဇက်ကြောတွေကိုအတင်းပဲနှိပ်နယ်ပေးနေတော့သည်။ ပြီးတော့သူဆံပင်ညှပ်ချင်တိုင်းကိုယ့်ဆံပင်ကိုပြဿနာရှာသည်မှာ ....

" ရှင့်ဆံပင်ကြီးလဲရှည်နေပြီတော့၊ အဖျားတွေကလဲရှုးချင်တိုင်းရှုးနေလိုက်တာ၊ မလှတော့ဘူးညှပ်တော့ "

ထိုစဉ်မှာဝါနကရောက်လာသည်။

" ဟီဟိ၊ ဟော့ကောင်တွေမြန်မြန်လုပ်၊ ဒက်ဒီကကြေးအိုးလိုက်တိုက်မယ်တဲ့ "

ငယ်ငယ်ထဲကပေါင်းလာသောကိုယ့်သူငယ်ချင်းတွေကိုဒက်ဒီက ကိုယ့်လိုပဲချစ်ရာ၊ ဒင်းတို့နှစ်ကောင်အတွက်က





တော့ဒီအိမ်ဟာတံခါးအရှိခါးမရှိပင်၊ ပြီးတော့သူ့ပင်္ဂကကိုယ့်ဒက်ဒီကိုပင်ကိုယ်ခေါ်သလိုဒက်ဒီတဲ့ ....

" ဒီမှာအပျင်းမကအကြောတက်သလေးဘာလေးနဲ့ဝါနရေလာရင်တလှည့်နှိပ်ပေးအုံး "

ပုလဲကပြောတော့ဝါနကုတင်ပေါ်မှာလှဲနေသောကိုယ့်နားကိုလာစမ်းသည်။

" ကိုယ်လဲမပူပါဘူး "

" ဟဲ့ .... ရှင့်ကိုကိုယ်ပူတယ်ပြောလို့လား၊ အကြောတက်ပါတယ်ဆိုမှ၊ ရှင့်လိုမိန်းမသာဆရာဝန်လုပ်ရင်လူနာတွေတော့မြန်မြန်သျှောမှာပဲ

" သိပါတယ်ပဲလုရဲ၊ ဆရာမလုပ်စမ်းပါနဲ့၊ အကြောတွေဘာတွေတက်အညောင်းမိပြီးဖျားများနေသလားလို့ပေါ့ဟဲ့ "

" မဖျားဘူးဟာ၊ မဖျားဘူး၊ ဆံပင်မညှပ်ချင်တာတစ်ခုပဲရှိတယ် "

ဒီကောင်တွေအရစ်ရှည်နေတာနှင့်ကိုယ်ကငေါက်ခနဲသထိုင်ကာအော်လိုက်၏။

" ဟောတော်၊ ဘာဖောက်ပြန်ရပြန်တာလဲ၊ ဒါကသူ့ဆံပင်ကြီးကဖြင့်အဖျားတွေကြီးပြီးပုံပျက်နေတဲ့ဟာ "

" ပုံပျက်ချင်သလောက်ပျက်ပစေ၊ တံခါက်ခွက်ထိရှည်အောင်အရှည်ကြီးထားမယ် "

" အေး၊ အဲဒါမှကိုယ့်ဆံပင်ကိုယ်တက်နင်းမိပြီးလေလှတ်တိုက်မယ် "

" ဂျောက်ဂျက်တွေကွဲမှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက်ကတော့ ထုံးစံ အတိုင်းအပြောင်အပျက်တွေပြောနေဆဲတွင် ကျောလည်နဲ့အတိဖြောင်စင်းရှည်လျားလှသော ဆံ၈ ဘွကိုလက်နဲ့ထွေးပွေ့ကာကိုယ်ကဖြီးသင်နေစဉ်သူ့မျက်နှာကို မြင်ယောင်ကာမျက်နှာကပြုံးလဲ့နေမည်။

" အေးနော်၊ နောက်နေ့မှဆံပင်သွားညှပ်ချင်လို့လိုက်ခဲ့ပါအုံးဘာညာနဲ့ဂဂျီဂျောင်မလုပ်နဲ့ " ထ

" အမယ် .... အမယ်ပြုံးတယ်ပြုံးတယ်၊ ပြောစမ်းမိန်းမရှင့်ကိုဆံပင်မညှပ်နဲ့လို့ရှိနေပြီလား "

" ရှိလို့နေမှာပေါ့ဟ၊ အရင်ကဆိုသူပဲဆံပင်ညှပ်ဖို့ပြောတာဝန်းချို၊ သမီးမာမီကိုဖြစ်ကြောင်းကုန်စဉ်သံတော်ဦးတင်စမ်း "

" ဟုတ်တယ်၊ ရှင်တို့ကို ကြွားရအုံးမယ်သိလား၊ သူက လေကျုပ်ဆံပင်တွေကိုသိပ်လှတာပဲတဲ့ "

" အမယ် "

" ဟဲ့ .... ဒီလောက်တောင်ပြောတတ်လာပြီလား၊ ကျောက်ရုပ်က "

" ဟား .... ဟား၊ ပြောတတ်ရုံတင်မကဘူး၊ ကျုပ်ဆံပင်မှာငြိနေတဲ့စက္ကူဖြုတ်စကိုရှင်းပေးသေးတယ်ရှင့်၊ ဟောဒီလို၊ ဟောဒီလိုဖြေးဖြေးလေးဖယ်ပေးတာ "

" ဟယ် .... ကြည့်စမ်း၊ ကြည့်စမ်း "

" ဒါနဲ့ပဲရှင်ကဆံပင်မညှပ်တော့ဘူးလို့ဆုံးဖြတ်ပြီးကျုပ်တို့ကို သစ္စာဖောက်တယ်ပေါ့လေ၊ ဟင်း မွေးရကျိုးနပ်တဲ့သမီး "





သူတို့နှစ်ယောက်က ပြောပြောဆိုဆိုဖက်ခေါင်းအုံးနဲ့ကိုယ့်ကိုရိုက်ကြရာကိုယ်က ရှောင်ပြေးပြီးအော်ဟစ်၊ သူတို့ကိုဆောင်တွေနဲ့ပြန်ပေါက်ဖြင့်အိပ်ခန်းထဲမှာချက်ချင်းဆူညံသွားတော့သည်။

" အထဲက ကလေးတွေကြေးအိုးစားမယ်ဆို၊ ခုအရွယ်ထိနပန်းလုံးကြတုံးပဲလား၊အရုပ်တွေ "

အပြင်မှဒက်ဒီကလှမ်းအော်တော့မှ " စားမယ်ဒက်ဒီ " ဆိုကာသုံးယောက်သားဝရုန်းသုန်းကားဖြင့်ပြေးထွက်လာကာအဲဒီနေ့ကဆံပင်မညှပ်ရတော့ဘူးပေါ့။

*****************



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ သူနဲ့ကိုယ့်ကိုယ် ကားနဲ့အတူသွားရမည့်ကိစ္စ၊ ပေါ်လာပုံကိုပြောပြရအုံးမည်။ ထိုနေ့ကဒက်ဒီက လူကြီးပိုင်းအစည်းအဝေးတစ်ခုရှိလို့ ကိုယ့်ကို ကိစ္စတစ်ခုကို ခိုင်းသည်။

" ဟန်နီ၊ဆိပ်ကမ်းကိုပစ္စည်းတွေရောက်လာတယ်တဲ့၊ အဲဒါဟန်နီကိုခနဲ့အတူသွားကြည့်ရမယ် "

" ဟုတ် .... ဒက်ဒီ "

ကိုယ်သည် အိမ်မှာဒက်ဒီကို ဘယ်လောက်ပင်ချွဲနွဲ့သော်လည်းလူအများရှေ့မှာတော့ ဒက်ဒီပြောသမျှ နာခံကာရှိသေမြဲပင်၊ ခိုင်းသမျှကိုလည်း တသွေမသိမ်းလုပ်မြဲပင်၊ ပြီးတော့ ဒက်ဒီက သားအဖ နှစ်ယောက်ထဲ ရှိချိန်မှာ ပြောတာက ...."

" ကိုခ ဟာအလုပ်လုပ်တာသိပ်တော်တယ်၊ သမီးနဲ့သူနဲ့ကို ရာထူးအတူတူဒက်ဒီပေးထားပေမယ့်သမီးကိုခကိုမှီအောင်အများကြီးကြိုးစားရအုံးမယ်၊ ဒါသားအဖနှစ်ယောက်ထဲရှိချိန်မှာပြောတာ .... တဲ့ ... "

ကိုယ်အခန်းထဲမှ ကားသော့ယူပြီး ထွက်လာချိန်တွင် ဒက်ဒီကကိုခနဲ့စကားပြောနေသည်။ အံ့ဩစရာကောင်းသည်မှာဒက်ဒီ့လက်တစ်ဖက်ဟာသူ့ရဲပုခုံးကိုဆုတ်ညှစ်လို့ .... ဒက်ဒီဟာသူ့ကိုသိပ်သဘောကျပုံပဲ၊ သားယောကျ်ားလေးလဲမရှိလို့ခင်တွယ်ပုံပင် ....

" ဟာ .... ဟုတ်လား၊ ကိုခကားမပါဘူးလား၊ အလာတုံးကရော "





" ကျွန်တော် Taxi နဲ့လာတာအန်ကယ်လ်၊ နက်ဖြန်လဲပိတ်ရက်ဖြစ်တာနဲ့ကျွန်တော့်ကားဝပ်ရှော့ပို့ထားခဲ့တာ "

" အိုကေ၊ ပြဿနာမရှိဘူး၊ ဟန်နီ့ကားနဲ့ပဲသွားလိုက်ကြပေါ့ "

" ဟုတ် .... အန်ကယ်လ် "

" အေးတစ်ခုပဲနော် ကိုခ၊ အန်ကယ့်သမီးမောင်းတဲ့ကားကိုစီးရဲဖို့ကတော့ တော်ရုံသတ္တိနဲ့မရဘူးကွ ဟဲဟဲ၊ အန်ကယ်လ်အထင်တော့ကိုခမောင်းရင်ကောင်းလိမ့်မယ်နဲ့တူတယ် "

" ဒက်ဒီ "

ကိုယ်ကရုက်တက်တက်နဲ့ဒက်ဒီကိုခြေဆောင့်ပြဆဲသူကထိုပုံစံကိုအံ့ဩသလိုကြည့်ပြီးပြောသည်မှာ ....

" ကျွန်တော်လဲကားမောင်းကြမ်းတာပဲအန်ကယ်လ် "

" ဟော အေးအေး၊ ဟန်နီနဲ့အဖော်ရတာပေါ့ကွာ "

သူအပါအဝင်ရုံးခန်းခဲ့မှာရှိနေသောသူအားလုံးပြုံးစိစိပြုံးလိုက်၏။

" ကောင်းပြီ၊ ကိုခ အန်ကယ်လ်စိတ်ချမယ်နော်၊ ညည်းတွေခင်မယ်၊ ပြီးတော့ဟိုကိုလှမ်းပြီးပို့မယ် "

" ဟုတ်ကဲ့စိတ်ချပါအန်ကယ်လ် "

" အေး .... ဒါဆိုအန်ကယ်အစည်းဝေးခန်းထဲဝင်ထားရမယ်–ဟန်နီ .... ဘိုင် "

" ဘိုင် .... ဒက်ဒီ "

ဒက်ဒီတို့ ဆွေးနွေးမည်မှာအခုလုပ်နေသောလုပ်ငန်းမှ အမြတ်ငွေဖြင့် Hotel တစ်ခုဖွင့်ဖို့တဲ့ .... ညကဒက်ဒီပြော

www.burmeseclassic.com



လို့ကိုယ်သိရသည်ပင်၊ ဒက်ဒီထွက်သွားတော့ကိုယ်ကားရှိရာ လျှောက်လာပြီးသော့ကိုသူ့ထံလှမ်းပေးလိုက်၏။

"ဟင် ...."

"ကို ခင်းသီခမောင်းလေ"

"ဂျေးဇူးပဲ"

"ဘာကြောင့်"

"မိန်းမတစ်ယောက်မောင်းတဲ့ကားကိုကျွန်တော်မစီးချင်ဘူး"

မှတ်သားလောက်ပါပေသည်။

ကိုယ်ကပုခုံးတွန့်ပြရာသူကတစ်ချက်ပြုံးလိုက်ပြီးမှ ချက်ချင်းပြန်တည်လိုက်၏။ ပြီးတော့မောင်းသူနေရာတွင် ဝင်ထိုင်ရင်းဘေးမှာထိုင်နေသော ကိုယ့်ကိုလှည့်ကြည့်၍ ပြောသည်မှာ ....

"ကျွန်တော်ကားမောင်းကြမ်းတယ်၊ မီးပွိုင့်ခဏခဏမိ ရင်လဲစိတ်တိုတယ်၊ ခင်ဗျားစီးရဲ့ရဲ့လား"

"ရှင်မောင်းရဲရင်ကျွန်မစီးရဲတယ်"

"အိုကေ ...."

ထို့နောက်သူက လီဗာကိုဆောင့်၍နင်းကာ ကုမ္ပဏီခြံ ဝင်းထဲမှလမ်းမပေါ်ကိုဘရိတ်မအုပ်ဘဲကျွိခနဲဆွဲလှည့်ကာကွေ့ ပုံမှာ အသည်းယား စရာတည်း။ ကိုယ့်ဆံပင်ရှည်တွေမှာ ကားပြတင်းမှဝင်လာသော လေပြင်းပြင်းကြောင့်လွင့်ပါးကုန် ရာသူ့ ပါးပြင်ကိုပင်ပွတ်သပ်မိသွားသည်။

"ဆောရီး ...."





ကိုယ်ကဆံစတွေကိုလက်နဲ့သိမ်းသပ်ကာမှန်ကိုတင် လိုက်ရသည်။ ထိုအချိန်မှာမီးပွိုင့်မိရာသူက "ရှစ်-ထိ" ဟု ရေရွတ်ပြီးတော့ မီးပြန်စိမ်းစဉ်မှာလီဗာကို ခပ်ပြင်းပြင်းနင်း၍ ဝေါခနဲ မောင်းထွက်ပြန်သည်။ ရှေ့ကကားသုံးစီးကိုလဲကွေ့ ဘာကျော်လိုက်သေးသည်။

"အို .... ဖြေးဖြေးလေကိုမင်းသီခ၊ ကျွန်မမှာအသက် နှစ်ချောင်းမပါဘူးရှင့်"

"ခင်ဗျားပဲစီးရဲတယ်ဆို"

"ကဲ .... ပြန်ရုတ်သိမ်းတယ်၊ အဲဒီစကားကိုမစီးရဲ ဘူးအရှိန်နဲနဲလျှော့လိုက်ပါ"

ဒီတော့မှ ကိုယ်တော်က မထိတထိ ပြုံးကာ အရှိန်လျှော့ လိုက်သည်။

"ဘယ်လိုလဲနောက်တစ်ခါစီးရဲပါအုံးမလား"

"စီးရဲဖို့ကြိုးစားရမှာပေါ့"

ကိုယ်က တိုးတိုးလေး ပြောလိုက်သည်မှာ သူနဲ့ ကားအတူစီးရတဲ့ အရသာဟာ ဘာနဲ့မှ မတူကြောင်း သိသွားပြီရှင်၊သူ့ ရဲဘေးတစ်စောင်း မျက်နှာလေးကို ငေးခွင့်ရတာရယ်၊သူ့ရဲ့ ကိုယ်သင်းနံ့လေးကို ရှူရှိုက်ခွင့် ရတာရယ်နဲ့တင် ကိုယ်က အသည်းတအေးအေး စိုးရိမ် ကြောင့်လန့်ရမှုကို လဲလှယ်နိုင်ပါ သည်နော် ....

အလုပ်ကိစ္စများလုပ်သည့် အခါတွင်ကော့ သူ့ပုံစံမှာ ကိုယ့်ကိုညီမလေးတစ်ယောက်ကိုတွဲခေါ်သလိုမျိုးအရာရာကို ရှင်းပြဖော်ရသားပင်။ ဒါက .... ဒီလိုကြည့်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



" ဒါကို .... ဒီလိုလုပ်ရတယ် " လို့တခုခြင်းရှင်းပြပြီး အခြားသူတွေရဲ့အမြင်မှာကိုယ့်အတွက်သူဟာအားလုံးတာဝန် ရှိနေသလိုမြင်စေရသည်။

" ဟိုက် .... သေပါပြီ " လို့ရေရွတ်ကာသူ့နဖူးကိုသူ့ လက်ဖဝါးနှင့်ရိုက်လိုက်၏။

" ဘာဖြစ်လို့လဲဟင် "

" ကျွန်တော်အိမ်မှာသိပ်အရေးကြီးတဲ့စာရင်းတစ်ခု ကျန်ခဲ့တယ်၊ ပို့ရင်အဲဒီစာရင်းမပါလို့မရဘူး "

" ပြန်ယူလိုက်လေ "

" ဟို .... ခင်ဗျားကိုအားနာလို့ "

" အို .... အားနာစရာလား .... ဒီနေ့ပို့ရမှာမဟုတ် လား "

" ဟုတ်တယ်ဗျ .... ဒီနေ့ပစ္စည်းမရောက်ဘူးထင်လို့ .... ကျွန်တော်လိုတာပါဗျာ "

သူကအဖိုးကြီးလေးလိုတတွတ်တွတ်ရရွတ်ပြီးကားကို မောင်းလာကာ အိမ်ရာတစ်ခု၏ဝင်းထဲကိုဝင်လိုက်ပြီးကားကို ပါကင်တွင်ရပ်လိုက်ပါသည်။ ပြီးတော့ သူကကိုယ့်မျက်ဆံ တွေထဲစိုက်ကြည့်ကာ ....

" ကျွန်တော့်အိမ်ကိုလိုက်လည်အုံးမလားမျက်ဝန်းချို "

" ဟင်အင်း .... "

ဘာကြောင့်မှန်းမသိဘဲကတုန်ကယင်နှင့်ကိုယ်က ငြင်းလိုက်မိ၏။

" အိုကေ .... ဒါဆိုဆယ်မိနစ်အတွင်းကျွန်တော်ပြန် ဆင်းလာခဲ့မယ်၊ ကျွန်တော့်အခန်းကသုံးထပ်မှာ "





ကားပေါ်မှသူဆင်းသွားတော့မှ လိုက်မလည်မိတာကို [illegible]မြောသွားလားလို့နောင်တနဲ့ ကားထဲကနေ သူ့အခန်းလေးကို [illegible]ကြည့်မိသည်။

****************

ထိုညတွင် ကိုယ်သည်ဘာကြောင့်မှန်းမသိဘဲသူနှင့် [illegible]ပြောချင်စိတ်မှာပြင်းပြစွာဖြစ်ပေါ်လာခဲ့သည်။ ထိုအရာ [illegible]ငြင်းပယ်ဖို့လုပသောသက်သေပြချက်ကိုယ့်မှာမရှိပါ၊ ဖြစ် [illegible]ဘာကတော့နေ့လည်က သူ့အခန်းကို လိုက်မလည်မိတာ [illegible]နာလို့များလား၊ သူကဖိတ်ခေါ်ရက်နှင့် ကိုယ်ကဘာလို့ [illegible]မလည်ခဲ့တာလဲ၊သူ့ကိုစော်ကားမလိုဖြစ်သွားခဲ့ပြီ။

သူ့ရဲ့ပုံတူမှင်ခြစ်လေးကိုကိုယ့်အခန်းနံရံမှာ Tape နဲ့ [illegible]ကာချိတ်ထားတာမို့အဲဒီပုံလေးကိုကြည့်ကာမချင့်အရဲအ [illegible]ယားယားဂဏှာမငြိမ်ကြာရှည်စွာဖြစ်လေလျှင်နောက်ဆုံး [illegible]တော့တင်းမခံတော့ပဲသူ့ဆီဖုန်းခေါ်လိုက်တော့သည်။ သူက [illegible]ကြောင့်ဖုန်းဆက်သလဲလို့မေးလျှင် " ပျင်းလို့ " လို့ဖြ [illegible] ဒါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



သို့သော်သူဟာဘယ်သူနဲ့မျှားစကားပြောလေတယ်မသိ၊ ဖုန်းမှာဘယ်လိုမှခေါ်မရဘဲအင်ဂေ့ချ်ချည်းသာဖြစ်နေ၏။

ကြည့်စမ်းပါအုံးတော် ....

" သူဟာဘယ်သူနဲ့စကားပြောနေလို့ဒီလောက်တောင်ကြာ ရတာလဲ .... "

ထို့နောက် ကိုယ်သည်အလွန်ရှုးကြောင်ကြောင်နိုင်လှသောသစ္စာတစ်ခုကိုဆိုလိုက်ပြီးဖုန်းကိုနောက်ဆုံးတစ်ကြိမ်နှိပ်လိုက်၏။

" ကိုယ်နဲ့သူနဲ့ တစ်ချိန်မှာချစ်သူဖြစ်မယ်ဆိုရင် - ဒီတစ်ခါဖုန်းဝင်သွားပါစေ "

အံ့သြစရာကောင်းလှစွာပင် ဤတစ်ကြိမ်တွင်တော့ဖုန်းက " တူ " ခနဲဝင်သွားလေသည်။

" ဟဲလို .... "

" ကိုမင်းသီခလား "

" ဟာ .... မျက်ဝန်းချိုလား "

" ဟုတ် .... ရှင့်ဆီဖုန်းလဲမဆက်ဖူးပဲနဲ့ကျွန်မမှန်းဘယ်လိုသိလဲ "

" ထင်လို့မေးလိုက်တာ "

" ဟင် .... ဘယ်လိုထင်တာလဲ "

" ကျွန်တော့်ဆီဖုန်းဆက်မယ့်လူများများစားစားသိပ်မရှိဘူးဗျ၊ ပြီးတော့ကျွန်တော်ခင်ဗျားဆီဖုန်းခေါ်နေတာအင်ဂေ့ချ်ဖြစ်နေလို့ "

ကိုယ့်ရင်ထဲသိမ့်နဲ့ငြိမ်းချမ်းသွားပါသည်။





" လက်စသတ်တော့ ဖုန်းက နှစ်ယောက်ခေါ်ဖြစ်နေတာကိုး "

သူကတိုးတိုးလေးညည်းပါသည်။

" အံ့သြစရာပဲနော် "

" ဟုတ်တယ်ဗျ၊ ခင်ဗျားနဲ့ကျွန်တော်ဖုန်းမပြောဖူးဘဲဒီညမှတိုင်ပင်ထားသလိုပြိုင်တူခေါ်မိတာ "

" အင်း .... ရယ်ရတယ်နော်၊ ကျွန်မကရှင့်ကိုခေါ် ရှင်ကကျွန်မကိုခေါ်ဖုန်းကအင်ဂေ့ချ်ဖြစ်နေရော "

ဒီကြားထဲမှာ ကိုယ်ဆိုသည့်သစ္စာ ကိုတော့သူ့ကိုမပြောပြသေးပါ။ ကိုယ်သည် ဤညတွင်ကိုယ့်သစ္စာမှန်ခြင်း၊ ဆန်းပြားသော ဆက်သွယ်ချက်ခြင်းတိုက်ဆိုင်ခြင်းတို့ကြောင့်ကျေနပ်ပီတိနဲ့ တစိမ့်စိမ့်ရင်တလှျပ်လှျပ်ခုန်လျက်ရှိ၏။ သေချာတယ်ရှင် .... ဒီပုံအတိုင်းဆိုသူနဲ့ကိုယ်နဲ့တစ်ချိန်မှာချစ်သူဖြစ်ကြရမှာပင် ....

" မျက်ဝန်းချို .... နားထောင်နေသလား "

" နားထောင်နေပါတယ်၊ ကျွန်မစဉ်းစားနေလို့ပါ "

" ဘာများလဲဗျာ "

" ရှင်နဲ့ကျွန်မနဲ့နှစ်ယောက်လုံးဖုန်းစခေါ်မိတဲ့အတွက် ဘယ်သူက စပြီး ဘာကြောင့် ဖုန်းခေါ်ရပါတယ်ဆိုတဲ့အကြောင်းကိုပြောကြမလဲဆိုတာလေ "

သူကခပ်တိုးတိုးရယ်လိုက်ပါသည်။

" ခင်ဗျားဟာကလေးလိုပဲနော်၊ အဲဒါကိုကျွန်တော်[illegible]သတိထားမိတယ် "

အလဲ ....



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုးလို့လဲ ....

ဒီလိုတော့လဲသူဟာကိုယ့်ကိုစိတ်ဝင်စားသားပင်။

" ပြီးတော့ခင်ဗျားပျော်ပျော်နေတတ်ပုံကတစ်ဖက်လူကိုပါပျော်လာစေပုံမျိုးဗျ "

" အဲမယ် .... ဒါရှင်ကျွန်မသူငယ်ချင်းတွေနဲ့မခင်သေးလို့၊ သူတို့နဲ့ဆိုရှင်အူတက်အောင်ရယ်ရလိမ့်မယ် "

" ဟို .... ပိန်ပိန်နဲ့ဝဝဟာလား "

" ပုလဲနဲ့ဝါနုပါရှင်၊ ဘယ့်နှယ်ပိန်ပိန်နဲ့ဝဝရမှာလဲ "

" ကျွန်တော်ကသူတို့ပုံစံတွေကိုပြောတာလေဗျာ "

" သူတို့သာ ရှင်ပြောတာကြားရင်တော့ တော်တော်ဂုဏ်ယူရှာမှာပဲ "

ကိုယ်တို့နှစ်ယောက် ပြိုင်တူရယ်မိကြဆဲ တဖြေးဖြေးကိုယ်နဲ့သူဟာ စကားပြောလို့ကောင်းလာပြီးပိုမိုလဲရင်းနှီးလာကြလေသည်။

" နောက်ဆိုမှတ်ထားလိုက်နော်၊ ပိန်ပိန်က ပုလဲ ဝဝက ဝါနု "

" မမှတ်တော့ဘူးဗျာ၊ ပိန်ပိန်နဲ့ဝဝ လို့ပဲခေါ်တော့မယ် "

သူကရယ်သံနှင့်ပြောရာ ကိုယ်လဲမထိန်းနိုင်ဘဲထပ်ရယ်ကြပြန်သည်။

" ကောင်းပြီ၊ ဒီညတော့ကျွန်တော်တို့ဖုန်းစပြောဖြစ်ကြတဲ့အထိမ်းအမှတ်နဲ့ ကျွန်တော်ကခင်ဗျားကို အကြောပေးလိုက်ပါမယ်၊ ခင်ဗျားကစပြောဟုတ်လား၊ ဖုန်းဆက်ရတဲ့အကြောင်းကိုလေ "





" ကျေးဇူးပါတဲ့ရှင်၊ ကျွန်မရှင့်ဆီကိုဖုန်းဆက်ရတဲ့အကြောင်းကတော့ရှင့်ကိုကျွန်မဒီညပြောမှဖြစ်မယ့်စကားတစ်ခွန်းရှိနေလို့ပါ၊ ဒီညဒီစကားကိုကျွန်မ မပြောရင်အိပ်လို့ပျော်မှာမဟုတ်ဘူး "

" ဒီလောက်တောင်ပဲလား၊ မျက်ဝန်းချိုရယ်၊ ဘာစကားမို့ပါလိမ့် "

" နေ့လည်ကရှင့်အခန်းကိုကျွန်မလိုက်လည်ဖို့ငြင်းမိတာကျွန်မရှင့်ကိုစော်ကားသလိုဖြစ်သွားလားဟင် ကိုမင်းသိခ၊ အဲဒါကျွန်မတောင်းပန်ချင်လို့ပါ၊ တကယ်တော့ကျွန်မလိုက်လည်လိုက်ဖို့ကောင်းတယ်ရှင့် "

" အော် .... အဲဒီကိစ္စလား၊ ဟာ .... ကျွန်တော်ဘယ်လိုမှမအောက်မေ့ပါဘူး၊ တောင်းပန်ဖို့မလိုပါဘူးဗျ "

" တကယ်တော့ကျွန်မရှင့်အခန်းကိုလိုက်လည်ချင်ခဲ့တယ်ကိုမင်းသိခ၊ ဘာကြောင့်ငြင်းလိုက်မယ်မှန်းသာမသိတာပါ "

" ကျွန်တော်ကလဲဘာကြောင့်ခေါ်လိုက်မိမှန်းမသိဘူး မျက်ဝန်းချို၊ ဒီတစ်ချက်လဲတိုက်ဆိုင်ပြန်ပြီနော်၊ တစ်ယောက်ထဲနေတဲ့ယောကျ်ားလေးရဲ့အခန်းကို မိန်းကလေးတစ်ယောက်ကိုမခေါ်သင့်ဘူးလို့တွေးရင်းနဲ့ပဲကျွန်တော်ခေါ်မိသွားတာပါ "

" ဒါပေမယ့်ရှင်နောက်တစ်ခါထပ်ခေါ်ရင်တော့ကျွန်မငြင်းတော့ဘူးရှင့် "

" အိုကေ .... ဒါဆိုအဲဒီကိစ္စပြီးပြီ၊ ကျွန်တော်ပြောတော့မယ်၊ကျွန်တော်ခင်ဗျားဆီဖုန်းဆက်ရတဲ့ကိစ္စ "



www.burmeseclassic.com

www.burmeseclassic.com



" အင်း .... ပြောပါအုံး "

" ကျွန်တော်ကတော့ခင်ဗျားကို ကျေးဇူးတင်ကြောင်း ပြောဖို့ပါ၊ တော်တော်ကြာကြာမပြောဘဲချန်ထားခဲ့တဲ့စကား လေ "

" ကျေးဇူးတင်စကား .... ကျွန်မကို ....ဘာကြောင့်"

" ကျွန်တော့်ပုံတူလေးဆွဲပေးတဲ့အတွက်ကျေးဇူးဘဲ မျက်ဝန်းချို "

" အို .... အဲဒါ ... ဟိုဒင်း ... မလိုပါဘူး .... ကိုမင်း သီခရဲ "

" လိုတယ်ဗျာ .... အဲဒီနေ့ကကျွန်တော်သိပ်စိတ်လှုပ် ရှားသွားလို့၊ အဲဒီကျေးဇူးစကားကိုမဆိုဖြစ်တာပါ၊ သိလား၊ မျက်ဝန်းချို .... ကျွန်တော့်ဘဝမှာကျွန်တော့်ကို အဲဒီလောက် ဂရုစိုက်အသိအမှတ်ပြုတဲ့သူမရှိခဲ့ဖူးဘူး "

" အို .... "

" အဲဒီအကြောင်းတွေစိတ်ပါတဲ့တစ်နေ့ပြောပြပါအုံး မယ်၊ မျက်ဝန်းချို၊ ကျွန်တော့်ဘဝမှာခင်ဗျားဟာပထမဆုံးခင် ရသူပါဆိုတာကိုလဲမအံ့သြပါအုံး "

ပြီးတော့သူကမပြောမဆိုဖုန်းပိတ်သွားတော့သည်။

*****************



အပိုင်း ( နှစ် )

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

ဖုန်းပြောပြီးသည်၏နောက်တွင်တော့ကိုယ်တို့သည် တစ်ယောက်နှင့်တစ်ယောက် ပိုမိုရင်းနှီး နားလည်သွားကြပါ သည်။ ညစဉ်လိုပင်သူနှင့်ဖုန်းတွေပြောဖြစ်သားပင်။ ဒါကို ကြည့်ခြင်းအားဖြင့်ကိုယ်တို့ဟာတစ်ဦးကိုတစ် ဦးလိုအပ်တာ ပေါ်လွင်သားပဲကွယ် .... တစ်ယောက်ကိုတစ် ယောက်သံ ယောဇဉ်နက်နက်နဲနဲပိုတွယ်တာကြပြီပဲ .... သူသည်ကိုယ့် ကိုခပ်ကြောကြောပုံစံဖြင့် " ကျွန်တော်ဟပျင်းလို့ဖုန်းဆက် တာ .... ခင်ဗျားနဲ့စကားပြောရတာအပျင်းပြေတယ်ဗျ၊ လို့ ပြောပေမဲ့ ညတိုင်းသူဖုန်းမဆက်ရမနေနိုင်တာကိုသိနေပုံခပ် ထေ့ထေ့ပြုံးကြည့်လိုက်လျှင် သူဟာ ရှက်ပြီးမျက်နှာရဲသွား တတ်တာများ၊ ကိုယ့်ကိုတစ်စုံတစ်ရာသောအတိုင်းအတာအ ထိအသိအမှတ်ပြုပြီလို့တော့ဝန်ခံရမယ်နော် ....

သူသည်တခါတရံကိုယ့်ကိုဖုန်းထဲမှပဟေဠိတွေဖွက် တတ်၏။ ပြီးတော့အမှတ်သတ်မှတ်ကာနိုင်လျှင်နိုင်တဲ့သူကို ရှုံးတဲ့သူကဘာဝယ်ပေးကြေး၊ စသဖြင့်ဖုန်းယဲကနေကစားကြ သည်။ များသောအားဖြင့်တော့ကိုယ်ရှုံးတာပါပဲ၊ သူမေးတာ တွေကိုလဲကြည့်အုံး ....

" မျက်ဝန်းချို သိပ်ရှုပ်နေတဲ့အခန်းတစ်ခုကိုချက် ခြင်းရှင်းသွားအောင်ဘာလုပ်သင့်သလဲ ... တဲ့ .... "





" အို .... ခပ်မြန်မြန်လေးရှင်းလိုက်ပေါ့ "

" မဟုတ်ဘူး ... ကျွန်တော်ပြောတာအမြန်ဆုံးရှင်း အောင်လေ "

" အေးလေ ... တစ်ယောက်ထဲမနိုင်ရင်အလုပ်သမား ငှါးပြီးရှင်းပေါ့ "

" မှားတယ်ဗျာ "

" ဟယ် ... မမှားနိုင်ပါဘူး "

" မှားတယ်ဗျ "

" ကဲ ... ဒါဆို ရှင်ဆိုရင်ဘယ်လိုလုပ်မလဲပြော "

" မျက်စိမှိတ်လိုက်မယ် "

" ဟင် .... "

" ရှုပ်နေတဲ့အခန်းရှေ့ရောက်လို့မျက်စိမှိတ်လိုက်ရင် မျက်စိထဲမှာရှင်းသွားရောပေါ့၊ ဒီ့ထက်ဘယ်ဟာကပိုမြန်အုံး မှာလဲ "

" ဟာ ... မရဘူးနော်၊ ရှင်မညစ်နဲ့၊ အဲဒါကရှင်းတာ မှမဟုတ်ပဲ မမြင်ရတော့တာပဲ "

" အေးလေ ... မမြင်ရတာလဲရှင်းတာပဲပေါ့၊မဟုတ် ဘူးလား "

" ဟာ ... မရဘူး ... မရဘူး၊ ရှင့်ကိုအနိုင်မပေးနိုင် ဘူးနော် "

ကိုယ်မခံချိမခံသာဖြစ်နေလျှင်တော့သူကတသိမ့်သိမ့် သဘောကျစွာရယ်နေတတ်သည်။

" ကဲ .... ဒါဆိုဒီမေးခွန်းမှာသရေပဲထား "

" မရဘူးလေ၊ ကျွန်မကိုအနိုင်ပေးပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ ... ခင်ဗျားအမှန်ကိုမဖြေနိုင်ဘူးလေ "

" ရှင့်မေးခွန်းကြီးကိုကမှားနေတာရှင့် "

" တယ်လဲအငြင်းသန်ပါလား "

" ကစားတယ်ဆိုတာငြင်းမှပျော်စရာကောင်းတာရှင့်၊ ပဲလုတို့နဲ့ဆိုဒီထက်တောင်ငြင်းသေးတယ်သိလား "

" ပဲလုဟုတ်လား၊ သူငယ်ချင်းအသစ်လား "

" ဟား .... ဟား၊ ပုလဲကိုစကားလိမ်နဲ့ခေါ်တာလေ "

" မှတ်သားလောက်ပါပေတယ် "

" မလှဘူးလားဟင်နှမည်က၊ ပုလဲ ပဲလု၊ ဝါနု ဝုနှာ.... ဟား ဟား .... "

" ဒါဆိုခင်ဗျားကရောမျက်ဝန်ချိုဆိုတော့မျိုဝန်းချက်ပေါ့၊ ဟာမဆိုးဘူးဗျ၊ မသိတဲ့လူတွေခင်ဗျားကိုဂေါ်ဗာချက်နဲ့ အမျိုးတော်တယ်ထင်မှာ "

ကိုယ်စိတ်မဆိုးရက်ပါ ... သူပျော်ပြီးနောက်နေတာလေးကိုသာ၍ပိုမိုတည်တံ့စေစိတ်ဖြင့်တသိမ့်သိမ့်ရယ်မောမိပါသည်။

" ကဲ ... မေးလေ၊ နောက်တစ်ခု .... "

" တော်ပြီဗျာမမေးချင်တော့ဘူး "

" ဒါဆိုကျွန်မမေးရမလား "

" မေးလေ .... "

" အိပ်ကပ်မှာချိတ်ထားရင်မျှားပုံစံဖြစ်နေတာဘာလဲ သိလား "

" လွယ်မှလွယ်၊ ဖောင်တိန်လေ "





" ဟင် .... မှန်တယ်တော့၊ စိတ်ညစ်လိုက်တာ၊ ကဲ နောက်တစ်ခုထပ်မေးမယ်၊ တစ်ချောင်းကအတို တစ်ချောင်းကအရှည် တစ်ချောင်းကတအားပြေးနေတယ်၊ အဲဒါဘာလဲ "

" နာရီလက်တံလား "

" ဟယ် .... ရှင်ဘာလို့ဒီလောက်တော်နေတာလဲ "

" ခင်ဗျားကလွယ်လွယ်လေးတွေမေးတာကိုးဗျ၊ ကလေးကျနေတာပဲ "

" ကျွန်မကဒါပဲမေးတတ်တာကိုးရှင့် "

တခါတရံတွင်တော့သူဟာကိုယ့်ရဲ့ငယ်ဘဝတွေ၊ ဘယ်လိုကြီးပြင်းလာသလဲဆိုတာတွေကိုမေးတတ်ပါသည်။

" ခင်ဗျားကိုကြည့်ရတာအရမ်းကို Perfect ဖြစ်တယ်နော်၊ ကျွန်တော်ကြားဖူးတာက ကလေးတစ်ယောက်ဟာငယ်ငယ်ထဲကမိဘရဲ့ချစ်ခြင်း၊ ဂရုစိုက်ခြင်းကို ခံရရင်သူဟာငယ်ငယ်လေးထဲကသူ့ကိုယ်သူ confidence ရှိတယ်တဲ့၊ ခင်ဗျားရဲ့ငယ်ဘဝဟာတော်တော်လှပခဲ့သလားဟင် "

" အဲဒီလိုလဲမဟုတ်ပါဘူးကိုမင်းသိခရဲ့၊ ရှင်လဲကြားဖူးမှာပေါ့၊ No man is perfect တဲ့ "

" ပြောပါအုံးခင်ဗျားမှာဘာများလိုအပ်ချက်ရှိခဲ့လို့လဲ "

" ကျွန်မငါးတန်းမှာမာမီနှလုံးရောဂါနဲ့ဆုံးသွားခဲ့တယ်လေ "

" ခင်ဗျားသိပ်ခံစားရသလား "

" အမေတစ်ယောက်လုံးသေတာမခံစားရတဲ့သားသမီးရယ်လို့ရှင်ကြားဖူးသလားဟင် "



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်မှ ခဏငြိမ်သက်သွား၏။ ကိုယ်ထင်တာက တော့သူ့မှာ Family Problem ရှိပါလိမ့်မည်။

" ခင်ဗျားအမေကခင်ဗျားကိုသိပ်ချစ်တာပဲလား "

" ရှင်ဘယ်လိုပြောလိုက်တာလဲ၊ ချစ်လိုက်တာမှတုန်လို့၊ ဒက်ဒီအခုကျွန်မကိုချစ်တာရှင်မြင်တယ်မို့လား၊ မာမီက ဒီထက်ပိုသေးတယ်၊ရှင်မရှုံတတ်ရင်ပြောပြမယ် "

" ပြောပါ .... ဘာလဲ "

" ကျွန်မငယ်ငယ်က နှာခေါင်းပိတ်ရောဂါဖြစ်တော့ လေ၊ မာမီဟာကျွန်မနှာခေါင်းထဲကပြည်တွေနဲ့ရောနေတဲ့နှပ်ချီးတွေကိုသူ့ပါးစပ်နဲ့စုပ်ထုတ်ပေးဖူးတယ်ရှင်သိလား "

" စံပြမိခင်ပဲနော်၊ လောကမှာဘာလို့ဒီလိုမိခင်တွေ ကြီးပဲမရှိရတာလဲဗျာ "

သူသည်ရှုံ့က်ပြီးပြောနေသလို တိုးတိတ်စွာ ညည်းညူဆဲကိုယ့်ရင်ထဲရေခဲနဲ့အပက်ခံရသလိုသနားဆွတ်ကြင်စွာအေးစက်သွားပါသည်။

" ကိုမင်းသီခ "

" ကျွန်တော်နားထောင်နေပါတယ် "

" ကျွန်မနဲ့ရှင်ဟာမိတ်ဆွေတွေပါနော်၊ဟုတ်တယ်ရဲ့လား "

" ဟုတ်တယ်လေ၊ဘာဖြစ်လို့လဲ "

" ခံစားချက်တစ်ခုကိုတစ်ယောက်ထဲကြိတ်မှိတ်ခံစားတာထက်မိတ်ဆွေတစ်ယောက်ဆီမှာဖွင့်အံလိုက်ရင်ပိုပြီးသက်သာသွားတယ်တဲ့၊ ရှင့်ရဲ့ခံစားချက်တွေကိုကျွန်မဆီမှာရင်ဖွင့်ပါလားဟင် "





ထိုအခါသူသည်တိုးသဲ့စွာသက်ပြင်းချပြီးနှုတ်မဆက်ပဲဖုန်းပိတ်သွားပြန်လေသည်။

*****************

သူ့ရဲမိသားစုကိစ္စကိုမေးတိုင်းတမျိုးမျိုးအကြောင်းပြ၍ဖြစ်စေ၊ထင်ထင်ပေါ်ပေါ်ငြင်း၍ဖြစ်စေရှောင်ရှားသွားတတ်သော်လည်းတစ်နေ့မှာတော့ သူက ကိုယ်မမေးဘဲပြောပြခဲ့သည်။

ထိုနေ့သည် ဒက်ဒီဂျပန်ကိုခဏသွားနေစဉ်အိမ်ကိုသူရောက်လာသောနေ့ကဖြစ်ပါသည်။ မိုးတွေတအားသည်းနေဆဲတွင်အိမ်မှာကိုယ်ရယ်၊ကြီးဒေါ်ရယ်၊ အပြင်းပြေ ပူတင်းနှာစားနေကြတုံးသူကရောက်လာခဲ့တာဖြစ်သည်။

" အန်ကယ်လ်ကမှာခဲ့တယ်၊အိမ်ကိုမကြာမကြာသွားပေးပါတဲ့ "

" ဩ .... ဒါဆိုဒက်ဒီကမှာထားလို့လာတာပေါ့နော်



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ပါဘူး၊ တကယ်လဲလာချင်လို့ပါ၊ မိုးတွေကလဲ တအားသည်းနေတော့ ခင်ဗျားနဲ့ ကြီးဒေါ်ကြီးနဲ့ နှစ်ယောက် ထဲအားငယ်နေမှာစိုးလို့ "

" ဟုဘ်ပ၊ အားငယ် ငယ်နဲ့ကြက်ဥပူတင်းလုပ်စားနေတာ "

" ကောင်းသားပဲ "

" ရှင် ... ကြက်ဥပူတင်းကြိုက်လားဟင် "

" ကြိုက်တယ်၊ ဂျံမပါရင်ပိုကြိုက်တယ် "

" ဟယ် .... ကျွန်မနဲ့တူတယ်တော့၊ကြီးဒေါ်ကြီးရေ သမီးနဲ့ကိုမင်းသီခအတွက် ဂျံမထည့်ပဲ အလွတ်လုပ်ပေးအုံးနော်"

" အေးပါတော်၊အေးပါ "

ထို့နောက်ကိုယ်တို့နှစ်ယောက်ဧည့်ခန်းတွင်ထိုင်လိုက်ကြပါသည်။ သူဟာအိမ်နေရင်းထလာပုံဂျင်းပန့်အနွမ်းလေးနဲ့ တီရှပ်လက်တိုလေးနဲ့ ဖြစ်ရာကိုယ်သည် ဤရှင်ခုန်စွဲမက်ဖွယ်ကောင်လေးအား ခဏခဏမကြည့်မိအောင် သတိထားနေရဆဲသူကတော့ကိုယ့်ကိုပဲ ငေးငေးနေတာ ကျောခိုင်းထားလဲသိနေသလိုပဲရှင် .... စဉ်းစားကြည့်ကြစမ်းပါ .... ဒီလောက်မိုးတွေ သည်းနေတဲ့ညချမ်းဟာ တကယ်ကိုလွမ်းစရာ မရှိတဲ့လူတွေ တောင်ဘယ်ကိုလွမ်းရမှန်းမသိဘဲ၊ လွမ်းကြသေးတာမို့လား၊ ကိုယ့်လို အလွမ်းဓါတ်ခံရှိသူမှာ ခုနကပင်ကြက်ဥပူတင်းသူ့ကို ကျေးချင်စိတ်ဖြင့် လွမ်းနေဆဲသူက ရောက်လာတော့နှစ် ယောက်အတူရှိရသည့် အဖြစ်အပျက်မှာရင်မခုန်ပဲဘယ်နေနိုင်ပါ့မလဲကွယ်။





" မျက်ဝန်းချို မချမ်းဘူးလား "

" ကျွန်မကရှင့်ကိုမေးမလို့ "

လက်ပြတ်ဂါဝန် ကိုယ်ကျပ်လေးကို ဝတ်ထားသောကိုယ့်ကို သူကမေးလိုက်ချိန်မှ ကိုယ်လဲသူချမ်းနေမှာပဲလို့တွေးမိပြီးမေးမည်ကြံစဉ်ဖြစ်လို့ စိတ်ခြင်းတိုက်ဆိုင်တာကိုလဲကျေနပ်ရသည်ပင် ....

" ရှင်နဲ့ကျွန်မစိတ်ခြင်းအမြဲတိုက်ဆိုင်တယ်နော်၊အံ့ဩစရာပဲ "

" အဲဒါဘယ်သူတွေမှတူတတ်တာလဲဟင် "

" တစ်ယောက်နဲ့တစ်ယောက်ချင့်ခင်တွယ်တာတဲ့သူတွေမှာဖြစ်တတ်တယ်လို့စာအုပ်ထဲမှာဖတ်ဖူးတာပဲ "

သူသည် စကားကို တိုးသဲ့စွာပြောပြီးကိုယ့်ကိုသတိထက်လွတ်ငေးနေလျှင်ကိုယ့်မှာကောင်းကင်ခွဲလွင့်မျောချင်ပြီးအို .... ကျေးဇူးပြု၍ဒီလိုမကြည့်ပါနဲ့လားရှင်၊ကိုယ်ဟာသူ့ရဲ့ မီးလက်ပြီးတောက်ပလှတဲ့အကြည့်ကိုမျက်နှာချင်းမဆိုင်ရဲ မျက်လွှာချဆဲ သူကလက်ပိုက်ကာ " ဗိုး " ဟုညည်းလိုက်၏။

" ဟော .... ချမ်းနေပြီလား "

" နဲနဲပါ "

" အနွေးထည်ဝတ်မလား၊ ဒက်ဒီဂျက်ကတ်တွေရှိတယ် "

" ဟင်အင်း .... စိတ်အိုက်တယ် "

" ကျွန်မတို့ကွန်ပြူတာနဲ့ချက်စ်ထိုးကြမလား "

" ဟင်အင်း .... ကျွန်တော်စကားတွေပြောချင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆိုပြောလေ "

" ကဲ .. ရပါပြီတော်၊ ကြက်ဥပုတင်းပုပုလေး၊ လာ .... လူလေးရာကြီးဒေါ်လက်ရာစားပြီးရင်လေဆွေမျိုးရော၊ ရည်းစားရော အကုန်မေ့သွားမယ်ဟဲဟဲ .... "

" ဈေးနှုးပဲကြီးဒေါ်ကြီး "

ထို့နောက်ကြီးဒေါ်ကြီးကကိုယ်တို့လှမ်းမြင်နေရသော တစ်ဖက်ရပ်ကြည့်ခန်းတွင်ဗွီဒီယိုကြည့်နေဆဲ သူကကိုယ့်ကို သူ့ရဲ့မိသားစုဘဝအကြောင်းကိုပြောပြခဲ့ပါသည်။

" ကျွန်တော်ဘယ်သူ့ကိုမှမပြောပြဖူးသေးတဲ့ကျွန်တော့်ရဲ့မိသားစုအကြောင်းကိုအခုနားထောင်ချင်လားမျက်ဝန်းချို "

" အို ... ကျွန်မအမြဲတမ်းနားထောင်ချင်နေတာပါကိုမင်းသီခရဲ၊ တကယ်ပါရှင်မပြောပြလို့သာ "

" ပြောပြချင်စရာမှမကောင်းတာဗျာ "

" ဟင် ... "

သူသည်မိုးတွေနေတာကိုမှန်ပြတင်းမှကြည့်ကာခပ်မဲ့မဲ့ပြုံးလိုက်ဆဲနာကြည်းလှသောမျက်လုံးတွေထဲမှာ မျက်ရည်ကြည်တွေဝေ့ဝဲနေသလိုပင်။

" ခုလိုမိုးတွေတအားသည်းနေတဲ့နေ့တစ်နေ့မှာကျွန်တော့်ကိုမွေးခဲ့တဲ့အမေဆိုတဲ့မိန်းမက ကျွန်တော့်ကို စွန့်ပစ်ခဲ့တော့ကျွန်တော်ဘယ်အရွယ်ရှိပြီလဲလို့ခင်ဗျားထင်လဲဟင် "

" ဘယ်အရွယ်လဲဟင် "

ကိုယ်တွန့်ဆုတ်စွာစကားထောက်ပေးလိုက်မိဆဲသူကအံကိုတင်းနေအောင်ကြိတ်လိုက်ပါသည်။





" နှစ်လသားဗျ၊ နှစ်လသား "

" ဘုရားရေ "

"ခုလို မိုးကြီးသည်းနေတဲ့အချိန်မှာနှစ်လသားအရွယ်သာ ရှိသေးတဲ့ကလေးနီတာရဲလေးကို အိမ်ကြီးတစ်လုံးထဲမှာ တစ်ယောက်ထဲပစ်ထားပြီး လင်ငယ်နောက်လိုက် သွားတဲ့ မိန်းမကို "အမေ" လို့ကျွန်တော် သတ်မှတ်သင့်ရဲ့လား ဗျ၊ သူဟာ " အမေ " စာရင်းထဲမှာပါပါ့မလား "

" ဟုတ်ပါ့မလား .... ဟိုဒင်း .... ဘာဖြစ်လို့ "

ကိုယ်သည်မယုံနိုင်စွာ အယောင်ယောင်အမှားမှားရေရွတ်လိုက်မိခြင်းဟာ ဒီလောက်ကြည့်ကောင်းချော့မောတဲ့ ကလေးတစ်ယောက်ကို ဘာကြောင့်ပစ်ရက်ရသည်လဲကွယ်

မိုးသည်းကြီးထဲမှာတဲ့ ..

အိမ်ကြီးတစ်လုံးထဲမှာတဲ့ ...

ကလေးလေးတစ်ယောက်ထဲတဲ့ ...

"သူတို့လင်မယား တစ်ယောက်နဲ့ တစ်ယောက်မကျေနပ်တိုင်း၊ အာဃာတကြီးတိုင်း ကြားထဲက ကျွန်တော်က ခံရတယ်၊ ဘယ်လောက်တောင်ဆိုးဝါးသလဲ မယားက လင်ကိုမကျေနပ်တိုင်း ကျွန်တော့်ကို "ပစ်ခဲ့တယ်၊ လင်ဟာ မယားကို မကျေနပ်တိုင်းကျွန်တော့ကိုအဖွားဆီကိုပို့တယ် "

" အို "

" ဆောရီး ၊ ကျွန်တော်စကားပြောတာ ရင့်သီးသွားသလားကျွန်တော်ဟာ မွေးစထဲကငြင်းပယ်ခံခဲ့ရတာပါမျက်ဝန်းချို၊ ကျွန်တော့်ရဲ့အရာရာနဲ့လွဲချော်မှုကိုခင်ဗျားနှင့်ခွင့်လွှတ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိစ္စမရှိပါဘူးကိုမင်းသီခ၊ သူစိမ်းတွေမှ မဟုတ်တာ"

" ကျွန်တော့်ကို အဖွားက မွေးစားခဲ့လို့သာပေါ့၊ ကျွန်တော်ဟာ မိုးသည်းထဲမှာ အဖေကအဖွားဆီ ပို့ခဲ့လို့ ငယ်ငယ်ထဲကအဆုတ်အအေးမိခဲ့ပြီး နမိုးနီးယားဝင်ခဲ့တယ်၊ နှစ်လသားထဲက ရောဂါရခဲ့တာ"

ရုတ်တရက်သူ့အသံသည် ဆို့နှစ်တိုးဝင်သွားပြီး သူ ဟာလက်ဖဝါးထဲ မျက်နှာမှောက်ကာ ငြိမ်သက်လိုက်ဆဲ တွင်တော့ကိုယ်ဟာ ကိုယ့်ကိုယ်ကိုဘာလုပ်လိုက်မှန်းမသိပဲ ဖြုန်းဆိုလှုပ်ရှားလိုက်မိရာ ကိုယ်သတိရချိန်တွင်သူ့ရှေ့မှာဒူး ထောက်လျက်၊ သူ့ဆံစတွေကိုပွတ်သပ်နှစ်သိမ့်နေမိပြီး ....

" ကျွန်မတကယ် စာနာမိပါတယ်၊ တကယ် ပြောတာပါ .... တကယ်ပါ"

ကိုယ်ဟာသူ့မျက်ဝန်းထဲမှာ အမြဲလိုမြင်နေတယ်တဲ့ ချို့တဲ့မှုတစ်စုံတစ်ရာကို သိလိုက်ရချိန်တွင် ထိုချို့တဲ့မှုက ကိုယ် ထင်တာထက် များစွာဆိုးဝါးပြီး ဝမ်းနည်းကြေကွဲ စရာကောင်း နေခဲ့သည်။ ဒါပေမဲ့ သူ့ကိုတွေ့စကပင် ကိုယ်ထင်နေခဲ့သောအထင်ဟာ မှန်နေတာမို့ ကိုယ်ကသူ့ကို နားလည်နိုင်သူလို့၊ ဂုဏ်ယူရဲ့ပြီး ပျော်ရွှင်လိုက်လှဲသည်။ ဒါပါပဲကွယ်... စကားလုံး မရှိတဲ့နားလည်မှုဆိုတာဒါပါပဲ ....ဒီလောက်ဆိုလျှင် သူ့ကို ကိုယ် တစ်သက်လုံး နားလည်ပေးနိုင်ဖို့၊သတ္တိရှိစွာကိုယ်ခံယူ နိုင်ပြီလေ ....

" အခု ... အဖွားရောဟင် "





အကြာကြီးပဲ ကိုယ်တို့ငြိမ်သက်နေကြပြီးမှကိုယ်က တိုးတိုးလေးမေးလိုက်သည်။သူသည် ကိုယ်ကသူ့ဆံဇများကို ပွတ်သပ်ပေးနေတာကို တောင့်မတ်စွာခံယူနေပုံမှာကြင်နာသူ ယမှုကိုမခံ ဘူးတဲ့ အရိုင်းဆန်ဆဲယုန်ငယ်ကလေးလိုပဲကွယ်။

"အဖွားကလဲ ကျွန်တော်ဆယ့်ငါးနှစ်သား လောက်ထဲ ကဆုံးတာပဲ၊အဖွားချန်ခဲ့တဲ့အမွေတွေနဲ့ ကျွန်တော် အလုပ် မျိုးခုံလုပ်ရင်းတဖြေးဖြေးပွားလာခဲ့တာပေါ့။ ဘဝမှာအဖွား တစ်ယောက်ပဲတွယ်တာစရာရှိပြီး အဖွားကလဲ ရုတ်တရက် ခွဲခွာသွားတဲ့အခါမနေတတ်မထိုင်တတ်အတောင်ကျိုးငှက်လို ဖြစ်ခဲ့ပေမယ့် ဘဝရပ်တည်မှုအတွက်ရုန်းကန်ရင်းတဖြေးဖြေး တော့အဆင်ပြေလာပါတယ်။ ဒါကအပြင်ပိုင်းဘဝရပ်တည်မှု ပေါ့ အတွင်းပိုင်းရဲ့လိုအပ်မှုကတော့အရင်လိုပဲ၊ မွေးစကထဲက ငြင်း ပယ်ခံရတဲ့ကွက်လပ်ဟာခုထိရှိတုန်းပဲ"

အသံတွေတိုးသက်တုန်ရီပြီး စိတ်ထဲရှိသမျှဖွင့်ချနေပုံ မှာတိုင်တည်တမ်းတသံတွေပါနေတာမို့ ထိုတိုင်တည်ခံရတဲ့ နေရာမှာရှိနေရခြင်းကို ကိုယ်ကျေနပ်သည်ရှင် .... ဟုတ်တယ်နော် ... လူတွေဟာသူတို့ယုံကြည်ရတဲ့သူကိုသာ ခံစားချက်ကိုဖွင့်ဟတိုင်တည်ကြသည်ပဲ၊ ကိုယ်နှစ်သိမ့်စွာပြုံး ပြီးသူ့အားမှာ ဝင်ထိုင်လိုက်ချိန်တွင် သူကဦးခေါင်းပြန်မော့ လာပါသည်။

အို ... သူငိုထားလားဟင် ...

သူ့ရဲ့ နှာသီးဖျားလေးနဲ့ နှုတ်ခမ်းလေးမှာ ချစ်စရာ ကောင်းလောက်အောင်ရဲတွတ်နေရာ သူ့ကို ရင်ခွင်ထဲမှာထွေး နှစ်သိမ့် ချင်စိတ်ကိုကိုယ်မနည်းထိန်းလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကိုမင်းသီခရဲ့အဖေနဲ့အမေရောဟင် ရှိသေးလား"

" ရှိတယ်၊ ဒါပေမယ့် ဒီနိုင်ငံမှာမဟုတ်ဘူး ၊ နှစ်ယောက်လုံးအိမ်ထောင်သစ်ကိုယ်စီနဲ့နိုင်ငံခြားမှာ၊ဟို ... မျက်ဝန်းချို"

"ရှင် ..."

"ကျေးဇူးပြု၍ကျွန်တော့ကိုသူတို့အကြောင်းထပ်မမေးပါနဲ့ဗျာ ... ကျွန်တော်တောင်းပန်နေ တာပါ"

"ဆောရီး ... အင်း ... ဟုတ်တယ်၊ ကျွန်မမမေးသင့်ဘူး၊ကျွန်မအနူးအညွှတ်တောင်းပန်ပါတယ်ရှင်"

သူဦးခေါင်းကိုယမ်းခါပြီးကိုယ့်ဘက်လှည့်ကြည့်ကာ နွေးနွေး ထွေးထွေးလေး ပြုံးပြသဖြင့် ကိုယ်ကြည်နူးသွားပါသည်။ ကိုယ်တို့တစ်ယောက်နဲ့တစ်ယောက်ပြုံးကြည့်ဆဲပုံစံဖြင့်ကိုယ်ကသူ့ကိုပြောသည်မှာ ....

"ယောကျ်ားတစ်ယောက်ဟာ မိခင်စိတ်မရှိတဲ့ မိန်းမတစ်ယောက်ရဲ့ပြုစုယုယမှု၊အားပေးနှစ်သိမ့်မှု၊အဖော်လုပ်ပေးမှုကိုအမြဲလိုအပ်တယ်ဆိုတာကိုမင်းသီခလက်ခံသလား"

သူကပုခုံးတွန့်ပြသည်။

"အဲဒါ တကယ်ပဲကို . မင်းသီခရဲ့၊ ကျွန်မစာအုပ်တော်တော်များများ ဖတ်ဖူးတယ်၊ ယောကျ်ားနဲ့မိန်းမမှာအပေါ်ယံကြည့်ရင်မိန်းမတွေဟာ စိတ်ပျော့တယ်လို့ ထင်ရပေမယ့်ကြင်နာယုယမှု၊ ဖေးမမှုကိုခံချင်တဲ့ အတွင်းပိုင်းစိတ်နှလုံးရဲ့နူးညံ့မှုမှာကျတော့ယောကျ်ားတွေကမိန်းမတွေထက်ပိုတယ်။

ယောကျ်ားတစ်ယောက် မိန်းမယူတယ်ဆိုတာဟာ ဒုတိယ





အမေ ကိုရှာတာပဲတဲ့၊ အိမ်ထောင်တစ်ခုကိုကြည့်ပါလား၊ မိန်းမကသာ ယောကျ်ားရဲ့ဝေယျာဝစ္စအစစကို လုပ်ပေးရတယ်လေ၊ လက်ရာကောင်းကောင်းလေး ချက်ပြုတ်ကျွေးရတယ်၊ အဝတ်အစားတွေ လျှော်ဖွတ် မီးပူတိုက်ပေးရတယ်၊နင်းနှိပ်ပေးရ · အို .... စုံလို့ ... စုံလို့၊ နောက်ဆုံးလက်သည်းညှပ်ပေး၊ ခေါင်းဖြီးပေးရ တာတောင်ရှိသေးတယ်၊ ယောကျ်ားရော မိန်းမရော ဘယ်လောက်ပဲပေါင်းပွားပြိုင်တူရှာနေကြပါစေ၊ ယောကျ်ားတွေကသာ မိန်းမတွေရဲ့ ပြုစုယုယမှုကိုခံချင်ကြတာပဲ "

ကိုယ်ပြောတာကိုသူကပြုံးပြီးနားထောင်နေပါသည်။

" ကျွန်မအမဝမ်းကွဲရဲ့ယောကျ်ားဆိုသိပ် ရယ်ရတာ၊ နေရာတကာမညိုမပါရင်မပြီးဘူးအကုန်လုံးမညိုကလိုက်ပြောနေရတာ၊ အလုပ် သွားခါနီးဆိုလည်းကားသော့မေ့မယ်နော်၊ ခြင်မေ့မယ်နော်၊ ဟန်းဖုန်း ... အို ... တစ်ခုပြီးတစ်ခုအော်နေရတာပဲ၊ထမင်းစားမယ်ဆိုလဲ ... ညိုရေ ... ရေချိုးမယ်ဆိုလဲ ညိုရေ ... အိပ် တော့မယ်ဆိုရင်တောင်အိပ်ယာထဲလိုက်သိပ်ရတာ၊ အဲဒါမညိုကတစ်ဖက်ကမိန်းမပွဲစားလုပ်ပြီးပိုက်ဆံရှာသေးတာနော်၊ မညိုကလဲ မညည်းရှာပါဘူး ... ဒါယောကျ်ားသဘာဝပဲလို့နားလည်ပါ တယ်၊ ကျွန်မပြောချင်တာကယောကျ်ားတွေရဲ့ ပြုစုယုယခံချင်တဲ့သဘာဝကို ပြောချင်တာလေ၊ ဘယ်လောက်ပဲရဲရင့်တဲ့ခေါင်းဆောင်ကြီးဖြစ်ပါစေ ... သူ့မိန်းမဆီပြန်ရောက်လာရင်တော့ရင်ခွင် ထဲခေါင်းထိုး အိပ်ပျော်တာပဲလေ .."



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားဆိုလိုချင်တာက ကျွန်တော့မှာအဲဒီလို မိန်းမတစ်ယောက် လိုအပ်တယ်လို့ဆိုလိုချင်တာလား "

" အင်း . ... ဘဝရဲ့စိုပြည်မှုပေါ့နော် ... ကိုယ်ကလဲချစ်ခင်နှစ်သက်တဲ့ ... ကိုယ့်ကိုလဲ ချစ်ခင်နှစ်သက်တဲ့ ... ဘဝအဖော်တစ်ယောက်လောက် ရှိရင်တော့လူ့ဘဝဟာနေပျော်စရာပဲလို့ထင်တယ်လေ ..... အဲဒါလူတိုင်းအတွက် လိုအပ်တာပါ ... ရှင် တစ်ယောက်တည်း ကိုပြောတာမဟုတ်ပါဘူး ... "

သူ့မျက်နှာကရုတ်တရက်တည်သွားပြီးအဝေးကိုငေး နေပုံမှာတခြားဘဝတွေကိုလွယ်ကူစွာလက်မခံနိုင်သေးတဲ့ Problem Child လေးရဲ့သနားစရာပုံ ရိပ်လေးပါပဲ ...

"ကျွန်တော်ကတော့တစ်ယောက်တည်းနေရတာကိုနေ သားကျနေသလိုပါပဲ၊ ခန်းခြောက်ပြီးပတ်ကြားအက် နေတဲ့ မြစ်တစ်မြစ်လိုပေါ့"

" ဒါပေမယ့်ကျွန်မနဲ့ခင်ရတာရှင်မပျော်ဘူး လား"

သူကကိုယ့်ကိုအကြာကြီးစိုက်ကြည့်ပြီးမှဖြေးလေးစွာ ခေါင်းငြိမ့်ပြပါသည်။

****************





## အခန်း (၂)

ဘာပဲဖြစ်နေပါစေ .... သူ့ကိုပျော်အောင်လုပ်ပေးဖို့က ကိုယ့်တာဝန်ပဲ၊ ထို့ကြောင့် တစ်နေ့တွင် ကိုယ်ကသူ့ကို ကိုယ့်သူငယ်ချင်းနှစ်ယောက်နှင့် မိတ်ဆက်ပေးခဲ့သည်။ သူ့လိုလူမျိုးကို ဒီကိစ္စမျိုးအား တမင်တကူးတက လုပ်၍မရ ကြောင်း သဘောပေါက်စွာ သူ့အိမ်ကိုအလုပ်ကိစ္စနှင့်လာရင်း ဘက်ဒီနဲ့ညှော်ခန်းထဲမှာ စကားပြောနေစဉ်တွင် ကိုယ်က ပုလဲနှင့်ဝါနကို ဖုန်းဆက်ခေါ်လိုက်ပါသည်။ သူ့ကို ကိုနှစ်ကောင်နှင့် ခရီးသွားဟန်ပုံစံမျိုး မိတ်ဆက်ပေးရမည်၊ ဒါမှသူ့ကို ကိုယ်တို့အရေးတကြီး ပြုပြင်မွမ်းမံမှု လုပ်တာ ....ပေါ်မည်၊ သူလဲလက်လံမည် .... သူဟာ ရောဂါသည် ကလေးလို့သိရပြီးချိန်တွင် သူနဲ့ပတ်သက်တဲ့ ကိုယ့်ရဲ့ ခံနည်းအားငယ်မှုများ မရှိတော့၊ သူ့ကိုအထီးကျန်ပြီး ငွေချော်နေရသောဘဝမှ ကယ်တင်မည်ဆိုပြီးသာ စိတ်အား ထက်သန်သည်။ သူ့ရဲ့ အရာရာကိုလဲ နားလည်လက်ခံပြီး ဤအတိုင်းပင်တစ်သက်လုံး နားလည်လက်ခံနိုင်ရမည်ဟု ဆုံးသွင်းပေးသည်။

" ဟဲ .... လို .... "

ပုလဲထံ ဖုန်းအရင်ဆက်လိုက်သည်။ ပုလဲသည် ဆိုင်ပိတ်ရက်မို့ အိမ်မှာရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" ပဲလု .... ကျုပ်ပါရှင် "

" အေးဝေဝန်းလား၊ ပြောဘာကိစ္စလဲ "

" ကိစ္စက၊ ပြောရင်ရှည်ပါတယ်ဟာ၊ အတိုဆုံးပဲ ပြောမယ် "

" အင်း ကောင်းတာပေါ့ "

" ရှင် .... အခုချက်ချင်းကျုပ်အိမ်လာခဲ့ "

" ဟေ .... "

" နောက်ထပ်ဆယ်မိနစ်အတွင်း ကျုပ်အိမ်ကို အရောက် လာခဲ့လို့ "

" ဟာကွာ၊ ဝေဝန်းရာ၊ အချိန်တော့နဲနဲပေးပါဟာ၊ ကျုပ်ခဏလေးနပ်ချင်လို့ပါ၊ "

" မရဘူးကွာ၊ ပဲလု .... လာဆိုလာ .... ဒါအမိန့်ပဲ "

" သေပါပြီတော်၊ တနင်္လာနေ့လေး နေ့လည်ဘက်အားလို့ တစ်ရေးလောက်နပ်မလား အောက်မေ့ပါတယ်၊ နေစမ်းပါအုံး ရှင်က ဒီနေ့ကုမ္ပဏီ မသွားဘူးလား "

" ဟဲ .... ဟဲ .... ကျုပ်တို့က ကိုယ်ပိုင်ကုမ္ပဏီပဲရှင့်၊ သွားချင်သွားလို့ရတယ်၊ မသွားဘဲနေ လို့လဲရတယ် "

အမှန်တော့ ဒီနေ့အိမ်မှာ အလုပ်ကိစ္စ တိုင်ပင်ခြင်းပါ၊ ဒါကကိုပဲအလုပ်မို့လား၊ ဟိုတယ်အသစ်ဖွင့်ဖို့ကိစ္စလေ "

" ပဲလု .... ဒါပဲနော်ချက်ခြင်းလာခဲ့၊ ငါ ဝါနဆီလဲ ခေါ်လိုက်မယ်၊ လာရင်လာ မလာရင်သေခန်းပြတ်ပဲ "

ပြီးတော့ ကိုယ်ကဝါန၏ မိတ်ကပ်ကုမ္ပဏီသို့ ဖုန်းခေါ်လိုက်ပါသည်။ ကံကောင်းထောက်မစွာ ဝါနက ကုမ္ပဏီရောက်နေချိန်နဲ့ .... ကြုံကြိုက်သွား၏။





" ဟဲလို .... ဝေဝန်လား၊ ရှင်ကံကောင်းတယ်တော့ ကျုပ်အခုလေးတင် အပြင်ထွက်မလို့ "

" အပြင်နောက်မှထွက် မိန်းမရေ၊ ခုချက်ခြင်းကျုပ်ဆီလာခဲ့ပါအုံး "

" ဟေ .... အရေးကြီးသလား "

" သိပ်ကြီး၊ အလွန်ကြီး၊ ဧရာမကြီး "

" အိုကေလေ၊ ဒါဆိုလဲ ငါ့ကိစ္စ နောက်နေ့မှ လုပ်တော့မယ် "

" ဖြစ်တယ်မို့လား "

" ဖြစ်ပါတယ် "

ထို့နောက် ကိုယ်သည် ပါးစပ်ဟောင်ဖွာလှသော ထိုနှစ်ကောင်ဟာ ကိုယ်ကဖုန်းဆက်ခေါ်တာကို အော်ဟစ်ပြောဆိုကာ ဒန်းပေါ်အသာဆင်းထိုင် နေရ၏။ သူတို့ နှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် ဝင်လာတာကို ဒန်းပေါ်က လှမ်းခေါ်ကာ နှုတ်ပိတ်ရသေးသည်။

" လက်စသတ်တော့ သူ့ဟာလေးနဲ့ မိတ်ဆက်ပေးဖို့ ကိုး "

" ဟဲ့ .... တိုးတိုး၊ ကြားသွားအုံးမယ်၊ ကျုပ်ပြောတာ ကြားလား ရှင်တို့ဘာသာ လာလည်တဲ့ပုံစံမျိုးနဲ့ ဝင်လာနော်"

" အေးပါ .... အေးပါ၊ ရှင့်အကြိုက ခရီးသွားဟန်လွှဲလေး မိတ်ဆက်ပေးမယ်ပေါ့လေ၊ ဝေဝန်းတို့ဟာ ဒါမျိုးဆိုရင်တော့ထွက်ပါတယ် အကြံဉာဏ် "

ထို့နောက် ကိုယ်တို့သုံးယောက် အိမ်ထဲအတူဝင်လာရာ သူက လှည့်ကြည့်ဖော်မရခဲ့ပေ။ သို့သော် ဒင်းဒီက ....



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ .... အရုပ်မလေးနှစ်ယောက် ဘယ်ကလှည့်လာတာလဲ .... " လို့လှမ်းနှုတ်ဆက်တော့မှ အားနာစွာ လှမ်းကြည့်သည်။

" ဒီနေ့ ပုလဲကဈေးပိတ်တာနဲ့ ဝေန်းကို ဖုန်းဆက်တော့ ဝေန်းလဲရှိနေတာနဲ့ ထွက်လာတာဒက်ဒီ "

ကိုယ်တို့သုံးယောက် သူနဲ့ဒက်ဒီရှိရာဧည့်ခန်းသို့ သွားကာ ဆက်တီမှာဝင်ထိုင်လိုက်၏။

" ကိုမင်းသီခ၊ ဒီနှစ်ယောက်နဲ့ ကြုံဖူးလားမသိဘူး "

" ကျွန်တော်အလုပ်လာလျှောက်တဲ့နေ့က မြင်ဖူးလိုက်တယ်ထင်တယ် "

အားလုံးဝါးခနဲ ပွဲကျသွားသည်မှာ ဒက်ဒီအသံက အကျယ်ဆုံးပင်၊ ဒက်ဒီသည် သဘောကျစွာ တဟားဟားရယ်နေပြီး ကိုယ်ကနှုတ်ခမ်းစူကာ စောင်းကြည့်နေတာမြင်မှ " အေးပါ ဟန်နီရဲ့ .... မရယ်တော့ဘူး .... မရယ်တော့ဘူး" လို့ အရယ်ထိန်းကာပြော၏။

" သူက ပုလဲလေ .... သူကဝါန .... ပဲလုနဲ့ဝုနှာ "

" ဟုတ်ကဲ့၊ ခင်မင်ရတာ ဝမ်းသာပါတယ် "

" ကျွန်မတို့ကတော့ ကိုမင်းသီခကို အဲဒီနေ့ထဲက သိနေတာပါ "

ပဲလုသည် ကိုယ်တို့၏ အဲဒီနေ့ကအလောင်းအစားကို ပြောမည်ပြင်လေလျှင် ကိုယ်ကခြေထောက်ကိုတက်နင်းရ၏။

" ဟိုလေ .... အဲဒီနေ့က ဝေန်းကသူ့ကုမ္ပဏီအတွက် လူသစ်တစ်ယောက် ရွေးနိုင်ပြီဆိုပြီး၊ ကျွန်မတို့ကို ရှမ်းကန်မှာ ကျွေးခဲ့ပါသေးတယ် "





အားလုံးထပ်ရယ်ကြပြန်သည်။

" ကျွန်မတို့ကခင်တတ်ပါတယ် ကိုမင်းသီခရဲ့ ကျွန်မတို့ကိုလဲ မျက်ဝန်းချို ခင်သလိုပဲခင်နော်၊ အိမ်တွေဘာတွေ အလည်ခေါ်ချင်ရင်လဲ အားမနာနဲ့သိလား "

" ဟား .... ဟား ဝါန ဝုနှာကတော့ လုပ်ပြီဟော့၊ ကိုခရေ ဒီဟာလေးတွေကိုတော့ သတိထားနော်၊ အန်ကယ်လ် သတိပေးလိုက်ပါလေရဲ "

" ဟာ .... ဒက်ဒီနော် "

သူက ဘာမှမပြောဘဲ ပြုံး၍သာနေသည်။ နှုတ်ခမ်းလေးကိုဖွင့်ပြီး ပြုံးစဉ် သူ့သွားစွယ်ချွန်ချွန်လေးတွေမှာ ဖွေးတောက်နေ၏။ ထို့နောက် ဒက်ဒီက သူတို့သုံးယောက်လုံးကို ဂျပန်ကဝယ်လာသော ဘောလ်ပင်တစ်ချောင်းစီ လက်ဆောင်ပေးသည်။

" ဒက်ဒီကို အဲဒါကြောင့်ချစ်တာသိလား "

" ပုလဲအမြင်တော့လေ၊ ဒက်ဒီတစ်နေ့တစ်ခြား ပိုချောလာသလိုပဲ၊ အရွယ်ကလဲတင်တော့ .... "

ပုလဲနဲ့ဝါနက လက်ဆောင်ရလို့ မြူးတူးသွားပြီး ဒက်ဒီကို မြှောက်ပင့်နေကြတာကို သူက ခင်မင်စွာ ငေးမောနေပြီး သူကတော့ " ကျေးဇူးပဲ အန်ကယ်လ် " လို့သာပြောခဲ့သည်။

*****************



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည ဖုန်းပြောသောအခါ သူကကိုယ့်သူငယ်ချင်းတွေကို ခင်မင်မိကြောင်း ပြောပြပါသည်။ ပြီးတော့ သူနဲ့ဒက်ဒီ ဂျပန်ကိုခဏသွားဖို့ကိစ္စကိုပြောရာ အဲဒီကိစ္စကိုယ်မသိသေးလို့ အံ့သြသွားရပါသည်။

" ဟောတော်၊ အဲဒီကိစ္စ ကျွန်မ မသိသေးပါလား "

" အန်ကယ်လ် ခင်ဗျားကိုပြောပြပါလိမ့်မယ်၊ သိပ်မကြာခင်ကမှ အဲဒီကိစ္စ အတည်ပြုဖြစ်တာလေ "

" ဟိုတယ်အသစ်ကိစ္စ အတွက်လား "

" ဟုတ်တယ်၊ ဟိုကပညာရှင်အဖွဲ့ခေါ်ဖို့၊ သွားဆွေးနွေးဖို့ပေါ့ "

" ဟုတ်လား၊ ဘယ်လောက်ကြာမှာလဲဟင် "

" သိပ်မကြာပါဘူး၊ တစ်ပတ်လောက်ပါပဲ "

နှစ်ယောက်သားကြား အတန်ကြာ တိတ်ဆိတ်သွားသည်မှာ ကိုယ့်ဘက်ကတော့ သူမရှိသည့် တစ်ပတ်စာကို ကြိုလွမ်းခြင်းဖြစ်ပြီး သူကတော့ ဘာတွေတွေးနေတယ် မသိချေ။ ဟုတ်ပါရဲ့၊ ဖြစ်နိုင်လျှင်တော့ သူ့ရဲ့အတွေးထဲမှာ ကိုယ်ပါချင်သည်။

" ဟိတ် .... "

" ပြော .... မျက်ဝန်းချို .... "

" ငြိမ်နေလို့ပါ .... ဘာတွေတွေးနေတာလဲ "

" မျက်ဝန်းချို တို့အကြောင်း တွေးနေတာ "

" ဟယ် .... ကျွန်မကတစ်ယောက်ထဲရှိတာလေ .... မျက်ဝန်းချို တို့ဆိုတာက .... "

" အော် .... ခင်ဗျားတို့အသိုင်းအဝိုင်းကလေးပေါ့၊





ခင်ဗျားရယ်၊ အန်ကယ်လ်ရယ်၊ ကြီးဒေါ်ကြီးရယ်၊ ပုလဲရယ် ဝါနုရယ် "

" အင်း .... ဟုတ်ပြီ၊ အဲဒီလိုလုပ်စမ်းပါ "

" ကျွန်တော်တွေးနေမိတယ် "

" အင်း .... "

" ခင်ဗျားတို့ ဘာလို့ပျော်နေကြတာလဲလို့ "

" ဟောတော် "

" ကျွန်တော် မနာလိုဖြစ်နေတာမဟုတ်ဘူးနော်၊ ကျွန်တော့်အတွက်ဆိုရင် လောကကြီးဟာ တကယ့်ကို စိတ်ကြည်နူးဘွယ်ရာ မကောင်းတော့ ခင်ဗျားတို့ ဘာလို့ပျော်နေကြတာလဲလို့ .... တကယ့်ကို နားမလည်နိုင်ဖြစ်တာ "

" အော် .... သနားစရာကောင်းလေးရယ် "

" မျက်ဝန်းချို .... "

" ကျွန်မနားထောင်နေပါတယ် "

" ခင်ဗျား ဒီလောကမှာ နေရတာ တကယ်ပျော်သလားဟင် "

" ကျွန်မပျော်ပါတယ် ကိုမင်းသိခ "

" ဘာကြောင့်လဲ၊ ဘာကြောင့်လူတွေဟာ ပျော်ကြတာလဲ၊ ကျွန်တော့်ကို တစ်ဆိတ်ရှင်းပြစမ်းပါဗျာ "

" သက်ရှိသတ္တဝါအားလုံးထဲမှာ လူဟာ အသိဉာဏ်အမြင့်မားဆုံးပဲ၊ အဲဒီလို အသိဉာဏ်မြင့်မားတဲ့ လက်ရှိဖြစ်တဲ့အတွက် လူဟာ အသက်ရှင်နေသရွေ့ လောကနဲ့ အံဝင်ဂွင်ကျနေတယ်ဖို့၊ ပျော်ရွှင်စွာ ရှင်သန်ဖို့လိုအပ်တယ်လို့၊ ကျွန်မ ထင်တယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်မှ စကားသံပြန်မလာပါ ။

ကိုမင်းသီခ ....

" ဗျာ .... "

" ရှင်ရောမပျော်ဘူးလားဟင် "

" ဖြစ်နိုင်ရင် ကျွန်တော်တော်ပျော်ချင်ပါတယ် မျက်ဝန်းချို "

ကိုယ်ရင်ထဲမှာ တစ်ချက်ကျဉ်သွားလေသည်။

" တစ်ခုရှိတာက၊ ပျော်ရွှင်ခြင်း မပျော်ရွှင်ခြင်းဆိုတာ ကာယကံရှင်နဲ့ပဲဆိုင်တယ်နော် ကိုမင်းသီခ "

" ကျွန်တော်မရှင်းဘူး "

" ဒီလိုလေ .... လူတစ်ယောက်ကို ဘေးလူကနေ ပျော်ပါလို့ အတင်းပျော်ခိုင်းလို့မရဘူးမို့လား၊ ကာယကံရှင် ကိုယ်တိုင်ရဲ့ ယုံကြည်လက်ခံမှုနဲ့ ဆိုင်တယ်လေ "

" ကျွန်တော် ဘယ်လိုယုံကြည်လက်ခံရမှာလဲ "

" ကိုယ်ချင်း မစာနာလို့ပြောတာ မဟုတ်ဘဲ တကယ့်ကိုစာနာပြီး ပျော်စေချင်လို့ပြောရရင် ရင်နာစရာတွေကို မေ့ပစ်လိုက်ရင်အကောင်းဆုံးပဲ ကိုမင်းသီခ "

" မေ့ပစ်ရမယ် "

" ဟုတ်တယ်၊ မေ့မပစ်လို့လဲ ပြန်ပြင်လို့ရတော့တာမှ မဟုတ်တာ၊ အတိတ်ကိုအတိတ်မှာ ချန်ထားခဲ့ရင် ကိုယ့်အတွက်ပိုပြီး သက်သာမယ်လေ "

" ဒါပေမယ့် .... "

" လူအားလုံးဟာ တစ်နေ့မှာ သေရမှာချည်းအတူတူ အသက်ရှင်နေတဲ့ ကာလတိုတိုလေးမှာ ခြောက်သွေ့





အထီးကျန်စွာ ရှင်သန်နေတာဟာ လောကကိုအရှုံးနဲ့ရင်ဆိုင်နေတာလို့ထင်ပါတယ်၊ တကယ်တော့ အားလုံးဟာ စိတ်ရဲ့ပုံရိပ်တွေပါ၊ စိတ်ရဲ့ပုံရိပ်ဆိုတာ ဖျောက်ဖျက်ပစ်လို့ရသလို ဖန်တီးလို့လဲရပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ရှင့်ရဲ့ ဆိုးရွားတဲ့ ငြင်းပယ်ခွန့်ပစ်ခံရမှုဟာ အခုအချိန်မှာ မရှိတော့ပါဘူး၊ ရှင့်ရဲ့စိတ်ပုံရိပ်ထဲမှာပဲ ရှိနေတာပါ "

ကိုယ်သည် သူ့အတွက် ဝမ်းနည်းနာကျင်စွာ ကိုယ်ချင်းစာနာစွာ ပြောရင်း စိတ်မာန်ပါလာကာ လေသံတွေ တုန်ယင်လေးလံလာဆဲ သူကတော့ အလွန်တရာ ငြိမ်သက်စွာ နားထောင်နေခဲ့ပါသည်။

" လူဟာ ဘယ်လိုမွေးဖွားလာတယ်ဆိုတာ အရေးမကြီးပါဘူး၊ ဘယ်လိုရှင်သန်တယ်ဆိုတာဟာ အရေးကြီးတာပါ၊ ရှင့်ရဲ့ စိတ်ထဲကပုံရိပ်ကို ဖျောက်ပစ်လိုက်ပါလို့ တောင်းပန်ပါရစေ၊ အသက်ရှင်နေစဉ်ကာလမှာ အဓိပ္ပါယ်[illegible]နဲ့ နေပါလို့ ပြောပါရစေ၊ လောကကြီးအတွက် [illegible] ချန်မထားခဲ့နိုင်ရင်တောင် ကိုယ်နဲ့ဆက်ဆံရတဲ့ လူတွေကို ပျော်ရွှင်စိတ်ချမ်းသာစေပြီး ကိုယ်ကူညီနိုင်တာ [illegible]ဆို ကူညီခြင်းဟာ ကိုယ့်ကိုယ်ကိုလဲ ပျော်ရွှင်စေတဲ့ [illegible] လောကသာယာအောင် ဖန်တီးပေးတဲ့ အုတ်တစ်ချက် [illegible]ပွင့်လို့ပါပဲ .... "

ပြင့်တက်လာသော လေသံတွေဟာ တုန်ယင်လို့ကျ[illegible]ဆဲမှာ ကိုယ့်ကိုယ်ကိုသတိမထားမိပဲ မျက်ရည်တွေဝိုင်း[illegible]သည်။

" ကျွန်မ ရှင့်ကိုပျော်စေချင်တယ် ကိုမင်းသီး



www.burmeseclassic.com

www.burmeseclassic.com



ဘည်ငြိမ်တက်ကြွတဲ့ ရဲရင့်ဖျတ်လတ်တဲ့ လူငယ်တစ်ယောက်လိုဖြစ်စေချင်တယ်၊ အဲဒါကိုသိရဲလား၊ ရှင့်ကိုပျော်ရွှင်စေဖို့၊ ကျွန်မဘာလုပ်ပေးရမလဲ၊အဆင်သင့်ရှိနေခဲ့တယ်၊အဲဒါရှင့်ကို စာနာလို့ ရှင့်ရဲ့ဒဏ်ရာကိုနားလည်လို့ပါ "

" မျက်ဝန်းချို .... ငိုနေတာလားဟင် "

" ကျွန်မကို မငိုစေချင်ရင် ပျော်အောင်နေပါမယ်လို့ ကတိပေး "

" ဒါပေမယ့် ဘယ်လိုနေရမှန်း ကျွန်တော်မသိဘူး "

" ကျွန်မကို ကတိပေးစမ်းပါ "

" ကောင်းပြီ၊ ကျွန်တော်ကတိပေးတယ်၊ ကျွန်တော့်အတွက် မငိုပါနဲ့မျက်ဝန်းချိုရယ် "

***************





ပုံစံအားဖြင့်ဆိုလျှင် ကိုယ်နှင့် အလွန်နီးကပ်သောကောင်ကလေး၊ ပြီးတော့ လျှို့ဝှက်နက်ရှိုင်းသော ခက်ခဲအေးစက်သောကောင်ကလေးဟာ ကိုယ့်ကို မိုင်ထောင်ပေါင်းများစွာကွာဝေးသော အရပ်မှလှမ်း၍ ချစ်စကားပြောသည်ဆိုလျှင် ယုံနိုင်ကြပါမလားဟင် .... အလွန်နီးစပ်တုံးကဖြင့် မျက်လုံးခြင်း ဆိုင်ကြည့်ရုံသာ တက်နိုင်သည်။ ကောင်ကလေးကလေ .... တကယ်ပါကွယ် .... ကိုယ်ဖြင့် သူကလေးကို အလွန်အံ့ဩရခြင်း၌ ပျော်ဝင်လို့မဆုံးတော့ချေ ....

ဒက်ဒီနှင့်သူ ဂျပန်ကိုထွက်သွားရာ ကိုယ့်အိမ်၌ ပုလဲနှင့်ဝါနက ညတိုင်းပင်လာအိပ်ပေးတဲ့ တစ်ညတွင် သူကကိုယ့်ကို ဖုန်းနဲ့လှမ်းပြီး စကားပြောတာရှင့် ....

" ဒီတစ်ခါတော့ ပညာရှင်အဖွဲ့နဲ့ အပြီးဆွေးနွေးပြီးမှပဲ ပြန်လာတော့မယ်ဟန်နီ၊ တစ်ပတ်ထက်ပိုကြာချင်လဲကြာမယ်၊ ဟိုအရှုပ်လေးနှစ်ကောင်ကို ခေါ်အိပ်ချည်၊ ပြီးတော့ ကုမ္ပဏီကမောင်အေးကိုလဲ ခြံဝကအိမ်လေးမှာ လာအိပ်ဖို့ ဒက်ဒီမှာခဲ့မယ် " လို့ ဒက်ဒီကမှာခဲ့သည်ကိုး။ ဒါနှင့် ကျောင်းတက်တုန်းက အတူစာကျက်တဲ့ညတွေကိုလွမ်းကာ အဲဒီညလို သူငယ်ချင်းသုံးယောက် ပြန်ဆုံကြလေသည်။ ကိုယ့်ရဲ့ သူနဲ့ပတ်သက်တဲ့ တစ်ထောင့်တစ်ညပုံပြင်ကလဲ မဆုံးနိုင်အောင် ရှည်လျားပြီးပေါ့ ....

အဲဒီညမှာပဲ လက်ဖက်သုပ်၊ ဆတ်သားခြောက်မှုန့် ကော်ဖီ စတာတွေ အလယ်မှာချ၊ VCD တစ်ခွေပြီး တစ်ခွေကြည့်ကာ လေဖောနေကြဆဲ သူ့ဆီကဖုန်းကဝင်လာခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကိုယ်ကဒက်ဒီမှတ်လို့ .... ဒက်ဒီဟာမနက်ကပဲ ဖုန်းခေါ်ပြီး ခုဘာကြောင့်များ ထပ်ခေါ်ရပါသလဲ ထင်သေးသည်။

" ဟဲလို ...."

" မျက်ဝန်းချိုလား "

" ဟယ် .... ကိုမင်းသီခလား "

ကိုယ်ပါးစပ်က သူ့နံမည်ကြားလိုက်တာနဲ့ ပုလဲနဲ့ ဝါနက ကိုယ့်နားပြေးလာကာ ဖုန်းကိုကပ်လျှက် နားတောင်လို့၊ ကလိထိုးလွှတ်ရသေးသည်။

" ဟုတ်ကဲ့၊ မျက်ဝန်းချို ကျွန်တော်ပါ "

" အို .... ကျွန်မဝမ်းသာလိုက်တာ၊ ရှင်တို့သွားတာ လေးရက်တောင်ရှိပြီနော်၊ အဲဒီမှာနေရထိုင်ရတာ အဆင်ပြေတယ်မို့လား "

" ပြေပါတယ် မျက်ဝန်းချို "

" ဒက်ဒီနဲ့တောင်မနက်က ဖုန်းပြောဖြစ်သေးတယ်၊ ပညာရှင်အဖွဲ့နဲ့က တစ်ခါတော့တွေ့ပြီးပြီဆို ...."

" ဟုတ်တယ်၊ နောက်တစ်ခါတွေ့ဖို့ကျန်သေးတယ်"

သူ့လေသံတွေဟာ အရင်နဲ့မတူဘဲ တိုးလျှတုန်ယင်နေတာသတိထားမိပြီး မသိစိတ်က ဘာကို ကြိုသိလေတယ် မသိဘဲ ကိုယ့်ရင်တွေ ဒိတ်ဒိတ်ခုန်လာဆဲ သူကပြောသည်မှာ ....

" ကျွန်တော်ခင်ဗျားကိုသိပ်သတိရတာပဲ မျက်ဝန်းချို"

" အို .... "





" ဟုတ်တယ်၊ အဲဒီလိုသတိရတာက ဖွားဖွားကို သတိရတာနဲ့မတူဘူး "

" ရင်တွေခုန်နေတယ်၊ နေလို့ထိုင်လို့လဲမရလောက်အောင်ပဲ၊ အလုပ်ကိစ္စတွေပြီးရင် လျှောက်လည်ရင်း ခင်ဗျားပါလာရင် ပိုကောင်းမှာပဲလို့ တွေးနေမိတယ်၊ ကျွန်တော်ဘာဖြစ်တာလဲဟင် .... မျက်ဝန်းချို .... "

" အို .... ဘယ်သိမလဲ "

သူ့ကိုငြင်းလိုက်ပေမယ့် ဒါဟာအချစ်ပါပဲကွယ်လို့ ရင်ထဲမှ ပြောမိဆဲ မျက်ရည်တွေကတော့စို့လာခဲ့ပြီး၊ ဒါဟာ ရှားပါးတဲ့ အဖိုးတန်တဲ့ ထူးဆန်းတဲ့ ချိုမြိန်တဲ့ လှပသိမ်မွေ့တဲ့ .... အချစ်ပါကောင်လေးရယ် ....

" ကျွန်တော့်ဘဝမှာ ခင်ဗျားလောက်ဘယ်သူ့ကိုမှ မတွယ်တာခဲ့ဖူးဘူး၊ မျက်ဝန်းချို၊ အခုလိုမျိုး ကျွန်တော်နားမလည်တဲ့ ခံစားချက်မျိုးလဲ မပေါ်ဖူးဘူး "

ပြီးတော့ သူ့ရဲ့အသက်ရှူသံပြင်းပြင်းကို ဖုန်းထဲမှာပင် ကိုယ်ကြားရပြီးနောက် တိုင်တည်တမ်းတသံဖြင့် သူကပြောသည်မှာ ....

" ကျွန်တော့်ဘဝမှာ မျက်ဝန်းချို မရှိရင် မဖြစ်တော့ဘူးလို့ထင်တယ် .... ဟဲ .... "

ကိုယ့်ရင်ဝမှာ တစ်ချက်ဆို့နင့်သွားပြီး ချိုမြိန်လှသော မျက်ရည်တစ်စက် ပါးပြင်မှာ ငြင်သာစွာစီးလျောသွား၏။

" မျက်ဝန်းချို .... "

" ကျွန်မနားထောင်နေပါတယ် "

" ခင်ဗျားရော၊ ကျွန်တော့်ကို မလွမ်းဘူးလားဟင် "



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယဲ့ယဲ့လေးပြုံးလိုက်မိ၏။

" ဘယ်လိုထင်လို့လဲဟင် "

" မထင်တတ်ပါဘူး၊ လွမ်းပါစေလို့တော့ ဆုတောင်းနေမိတယ် "

" ကျွန်မလွမ်းနေပါတယ် "

" အိုး .... "

သူက ပျော်ရွှင်စွာ ရေရွတ်လိုက်လေလျှင် သူ့ထက်ပင် ကိုယ်ကပို၍ စိတ်ချမ်းမြေ့သုခကို ခံစားရပါသည်။

" လိုအပ်ချက်နဲ့ရှင်သန်နေတဲ့ ကောင်ကလေးဟာ သိုးကလေးနဲ့တူတယ်၊ သူ့ကိုကြင်နာယုယမှုပေးချင်တယ်၊ ချော့မော့ဖေးမချင်တယ်လေ "

" ဒါဆို အဲဒီသိုးကလေးဟာ ကျွန်တော်ပေါ့နော် "

" အင်းပေါ့၊ ဒါဏ်ရာနဲ့သိုးကလေးလေ "

" မျက်ဝန်းချို ကျွန်တော်ခင်ဗျားကိုချစ်တယ်သိလား၊ တကယ်ချစ်တယ်ဗျာ "

ရုတ်တရက်ပင် အဖျားခတ်တိမ်ဝင်သွားရလောက်အောင် မောပန်းရှိုက်ငင်သလိုပြောပြီး သူကဖုန်းချသွားရာ ကိုယ့်မှာ ကောင်းကင်စွန်း၌ အချိတ်ခံထားရသလို ဟာတာတာ နှင့်ကျန်ခဲ့တော့သည်။

ပြီးတော့မှ သူငယ်ချင်းတွေရှေ့မှာ ရှိုက်ငင်ပြီးပြောခဲ့သည်မှာ ....

" သူက ငါ့ကိုချစ်တယ်လို့ပြောပြီ ရှင်တို့ရေ၊ သူကလေ ကျုပ်ကို .... "





စကားမဆုံးပဲ နှစ်ယောက်လုံးကိုဖက်နမ်းကာ ရယ်မောပြီး ကုတင်ထက်မှာလူးလိမ့်လေလျှင် ပဲလုနဲ့ဝါနုက ထောပနာပြုတာခံရသည်။

" အရူးမ .... တဲ့ .... "

" ရှင်သူ့ကိုချစ်သွားပြီလား "

" အို ချစ်တာပေါ့ .... ချစ်တာမှအရမ်းကိုချစ်တာ .... ထူးခြားတဲ့ ဆန်းကြယ်တဲ့အချစ်နဲ့ .... တစ်သက်လုံးကျုပ်အသက်ရှိသရွေ့ချစ်မှာ၊ ပြီးတော့ တစ်သက်မှာတစ်ခါသာ .... လူတစ်ယောက်မှာ တစ်ခုပဲရှိတဲ့အချစ်နဲ့ .... "

****************



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

ဂျပန်မှပြန်ရောက်လာပြီး နောက်တစ်နေ့ မနက်အစောကြီးတွင် သူကကိုယ့်ထံဖုန်းဆက်ပါသည်။

" ဟဲလို .... "

" ကျွန်တော်ညထဲက ဖုန်းဆက်ချင်နေတာ၊ အိပ်ရေးပျက်မှာ စိုးတာနဲ့ "

" ဟို .... သူအခုအိမ်မှာပဲလားဟင် "

" သိပ်လွမ်းလွန်းလို့ မျက်ဝန်းချိုတို့ လမ်းထိပ်ကိုရောက်နေပြီ "

" ဟုတ်လား .... ဒါဆိုထွက်ခဲ့မယ်နော်၊ ခဏစောင့် "

" ခဏလေး .... မျက်ဝန်းချို "

" ဘာလဲလို့ "

" ကျွန်တော့်ကိုရော လွမ်းရဲ့လားဟင် "

" လွမ်းသားပဲ၊ ညကဖြင့်ဒက်ဒီနဲ့ အတူပါလာမယ်တောင်ထင်သေး "

" ကျွန်တော့်ကို မျှော်တတ်နေပြီပေါ့နော်၊ ကျွန်တော်ပျော်လိုက်တာဗျာ "

" တွေ့မှပြောစို့လေ၊ ခုပဲတွေ့မှာပဲဟာ "

ပြီးတော့ ကိုယ်ကမျက်နှာသစ်ကာ၊ အဝတ်လဲပြီးထွက်ဖို့ပြင်ပြီးမှ ချစ်သူနဲ့ချိန်းတွေ့တဲ့မနက်ခင်းမှာ လုပဖို့လိုမယ်လေလို့ အောက်မေ့ကာ နှုတ်ခမ်းနီ အညိုနုကိုဆိုးလိုက်





ပါသည်။ ဒီလောက်ပဲနော် .... မနက်လင်းလင်းခြင်း ဘာမှမခြယ်သပေမဲ့ လင်းလက်ရှင်းသန့်သော ကိုယ့်အသားအရေကို သူမြင်စေရမည်။ ကိုယ်ထွက်လာတော့ ဒက်ဒီကမနိုးသေးချေ။ နိုးလျှင်တော့ ဘယ်သွားမလဲမေးလျှင် ဘယ်လိုဖြေရမယ် မသိချေ။ သေချာတာကတော့ " ဝါနုတို့နဲ့ ချိန်းထားလို့ " ပါလို့လိမ်မိမည်။ အခုအချိန်မှာ ပြောတာလေးဒက်ဒီကိုဖြင့် ကြာရှည်လဲ လိမ်လို့ရမယ်မထင်ပေါင် ....

သူနဲ့တွေ့ရမှာက လမ်းထိပ်တင်မို့ မနက်စောစောဆိုလမ်းလျှောက်၍လည်းကောင်းတာမို့ လမ်းလျှောက်၍ပင်လာလိုက်သည်။ လမ်းလျှောက်၍ ကောင်းမည်ထင်သောပုံတော်ဖိနပ် လေးညှင်းရောင်ကို စီးလာခဲ့သည်။ ဖိနပ်ကအသစ်စက်စက်နော်၊ ချစ်သူနဲ့ ချစ်သူအဖြစ် စတွေ့ရမယ့်မနက်မို့အသစ်စီးတာရှင့်၊

ဆိုင်ကလေးကို အဝေးကလှမ်း၍ မြင်ရလျှင်ပင်ကားဘေးမှာထွက်စောင့်နေသော သူ့ကိုမြင်ရသည်။ ဘယ်လောက်ပင်ရင်းနှီး ခင်မင်ဖူးခဲ့ပါစေ၊ ချစ်သူရယ်ပါလားလို့လှမ်းမြင်ရတဲ့ ပထမဆုံးအကြိမ်မှာတော့ ရှက်စနိုးရင်ခုန်ရသည်ပင်၊ ကြည့်စမ်းပါအုံးတော့ သူကလေးဟာ ဒီနေ့ဘယ်လောက်များ ကြည့်ကောင်းနေပါသလဲလို့ .... ဖြူလွနေသောအင်္ကျီကလေးနှင့် ချောကလက်ရောင်စတိုင်(လ်) ပင်နီကိုဝတ်ထားကာ စမတ်(တ်) ကျပြီး ကြွရွပြန်ဘာပဲ .... အဆီပိုမရှိတဲ့ သန်မာတဲ့ခန္ဓာကိုယ်နဲ့ အရပ်ကလဲမြင့်လို့ထင်ရှားသူမို့ဘောင်းဘီဝတ်လျှင် သိပ်ကြည့်ကောင်းတာပဲ "

အတွေးမျိုးစုံနဲ့ ရှက်စနိုး ခြေလှမ်းနဲ့ သူ့ဆီသွားရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားဆဲ သူကပြုံးလို့ကြိုကာ ဆိုင်ထဲဝင်လာခဲ့ပြီး ထောင့်စားပွဲမှာ ထိုင်လိုက်ကြသည်။ ဒီဆိုင်လေးကို အရင်က အခါများစွာ ထိုင်ဖူးပါလျက် ခုတော့ဖြင့် ဆိုင်လေးက ပိုလှနေတယ် ထင်သည်။ သူနဲ့ကိုယ်နဲ့ဟာ ချစ်သူတွေအဖြစ် တွေ့ကြတာနော် .... ထိုအသိက အရာရာကို ကိုယ်တို့နဲ့အတူ ရင်ခုန်စေသည်လေ ....

" ကျွန်တော်ရင်တွေခုန်နေတယ် မျက်ဝန်းချို "

ကော်ဖီနှစ်ခွက်မှာပြီးချိန်တွင် သူကကိုယ့်ကို တစိမ့်စိမ့်စိုက်ကြည့်လျက်ပြောသည်။ ကိုယ်ကတော့ တိတ်ဆိတ်စွာ သူ့အကြည့်ကို ရင်ခုန်လိုက်လှဲ့စွာ ခံယူရင်း ဘာမှန်းမသိ ငိုတော့ငိုချင်လေပြီ ....

" ဝန်း .... ကျွန်တော့်ကို ချစ်လားဟင် "

ဟော .... သူ့အခေါ်အဝေါ် ပြောင်းသွားပြီ ....

" ဝန်း .... "

" စတွေ့ထဲက ချစ်ခဲ့ရတာပါ "

" စတွေ့ထဲက .... ဟုတ်လား၊ အဲဒါ တကယ်လားဟင် ဝန်း "

" စတွေ့လိုက်တဲ့အချိန်မှာ ဒီအသက်ဒီအရွယ်အထိ ဘယ်ယောက်ျားအပေါ်မှ မပေါ်ဖူးသေးတဲ့ခံစားချက်တစ်မျိုးကို ရလိုက်တာ သတိထားလိုက်မိတယ်၊ နောက်သူက ကျွန်မကို အေးစက်စက်ဆက်ဆံတော့ အရှမ်းဝမ်းနည်းရတာ၊ အဲဒါ အချစ်ပဲလို့ထင်တယ်၊ နောက်တော့ သူ့ဘဝကို သိရတော့ သူကိုသိပ်ကူညီချင်ခဲ့တာ၊ သူ့ကိုတအားပျော်ရွှင်စေချင်တယ်၊ သူ့အတွက်ဆို ဘာမဆိုပေးဆပ်ဖို့အဆင်သင့်ပဲလေ၊ သူဂျပန်





သွားတော့ တစ်ပတ်လောက်ခွဲလိုက်ရတာ မနေတတ် မထိုင်တတ်နဲ့၊ လွမ်းရတော့ သူ့ကိုတောက်လျှောက် ချစ်နေခဲ့တာ တအားသေချာသွားတယ် "

သူ့မျက်ဝန်းများသည် မယုံနိုင်လောက်အောင် လန်းဆန်းတောက်ပ လာပြီး ပြုံးလဲ့လဲ့နဲ့ချစ်စရာကောင်းအောင် ဆိုသည်မှာ ....

" ဒါဆို .... ကျွန်တော်တို့ ချစ်သူတွေဖြစ်ကြပြီနော် "

" အင်း .... "

" သူလို့ပဲပြောနေအုံးမှာလား "

"အများပိုင် နာမ်နဲ့တော့ မခေါ်ချင်ပါဘူး "

" ဒါပေါ့၊ ကျွန်တော့်ကို " ဝန်း " တစ်ယောက်ထဲပိုင်အဖြစ် တခုခု နာမ်စားသုံးပြီးခေါ်ရမယ်လေ"

ကိုယ်ကသူ့အကြည့်ကို လွှဲဖယ်စွာ ရှက်တက်တက်ရယ်ဆဲ သူကလဲအလိုလိုမြူးကြွလာပြီး တိုးတိုးလေးလိုက်ရယ်သည်။

" မရှက်ပါနဲ့ဗျာ၊ ကျွန်တော်တောင် ဝန်း လို့ခေါ်ပြီပဲ"

" ဟို .... မောင်လို့ခေါ်ရင်ကြိုက်မလားဟင် "

" မောင် .... ဟုတ်လား "

" အင်း .... "

" ကောင်းတယ်၊ ကျွန်တော်ကြိုက်ပါတယ်၊ တကယ်တော့ ဝန်း ကဘယ်လိုခေါ်ခေါ် မြတ်နိုးရမှာပါ "

ကိုယ်ကဝဲလာသော မျက်ရည်တို့ကို ပုတ်ခတ်ကာ သူ့အတွက်ကော်ဖီဖျော်ပေးတာကို သူကကျေနပ်နစ်သိပ်စွာ ငေးကြည့်နေခဲ့ပါသည်။ သူ့ရှေ့သို့ကော်ဖီခွက်ကို ဂရုတစိုက်



www.burmeseclassic.com

www.burmeseclassic.com



ချပေးလျှင်တော့ ....

" ကျွန်တော်ပျော်နေတယ်သိလား ဝန်း " လို့ပြောရှာသည်။

" ကျွန်မလဲပျော်နေတယ် "

" တကယ်တော့ ချစ်သူတစ်ယောက်ရတာ သိပ်အဓိပ္ပါယ်ရှိတာပဲနော် "

" ကျွန်မက အဲဒီအဓိပ္ပါယ်ကို မောင့်အတွက် ပိုပြည့်ဝစေချင်ပါတယ် .... မောင့်ကို သူတကာထက်ပိုပြီး ကြင်နာပါမယ်လို့ ကတိပေးပါတယ် "

" ဝန်းရယ် "

ပြီးတော့ မောင်က ကိုယ့်ကိုကြာရှည်စွဲမက်စွာ တစိုက်မတ်မတ်ငေး ကြည့်နေခဲ့၏။

" မောင့်ကို တစ်ယောက်ထဲဘယ်တော့မှ အထီးမကျန်စေရတော့ဘူး သိလား "

ထိုနေ့က ကိုယ်တို့သည် အချစ်တွေ ဖိတ်လျှံသော မျက်ဝန်းများဖြင့်သာ စိုက်ကြည့်လျက် စကားသိပ်မပြောခဲ့ကြပဲ ထူးခြားချက်တစ်ခုမှာ ကိုယ်ကစတင်၍ မောင့်ကိုနမ်းခဲ့ခြင်းဖြစ်ပါသည်။

****************





ဟောဒီ ကမ္ဘာလောမှာ " အချစ် " ဆိုတဲ့အရာနဲ့ ပတ်သက်ဖို့ဟာ အလွန်ခဲယဉ်းပါသည်နော်၊ ကိုယ်တကယ်ချစ်တဲ့သူနဲ့ ချစ်သူဖြစ်ဖို့လေ၊ ခုတော့ ကိုယ်ကကောင်းသူပင် .... အချစ်ကမ္ဘာကို နစ်ဝင်ဖြတ်သန်းခွင့် ရသည့်အတွက် လောက၏ အဓိပ္ပါယ်အားလုံးဟာ အသစ်ကြီးပဲ ဖြစ်နေတာရှင့်၊

အချစ်တရားဟာ အိမ်မက်ဆန်တဲ့ ကာလတွေကို ဖြတ်ကျော်ပြီး နှလုံးသားကိုခွဲ၍ ထွက်ပေါ်လာခဲ့ပြီလေ၊ ကိုယ့်ခန္ဓာကိုယ်မှာ မရေမတွက်နိုင်သော မောင့်အချစ်တွေ အများကြီးပဲနော် .... မယုံမရှိကြနဲ့ .... သဝန်လဲမတိုကြနဲ့နော် ....

" ဟဲလို .... မောင် .... ကျွန်မပါ .... မောင်အိပ်ယာကနိုးပြီလားဟင် "

" ဝန်း ရဲ့အသံနဲ့ နိုးသွားတာ ဝန်းရဲ့ "

" ဒါဆို ကျွန်မဆန္ဒပြည့်ပြီပေါ့၊ ကျွန်မကမောင့်ကို မနက်ခင်းမှာ ဦးဆုံးစကားပြောချင်တာလေ "

" ဝန်းဟာလေ တစ်ဖက်သားချစ်အောင် သိပ်လုပ်တတ်တာပဲနော် "

" အို .... ကျွန်မကသာ မောင့်ကို နှင့်အောင်ချစ်ရတာများ "

" ဟောဗျာ .... ဒါဖြင့် ဘယ်သူကစပြီး ချစ်ပါတယ်လို့ ပြောလဲပြော "

" မောင်ကပြောတာလေ .... ဒါပေမဲ့ ကျွန်မက မောင့်အရင် စချစ်ရတာရှင့် "



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အချစ်နဲ့တကွ အသစ်တဖန် မွေးဖွားလာသော ဘဝတွင် ကိုယ်တို့၏ချစ်သူဘဝသည် ကြည်နူးရွှင်ပြဖွယ်၊ ရယ်မော ဖွယ်၊ လွမ်းမောဖွယ်ကောင်းလှပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကဒက်ဒီကို ဖြောင်ဖြောင့်ပြောမည်လို့ ပြောတာကို မောင်ကမျက်နှာပူသတဲ့ .... နောက်မှပြောကြစို့တဲ့ .... ဒါနှင့်ပဲဒက်ဒီမသိအောင် ချိန်းတွေ့ကြရတာက အလုပ်တစ်ခုဖြစ်တော့သည်။ ပဲလှနှင့်ဝုနာ မှာလဲ နံမည်အလွဲသုံးစား အလုပ်ခံရပေါင်း များလှပြီ .... မောင်နဲ့တွေ့ချင်တိုင်း ဒင်းတို့နံမည်တွေသုံးကာ အိမ်ကထွက်ရသည်ကိုး .... ကုမ္ပဏီမှာလဲမောင်က မောင်က ယခင်ကထက်ပို၍ အနေတည်လှတာ သိပ်မကြိုက်ချင်ပေမယ့် နှစ်ယောက်သား တာဝန်နှင့်အတူ ထွက်ခွင့်ရလျှင်တော့ အညှိုးတကြီးနဲ့ နမ်းပစ်လိုက်သည် .... ဒါပဲ ....

" ဝန်းရယ် "

လို့ကိုယ်ကနမ်းတိုင်း မောင်ကညည်းနေတတ်သည်။ ပြီးတော့ ကိုယ့်ဆံစတွေကိုသာ ပြန်နမ်းတတ်သည်။ မောင်ဟာ အချစ်ကို မခံယူတတ်ရှာဘူးနော်၊ ကိုယ်ကတော့ မောင့်ကို အရာရာ နားလည်ပေးတတ်ဖို့ နှင့် သနားတတ်ဖို့ သာသိသည်မို့ .... ဘေးအမြင်နဲ့ကြည့်လျှင် ကိုယ်ကပဲ သဲသဲလှုပ်နေရတယ်ထင်စရာရှိပေမယ့် တကယ်တော့ မောင်ဟာ အချစ်ကို မခံယူတတ်ရှာတာပါကွယ် ....

" ကျွန်တော့်ဘဝမှာ အဲဒီလို ယုယကြင်နာတာတွေကို သိပ်မခံဘူးတော့ တစ်မျိုးကြီးဖြစ်နေတယ် .... ဝန်းစိတ်မညစ်နဲ့နော် " လို့ မောင်ကဖွင့်ဟဝန်ခံဖူးသားပင် ....





" ဝန်းရယ် .... တတ်နိုင်သလောက်တော့ ကျွန်တော့်ကိုသည်းခံပေးပါနော် .... ကျေးဇူးပြု၍ကွာ .... ပလိစ် " လို့လဲ တောင်းပန်တတ်သေးသည်၊ ဒီအခါမျိုးမှာလဲ ကိုယ်က မောင့်နှာခေါင်း ထိပ်ဖျားရဲရဲ လေးကို လှမ်းဖျစ်ကာ ....

" မောင်ကလဲပြန်ချစ်ပြလေကွာ .... ကျွန်မကချည်းပဲ ရှေ့ကဦးဆောင်နေရမှာလား "

" ကျွန်တော်ဝန်းကိုချစ်တာ ရင်ထဲမှာပြည့်နေတာပဲ .... ဒါပေမယ့် ကျွန်တော်က အချစ်ကို မပြတတ်ဘူး .... ဝန်းရဲ့ အချစ်ကိုလဲ မခံယူတတ်ဘူး .... ဘယ်လို လုပ်ရမှာလဲ .... "

" ဟောတော် .... ကျွန်မဆီကသင်ပေါ့ မောင်ကလဲ "

" ဘယ်လိုသင်ရမှာလဲ "

" ကျွန်မက မောင့်ကို ပြုစုယုယသလို မောင်က ကျွန်မကို ပြန်ပြီးပြုစုယုယပေါ့ .... ကျွန်မကမောင့်ကို ခေါင်းဖြီးပေးသလို မောင်ကလဲကျွန်မကို ပြန်ဖီးပေး၊ ကျွန်မ မနက်တိုင်းမောင့်ကို ဖုန်းဆက်နှိုးသလို မောင်ကလဲ ပြန်နှိုး .... ပြီးတော့ ကျွန်မမောင့်ကို နမ်းသလို မောင်ကလဲ ကျွန်မကို ပြန်နမ်းပေါ့ .... "

" ဟာ .... ဝန်းကလဲရှက်စရာကြီး "

" ဟောတော် .... ကျွန်မကတော့အရှက်မရှိဘူးပေါ့ "

" မဟုတ်ဘူးလေ .... မောင်ကဒါတွေကို ခုမှလုပ်ရမှာဆိုတော့ တစ်မျိုးကြီးပဲ .... "

" ဟုတ်ပ .... ကျွန်မကရောဒါတွေကို အရင်ထဲက ကျွမ်းကျင်ခဲ့တယ်ထင်လို့လား .... မောင့်ကိုချစ်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက်ဖြစ်လာတာတွေပါမောင်၊ ကဲ .... ကဲပါ .... မျက်နှာငယ်လေးနဲ့ သနားအောင်လုပ်ပြ မနေပါနဲ့ .... ကျွန်မကပဲကြင်နာယုယပါ့မယ်ရှင် .... မောင်ကျွန်မကိုတသက်လုံး ခွဲမသွားရင်ပြီးတာပဲ .... ”

ကဲ .... ကိုယ်တို့ ချစ်သူနှစ်ယောက်ဟာ မရယ်ရဘူးလားဟင် ....

ဒါကြောင့်ပင် ကိုယ်ဟာ မောင့်ကိုခက်ခဲ ခဲယဉ်းစွာ ချစ်ခဲ့ရသည်လို့ ဂုဏ်ယူရဲသည်ပေါ့ ။

ကိုယ်တို့သည် ကုမ္ပဏီဖွင့်ရက်များတွင် မနက်စောစောကြီး ဖုန်းနဲ့လှမ်းချွဲ၊ ကုမ္ပဏီမှာ လစ်ရင်လစ်သလို ( ဥပမာ ဓါတ်လှေကားထဲမှာ နှစ်ယောက်ဆုံလျှင် နမ်းတာမျိုး ) မလစ်လျှင် ဘယ်သူမှ မရိပ်မိအောင် အိန္ဒြေကြီးနဲ့နေ၊ အပြင်အတူသွားရဖို့ကြံစည်၊ ညဘက်ဖုန်းပြော၊ ဒီလောက်တာရှိပြီး ကုမ္ပဏီပိတ်ရက်များတွင်တော့ ပုလဲကိုဖြစ်စေ၊ ဝါနကိုဖြစ်စေ ကြိုတင်ပိတ်ကာ မောင့်ကားနဲ့လျှောက်လည်ကြပါသည်။

ကိုယ်အင်မတန် ယစ်မူးသောမောင့်ရနံ့ကို ရှူရှိုက်လျက် မောင့်ရဲ့ဘေးတိုက်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ တညင်ဘက်ကိုထွက်ရတာ အပျော်ဆုံးပင်၊ မောင်ကကားကို တည်ငြိမ်စွာ မောင်းနေလျှင်လဲ မတည်ငြိမ်စေပဲ ကိုယ်ကကားကက်ဆက်ကို အကျယ်ကြီးဖွင့်၊ ကားထဲ လေတွေတဝေါဝေါ တိုးဝင်အောင် မှန်အပြည့်ချကာ သံသေးသံကြောင်အော်လျှင် မောင်က “ ဝန်း .... မရှက်ဘူးလား ” လို့ အော်ပေမယ့် မျက်နှာကတော့ ပြုံးလျက်နှင့်ပင် ....





“ ဟယ် .... ဒါရှက်စရာမဟုတ်ဘူး၊ ပျော်စရာ ရှင့် ပျော်စရာ၊ ဒီနေ့ကို ကျွန်မနဲ့မောင် ဟန်းနီးမွန်းထွက်လာတယ် သဘောထားစို့၊ ပြီးတော့ ကမ္ဘာ့အဆုံးထိသွားမဲ့ခရီးလို့ ထင်လိုက် .... ဘာမှမလိုတော့တဲ့ ပီတိကို မောင်ခံစားရမယ် ”

ပြီးတော့ ကိုယ်က မောင့်ပါးပြင်ကို လှမ်းနမ်းလျှင် မောင်က ကားကိုထိုးရပ်လိုက်ကာ .... “ ဝန်းဟာ သိပ်ချစ်စရာကောင်းတယ်၊ တကယ်မောင့်ကို သိပ်ဆွဲဆောင်နိုင်တာပဲ ” လို့ရေရွတ်ပြီး ကိုယ့်ကိုဖက်ပွေ့ ထားကာ၊ မျက်စိလဲစုံမှိတ်လို့ .... ပြီးတော့မှ ကိုယ့်ရဲ့နားထင်စပ်လေးကို ဖြေးဖြေးလေး နမ်းမွှေးတတ်သည်။

“ ဝန်းကို ချစ်သူတော်ခွင့်ရတာ ကျွန်တော်သိပ်ကံကောင်းတယ် ”

တညင်မြို့ထဲရောက်လျှင်တော့ ထန်းရေ သောက်ကြသည်။ ဘုရားတက်ဖူးကြသည်။ ထမင်းဆိုင်မှာ ထမင်းစားကြသည်။ ပြီးတော့မှ ညနေအတော်စောင်းလျှင် မြို့ထဲကိုကားပြန်မောင်းလာကြသည်။

****************



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မောင်နဲ့ချစ်ရတာ ပျော်စရာ ချည်းမဟုတ်ပဲ ဝမ်းနည်းစွာ ပျော်ရွှင်ရသည့် ကာလများလဲရှိသည်။

တစ်ခါတစ်ရံမှာတော့ဖြင့် ကိုယ်ဟာရောဂါကုသော ဆရာဝန်ဖြစ်ပေ၍ ဒါဏ်ရာရနေသော သိုးကလေး ကို ရင်ငွေ့ဖြင့်လုံခြုံစေ၍ ကိုယ်ပါရော၍ မျက်ရည်ကျလျက် ခံယဦးစွာ ချစ်ခဲ့ရပုံများကိုလည်း ပြောပြချင်ပါသေးသည်။

ချစ်သူများဖြစ်သွားချိန်မှာ အချိန်အတော်များများ တွေ့ဖြစ်ကြပြီမို့ မောင့်ရဲ့စိတ်အပြောင်းအလဲနဲ့၊ လောကမှ ထွက်ပြေးချင်သော ဉာဉ်ကို ဝမ်းနည်းစွာသိခွင့်ရခဲ့တာပါ၊ ချစ်သူတွေ အဖြစ်ခင်တုံးကတော့၊ မောင်ကိုယ်တိုင်က ကိုယ့်ကိုလိုလားမှသာ ကိုယ့်ထံလာသည်မို့ ကိုယ်ကမောင့်ရဲ့ အဲဒီဝေဒနာကို မသိခဲ့ရဘူးပေါ့၊ ခုလိုချစ်သူတော်စပ်လာတဲ့ အခါမှာတော့၊ ကိုယ်ဟာ အချိန်မရွေးမောင့်ထံ သွားတတ်တာမို့၊ မောင်ဟာ ကိုယ့်ကိုမလိုလားတဲ့ အခါတွေရှိပါလားဆိုတာခြောက်ခြားစွာ သိရတာ ကြေကွဲဖို့အလွန်ကောင်းသည်ပင် .... ကိုယ်ကြင်နာတာကို မတုံ့ပြန်တတ်ရှိ အခြေအနေဆိုလျှင် ပျော်စရာဖြစ်ပေမယ့် ကိုယ့်ကိုပါ ငြင်းပယ်ချင်လာသော အခါများတွင်တော့ ကိုယ်ဟာ နာကျင်ရလေသည်။ ဒါပေမယ့် မောင်ဟာ သူတကာနဲ့မတူဘူးလို့ ကိုယ့်ကိုယ်ကို အခါခါ ပြောကာ မောင့်ကို ကုသရသည်။

တစ်နေ့သော ကုမ္ပဏီပိတ်ရက်မှာ ထုံးစံအတိုင်း ကိုယ်က ပဲလုထဲဖုန်းဆက်ကာ ....

" ပဲလု .... ဒီနေ့အိမ်ကိုမလာနဲ့နော် .... ငါမောင်နဲ့ လျှောက်လည်မလို့ "





" အေးပါဟ၊ ငါသိပါတယ်၊ ရှင်တို့ကုမ္ပဏီပိတ်ရက်ဆို ရှင့်ဆီမသွားရဘူးလို့ ကိုယ့်ကိုယ်ကို ဥပဒေ သတ်မှတ်ထားတာပါ "

" အေး...ဒက်ဒီ ဖုန်းဆက်ရင်လဲ ကြည့်သာဖြေထား "

" အေးပါ .... အေးပါ၊ နင်အလွဲသုံးစားလုပ်စရာ ငါတို့ပဲရှိတယ်မို့လား "

" မကျေနပ်ရင် ငါ့ကိုပြန်လုပ်လေဟာ၊ ရှင်ရည်းစားရရင် ကျုပ်နံမည်ကို ဒီလိုပဲသုံးရတယ် "

" တော်ပါပြီ၊ ရှင့်ကိုအလွဲသုံးစား လုပ်ချင်တာနဲ့ ကျုပ်က ရည်းစားရှာရမယ့်ပုံ ပေါက်နေပြီ "

" အေး ပေါ့ဟ၊ ရှာပါလား၊ အဖက်တင်တာပေါ့ "

" သရဲမ "

" ဒါပဲ ဟေ့ကောင်၊ ဝါနဆီဖုန်းဆက်လိုက်အုံးမယ်၊ ကျုပ်အချိန်မရတော့လို့ "

" မှားပါတယ်၊ သတ္တဝါစုတ်ရယ် "

ပြီးတော့ ကိုယ်က ဒက်ဒီမနိုးခင် လမ်းလျှောက်ထွက်လာတော့ လမ်းထိပ်မှာမောင့်ကားက ရောက်နေပြီ၊ မောင်နဲ့အတူသွားရင် ကိုယ့်ကားကို ကိုယ်ကမယူချေ၊ အကြောင်းမှာ ကားထားစရာ နေရာမရှိ လို့ပင်၊ ကိုယ်က အိမ်က ကားနဲ့ ထွက်သွားပြီး မောင့်ကားပေါ် လိုက်တက်လိုက်လျှင် ကိုယ့်ကားကို ဘယ်သွားထားမတုံး ....

" မောင်ရောက်နေတာ ကြာပြီလား "

" ခုလေးတင်ပဲရောက်တာ "

မောင့်ကို တွေ့စကပင် မောင့်မျက်နှာ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာ သတိထားမိသည်။ ကိုယ်သည်တိတ်ဆိတ်စွာ ကားပေါ်တက်ထိုင်ဆဲ မောင်ကလဲ တိတ်ဆိတ်စွာ မောင်းလာပါသည်။ မောင့်ကို ဘေးတိုက်ကြည့်မိတော့ မောင့်မျက်လုံးတွေက ရီဝေဝေ ကြောင်ငေးငေးနဲ့၊ တွေ့စက လိုပဲ ကိုယ့်ရင်ထဲထိတ်ခနဲ ဘာကို ကြောက်ရွံ့သွားမှန်း မသိသည်မှာ မောင်ဟာ ကိုယ်နဲ့ချစ်သူဖြစ်နေပြီလေ၊ အဲဒီလို လောကကို စိတ်ကုန်တဲ့ မျက်လုံးတွေ မရှိရတော့ဘူးလေ ....

" မောင် .... "

ကိုယ်ကစတီယာရင်ပေါ်က မောင့်လက်ကို အုပ်မိုးကိုင်လိုက်ပြီး ခေါ်တော့ ထိုမျက်လုံးတွေနဲ့ပဲ ဖျတ်ခနဲ လှည့်ကြည့်ကာ မျက်လွှာချသွားတာမို့၊ မောင့်အမူအရာ ပျက်ယွင်းနေတာ သေချာလေပြီ ....

" မောင်တစ်ခုခု ဖြစ်နေတယ် "

ကိုယ်ကတိုးတိုးလေး ပြောတာဖြစ်ပေမယ့် မောင်က ထိတ်လန့်သွားသလို ခန္ဓာကိုယ်က ဆတ်ခနဲတုန်သွားသည်။ မဟုတ်ပါဘူး .... လို့တော့မငြင်းချေ။

" ဘယ်လိုလဲ မောင်ရယ်၊ ကျွန်မအချစ်တွေက မောင့်ကို မပြောင်းလဲစေ ဘူးလားဟင် "

ကိုယ်သည်ထိန်းချုပ်မှုမဲ့စွာ ဝမ်းနည်းပက်လက်ပြောလိုက်မိရာ မောင်ကသက်ပြင်း တစ်ချက်ချပြီး တံတွေးကို မြိုလိုက်ကာ ပြောရက်သည်မှာ ....

" ကျွန်တော်တို့ နီးနီး နားနား ပဲသွားရအောင်ဝန်း၊ ကျွန်တော် ကားသိပ်မမောင်းချင်ဘူး "

" ကျွန်မမောင်းမယ်လေ မောင် "





" ဆောရီး ဝန်းရယ်၊ ကျွန်တော် အဲဒီလို သွားဖို့ စိတ်မပါလို့ပါ "

ဘုရားရေ ....

ထို့နောက် မောင်က အလွန်နီးလှသော အင်းယားကန်စပ်ကို မာလာမီးပွိုင့်မှ မောင်းတက်လာကာ ပါကင်တွင် ကားရပ်လိုက်သည်။ ခဏအကြာတွင်တော့ အင်းယားကန်စပ်က ခုံလေးမှာ မောင်နဲ့ကိုယ် အတူ ထိုင်နေကြသည်။ တိတ်ဆိတ်လွန်းလှစွာ မောင်ကရေလယ်ကို ငေးလို့၊ မောင့်ခန္ဓာကိုယ်က ပျော့ခွေစွာ ခုံတန်းနောက်မှီကို မှီလို့ .... ကိုယ်ကတော့ မချင့်မရဲ ဖြစ်စွာ၊ ဝမ်းနည်းအားငယ်စွာ မျက်ရည်တွေဝဲနေပြီး ....

" မောင် .... ဘာဖြစ်လို့လဲဟင် "

" ဟင်အင်း .... "

" တခုခုပြောပါ မောင်ရဲ့၊ ကျွန်မ ဖြေရှင်းပေးနိုင်မှာပါ "

" ကျွန်တော် စဉ်းစားနေတာက ကျွန်တော်ဟာ အထီးကျန်ခြောက်သွေ့တယ် ဆိုပေမဲ့ လွတ်လပ်တဲ့ ဘဝမှာ နေသားကျနေရက်နဲ့ ဘာဖြစ်လို့ ပူလောင်စေတဲ့အချစ်တစ်ခုရဲ့ ချည်နှောင်ခြင်းကို ထပ်ခံရသလဲဆိုတာပဲဝန်း .... "

" ဘုရားရေ "

ကိုယ့်စိတ်တွေဟာ ဝုန်းခနဲ ပြိုလဲသွားပြီး ရင်ထဲမှ ရှူးရှူးဝါးဝါး နာကျင်လာခဲ့ သည်။ မောင်နှင့်မို့ အလွန်ရွယ်ကူစွာ ထွက်တက်သော မျက်ရည်တို့က မျက်ဝန်းကို အမြင်မှုန်ဝါး စေစေပြီး ....



www.burmeseclassic.com

" မောင်မှားနေပြီ၊ မှားနေပြီ မောင်ရဲ "

" ဟုတ်တယ်ဝန်း၊ ကျွန်တော်ဟာ မွေးကထဲက မှားယွင်းစွာ မွေးခဲ့တာပါ "

" မဟုတ်ဘူး၊ အဲဒီတုံးက မောင်ဟာရွေးခြယ်ခံရတဲ့ဘဝမို့၊ မမှားဘူး၊ အခုမှမောင်ကမှားတာ၊ မောင်ကအမှန်ကို ရွေးခြယ်နိုင်တဲ့ အနေအထားကို ရောက်နေပါလျက် အခုမှ အမှားကို မောင်ကရွေးနေတာ "

ကိုယ်ဟာ မောင့်ကိုဘယ်လိုမှ အဆုံးရှုံးမခံနိုင်တာမို့ မောင်ဟာ ကိုယ့်ထံက ထွက်ပြေးမှာလား စိုးကာ စိတ်လှုပ်ရှားစွာပြောမိပြီးမှ စိတ်ကို ပြန်ထိန်းလိုက်ရသည်။ မောင်ဟာ သူ့စိတ်နဲ့သူ ပဋိပက္ခ ဖြစ်နေတာပါ၊ ကိုယ်နဲ့ ပဋိပက္ခ ဖြစ်နေတာ မဟုတ်ပါဘူး .... မောင်ဟာဒါဏ်ရာရဖူး သူမို့ အနာတရကို ကြောက်ရှာသည်လေ ....

" ကျွန်မကို ကြည့်ပါအုံးမောင် "

ကိုယ်က မောင့်ရဲမေးဖျားလေးကို ပင့်မော့စေကာ မျက်လုံးခြင်းဆိုင် ကြည့်ဆဲ မောင့်မျက်ဝန်းမှာလဲ မျက်ရည်တွေဝဲနေတာ မြင်ရသည်။

" ကျွန်မကို မောင်မချစ် ဘူးလားဟင် "

" ဝန်း ..... "

" ဖြေလိုက်စမ်းပါမောင်၊ Yes or No တစ်ခုခုပဲ ဖြေလိုက်စမ်းပါ. "

" ကျွန်တော်ဝန်းကို သိပ်ချစ်ပါတယ် "

" ပြီးပြီ၊ ဒါဆိုရင်ပြီးပြီ၊ မောင်ဘာမှ မတွေးနဲ့တော့၊ အချစ်ဆိုတာ ချည်နှောင်ခြင်း မဟုတ်ပါဘူးမောင်ရဲ၊





အချစ်စစ်ဟာ မပူလောင်ပါဘူး၊ ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ အိုအေစစ် တစ်ခုပါ၊ လူတစ်ယောက်အတွက် အချစ်ဆိုတာ မဟာအင်အားပါ၊ ကျွန်မ မောင့်ကို အသက်ထက်ချစ်တယ်၊ ကျွန်မ မောင့်ကို အဆုံးရှုံးမခံနိုင်ဘူး "

ကျွန်မ မောင်နဲ့ခွဲရရင် သေသွားလိမ့်မယ်မောင်။

တဖြေးဖြေးနဲ့ ကိုယ့်စိတ်ကငြိမ်လာသည်။ မောင်နဲ့အတူ လိုက်လံစိတ်လှုပ်ရှားလို့ မဖြစ်ဘူး၊ မောင့်ကို အဆုံးစွန်နားလည်ပြီး မောင့်ဘဝကို ပြုပြင်ကယ်ဆယ်မယ်ဆို .... ကိုယ်ဟာ မောင့်အတွက်ဆိုလျှင် ရဲရင့်ခိုင်မာသော သူရဲကောင်းဖြစ်ရမည်နော် .... ထို့နောက် ကိုယ်က သူရဲကောင်းလို ရဲရင့်စွာ ပြုံးလျက်ဆိုသည်မှာ ....

" မောင့်ကို ကျွန်မအချစ်နဲ့ ကယ်ဆယ်မယ်လို့ဆုံးဖြတ်ထားတယ်၊ မောင့်ရဲခံစားချက်တွေကို ကျွန်မဆီမှာ အမြဲဖွင့်ဟနော်၊ ကျွန်မခံနိုင်ရည်ရှိအောင် ကြိုးစားမှာပေါ့ .... ကျွန်မအာမခံတယ်မောင် .... မောင်ပျော်စေရမယ်၊ လောကမှာနေသားကျစေရမယ်၊ မောင်ကျွန်မ စကားနားထောင်ဖို့ပဲလိုတယ်နော် "

ကန်ရေပြင်ကို တိုက်ခတ်လာသော လေက မောင့်နဖူး ထက်ကဆံစလေးကို တဖျတ်ဖျတ် လွင့်နေစေရာ ခုချိန်မှာထိုဆံစလေးကိုကြည့်ရတာ ဝမ်းနည်းစရာကောင်းနေသည်။ ကိုယ်ကစကားကို ခဏနားဆဲ မောင်က ကိုယ့်လက်ဖဝါးကို တင်းကျပ် တုန်ရီစွာ အားပြုဆုပ်ကိုင် ထားပါသည်။

"မောင်ဟာ ဒါဏ်ရာတစ်ခုရဲ နာကျင်မှုကို အချိန်အကြာကြီး ခံစားဖူးတော့ နောက်ထပ်ဒါဏ်ရာ တစ်ခုထပ်ရ

www.burmeseclassic.com



မှာကို ကြောက်နေတာပါ၊ ဒါပေမယ့် မောင်စဉ်းစား ကြည့်စမ်း၊ ကျွန်မဟာ မောင့်ကို ဒါဏ်ရာပေးမယ့်သူလားလို့၊ မောင့်ကို နာကျင်မှုတွေပေးဖို့နေနေသာသာ မောင့်ဆီမှာရှိနေတဲ့ နာကြင်မှုတွေကို ဖယ်ပေးဖို့သာ အမြဲတွေးနေတာရှင့်၊ ကျွန်မ ကိုမောင်ယုံရမယ်ကွာ၊ ကျွန်မကတော့ မောင့်ကိုယုံကြည်တယ်၊ အရမ်းလဲ နားလည်တယ်၊ ဘယ်လောက်ထိ နားလည်လဲဆိုရင် မောင့်ဘဝမှာ ကျွန်မ မရှိရင် မဖြစ်ဘူးဆိုတာ အယိဘဲ "

" ကျွန်တော့်ကို ခွင့်လွှတ်ပါဝန်းရယ် "

ထို့နောက် သနားစရာကောင်းလှစွာ မောင်က ကိုယ့်ပုခုံးထက်မှာ ခေါင်းမှီ၍ တိတ်တဆိတ် မျက်ရည်ကျခဲ့ပါသည်။

****************





အခန်း (၄)

အဲဒီလိုစိတ် တွေဝေသော ကာလများဆိုလျှင် မောင်က ကိုယ့်ကို သိသာစွာရှောင်နေတတ်သေးသည်။ ဒက်ဒီထံမှ ခွင့်တောင်းကာ တစ်ပတ်လောက် ဘယ်ပျောက်မှန်းမသိ ပျောက်နေတတ်သေးသည်။ အိမ်မှာလဲ မရှိ ဖုန်းကိုလဲပိတ်ထားတတ်သည်။

ထိုအခါ တွင်တော့ ကိုယ်သည် ဒါမျိုးတွေကို ခံစားရမည်ဟု ကြိုတင်ခံယူထားလျက်မှ ဆောက်တည်ရာမဲ့ရတတ်သည်။ အချစ်တရားကို ယုံကြည်လွန်းသောကိုယ့်ကိုမှ အချစ်ကရက်စက်လေခြင်း၊ ပြီးတော့ ကလေးငယ်လို ဝမ်းနည်းမိသည်မှာ မောင်က ကိုယ့်ကိုခွဲသွားရက်သည်နော်၊ ကိုယ့်မှာတော့ စတင်ခွဲခွာသွားဖို့မပြောနဲ့ မောင်ကအခ ဖျောက်ထားရုံနဲ့ဖျတ်ဖျတ်လူးလှပြီ .... မောင်ရှိတတ်သောနေရာတွေဟာ သိပ်မများလှတာမို့ အဲဒီနေရာတွေရှာပြီးပြီဆိုမှတော့ ဒီထက်ပိုပြီး ကိုယ်ကဘာလုပ်လို့ရအုံးမှာလဲ

ရှောင်ပုန်းနေတဲ့သူကို ဘယ်လိုလို့ရှာနိုင်မှာလဲဝန်း၊ ရှင်ဒီအချိန်မှာလုပ်ရမဲ့အလုပ်ဟာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ စောင့်ဆိုင်းဖို့ပဲ၊ ရင်၌လုပ်ဟာကြေကွဲမှုက ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိအောင် ကြေမွနာကျင်ရလျှင် ထုံးစံအတိုင်း ပုလဲ နဲ့ ဝါန ထံမှာပဲရင်ဖွင့်ရပြန်သည်။ ဝါနက ကိုယ့်ကို သနားစွာ ဖေးမပြောသော်လည်း ပုလဲကတော့ ....



www.burmeseclassic.com

www.burmeseclassic.com



" မတွေ့ချင်လို့ရှောင်နေတာကို အငမ်းမရရှာနေစရာလဲ မလိုဘူးဝန်းချို၊ ရှင့်ကိုမပြတ်နိုင်ရင် သူပြန်လာလိမ့်မယ်ဒါပဲ၊ ရှင်သူ့ကိုနားလည်ပေးတာကိုလက်ခံတယ်၊ ဒါပေမယ့်စိတ်ကိုလဲနဲနဲမာမာထားအုံး "

" အေးပါဟာ၊ ငါကလဲရှင်တို့နဲ့မို့သာ ရင်ထဲပြိုကွဲရသမျှ ဖွင့်ပြတာပါ "

" တကယ့်ကိုနားမလည်နိုင်အောင်ပဲနော်၊ သူဟာဘယ်လိုလူစားမျိုးလေးပါလိမ့် " လို့ဝါနုကညည်းသည်။

" ရှုတ်တရက် ပွေ့ချီခံလိုက်ရလို့ ကြောက်လန့်ပြီး ချီတဲ့ သူကို ကုပ်ခြစ်ပြီး ထွက်ပြေးသွားတဲ့ ကြောင်ကလေးလိုပေါ့၊ သူလဲမသက်မသာ ကုပ်ခံရတဲ့သူလဲမသက်မသာလေ "

" ရှင် အဲဒီဒါဏ်တွေကိုတစ်သက်လုံးခံနိုင်ပါ့မလား ဝန်း "

" ခံနိုင်တယ် "

" ဘုရားရေ "

သူတို့နှစ်ယောက်ကပြိုင်တူရေရွတ်သည်။

" ဘာဖြစ်လို့ခံနိုင်တာလဲ ဆိုတော့ သူငါ့ကိုသိပ်ချစ်တာ ငါ့နှလုံးသားကသိနေလို့ပဲ၊ သူဟာ ငါနဲ့ကြာကြာကင်းကွာမနေနိုင်ပါဘူး၊ ဘယ်လောက်ဝေးတဲ့ နေရာကိုသူထွက်ပြေး သွားသွား၊ ငါ့ဆီတစ်နေ့ပြန်လာမှာပဲ၊ အခုလဲ သိပ်မကြာခင်မှာသူပြန်လာလိမ့်မယ်၊ ငါယုံကြည်တယ်၊ သူဘာကြောင့်များဒီလိုလုပ်ပါလိမ့်နော် "

" ရှင်တို့ကိုပြောပြဖူးတဲ့ သူ့ဘဝရဲ့ ပဋိပက္ခ ကြောင့်ပေါ့၊ အနာတရ ဖြစ်ဖူးတဲ့သူဟာ အနာတရ ထပ်ဖြစ်မှာကို





ကြောက်သလိုပေါ့၊ မောင့်မှာ လောက ကနေထွက်ပြေးတတ်တဲ့ ဉာဉ်ရှိတယ် "

" ခဲမှန်ဖူးတဲ့ စာသူငယ်လေးပေါ့၊ ဝန်းရယ်၊ ကျုပ်တို့တော့ရှင့်အစားရင်လေးတယ်တော့ "

" အေးဟုတ်တယ်၊ ဒါပေမယ့်ဝန်းပြောသလို ဆိုရင်တော့လဲ၊ ကိုမင်းသိခ ဟာ တကယ့်ကိုသနားစရာလေးပဲ "

" တောက် .... ကလေးနီတာရဲလေးကို ပစ်ထားရက်ခဲ့တဲ့ မိန်းမမျိုးကိုတော့ တွေ့ဖူးချင်သေးတယ် ဟာ၊ ရက်စက်နိုင်မှုကို ဂုဏ်ပြုချင်လွန်းလို့ "

" ဒါပေမယ့် လူ့လောကကြီးထဲမှာ အကြောင်းအကျိုးတွေကရှိနေတယ်လေ၊ ငါတို့မသိနိုင်တဲ့ ကန့်လန့်ကာရဲ့တစ်ဖက်မှာ ဘာအခြေအနေတွေရှိမှန်းမှမသိတာ "

ပုလဲကစိတ်တိုနေတာကို ကိုယ်ကဖြေပေးလိုက်ပါသည်။

" ဝန်း၊ အခုရှင်ဘာလုပ်မလဲဟင်၊ ကျုပ်တို့ရှင်နဲ့အတူ လာနေပေးရမလားဟင် "

" ရပါတယ်ဟာ၊ ရှင်တို့လဲကိုယ့်အလုပ်နဲ့ ကိုယ်ပဲ၊ ကျုပ်ဖုန်းဆက်ရင်သာဆုံပြီး ပေါက်ကွဲခွင့်ရရင်ကျေနပ်ပါပြီ "

" ရှင်တစ်ယောက်ထဲ ရှိနေရင်ရော "

" တစ်ယောက်ထဲဆိုရင် မောင့်ကို စောင့်ရင်း မောင့်ပုံတူတွေဆွဲနေလိုက်တယ်၊ ဒီထက်ပိုပြီး ရင်ထဲမှာ တင်းကျပ်လာရင် ပန်းချီကားတစ်ချပ်လောက် ဆွဲလိုက်တယ်၊ အဲဒါသက်သာတယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ နောက်နှစ်ရက်လောက်မှာ မောင်ကအိမ်ကို ရောက်လာခဲ့သည်။

****************

မောင်ရောက်လာတဲ့အချိန်ဟာ ကိုယ်ဘယ်လိုမှထင် မထားသော ညဆယ့်တစ်နာရီအချိန်တွင် ဖြစ်ပါသည်။ ဒက်ဒီက မိတ်ဆုံစားပွဲတစ်ခုသို့ သွားနေရာ ကြီးဒေါ်ကြီးက အိပ်နေပြီ ဖြစ်လို့၊ ကိုယ်ကစာအုပ်ဖတ်ကာ စောင့်ဆဲ မောင်က ရောက်လာခဲ့တာ ဖြစ်သည်။

" ကျွန်တော် ရောက်ါသည်ပါ၊ ဒါပေမယ့် ဝန်းနဲ့စေး အောင်တော့ မပြေးနိုင်ဘူး "





ဒက်ဒီ မရှိဘူးလို့သိရချိန်မှာ မောင်ကပြောသည်။

" အန်ကယ်လ်ရှိနေရင်တော့ ဝန်းကို အလွမ်းပြေပြေ ကြည့်ဖို့လာတာ၊ အန်ကယ်လ် မရှိဘူး ဆိုတော့ ကျွန်တော်စ ကားပြောပါရစေနော် "

" မောင် အရက်တွေ သောက်လာလား "

" ဒီတိုင်းဆို မလာရဲလို့ပါဝန်းရယ်၊ ခွင့်လွှတ်ပါနော် "

" မောင်ဘယ်တွေ လျှောက်သွားနေတာလဲ ဟင် "

" ကျွန်တော့်ကိုယ် ကျွန်တော် စစ်ဆေးကြည့်နေ တာ ပါ "

" အင် .... "

" ကျွန်တော်လေ တစ်သက်လုံး တစ်ယောက်ထဲနေ လာတာပါဝန်းရယ်၊ အဲဒီခြောက်သွေ့မှုဟာ မခံနိုင်စရာရှိပေ မယ့် ခံနေကျသွားတဲ့ အရသာနဲ့ နေသားကျနေတာပဲ၊ အမှန်ပါပဲ၊ ဒါပေမယ့် ဝန်းကို ချစ်တာလဲ အမှန်ပါပဲ၊ ကျွန်တော် ဘာလုပ်ရမလဲဟင် ဝန်း၊ ဝန်းကရောကျွန်တော့်ကို ကြာရှည်နားလည်နိုင်ပါတော့ မလားဟင် "

အရက်သောက်ထားသည် ဆိုသောကြောင့်လားမသိ၊ မောင့်မျက်နှာဟာ သွေးဆူစဖွယ် ရဲတွတ်နေပြီး မှေးဝင်းသော အကြည့်တွေနဲ့ စကားတွေပြောနေဆဲ ကိုယ့်ရင်ထဲမှာတော့ ပြင်းထန်သော လျှော်လှုပ်နေသလို ဆို့နင့်စွာ လှုပ်ခါနေမိ သည်။

" ကျွန်မ မောင့်ကို နားလည်နိုင်မှာပါ "

တုန်ခိုက်နေသော စကားသံအဆုံးမှာတော့ မျက်ရည် တွေက ဘယ်လိုမှထိန်းမရတော့ဘဲ ရေတံခါး တစ်ခုကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို အရှိန်ပြင်းစွာ အဆက်မပြတ် ကျလာတော့သည်။ အမေရိုက်ခံထားရသော ကလေးဟာ အချော့ခံရသလိုပဲပေါ့၊ မောင်မရှိတဲ့နေ့တွေကို ဘယ်လိုကျော်ဖြတ်ခဲ့ သလဲဆိုတာ ကိုယ့်ကိုယ်ကို အံ့သြချင်သည်။

" ဝန်း ကျွန်တော့်အတွက်ငိုရပြန်ပြီနော် "

ဖြူနုံးခနဲပင် အယ်လ်ကိုဟော သတ္တိနဲ့ ရဲရင့်ဆဲ မောင်က ကိုယ့်ကို ရင်ခွင်ထဲ အတင်းဆွဲသွင်းလိုက်ပုံမှာ အရိုင်းပါပဲ .... မောင်ဟာ အရိုင်းအစိုင်းလေးပါပဲကွယ် .... မောင်မရှိတဲ့ရက်တွေကို ကျွန်မဘယ်လို ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရသလဲ မောင်မသိချင်ဘူးလားဟင် "

မောင့်ရဲ့ရင်ခွင်ထဲမှာ နေ၍မောင့်မျက်နှာကို မော့ကြည့်၍ ကလေးငယ်တစ်ယောက်၏ ဝမ်းနည်းအားငယ်သံနှင့် မေးလျှင် မောင်က စိတ်ထိခိုက်သွားသလို မျက်စိစုံမှိတ်ပြီး ကိုယ့်ပါးပြင်ကို မောင့်ပါးပြင် နဲ့ အပ်ထားသည်။

" ကျွန်တော်ဟာ တကယ်တော့ ဝန်းဆီကနေ ထွက်မပြေးနိုင်ပါဘူးဗျာ၊ ကျွန်တော်ဟာ ဝန်းဆီမှာသာ ရှင်သန်ပျော်ပိုက်နိုင်မဲ့ အကောင်ပါ။ သစ်ပင်တစ်ပင်ဟာ သူကြိုက်နှစ်သက်တဲ့ မြေအမျိုးအစားမှာသာ ရှင်သန်နိုင် သလိုမျိုးပေါ့ "

ရှက်ရိပ်စွန်းလို့ ဖျော့တော့စွာ ပြုံးနေဆဲ နှင်းဆီနုရောင် မျက်နှာကို မောင့်ရင်ခွင်ထဲကနေ မော့ကြည့်ရတာ တကယ့်ကို အိပ်မက်ဆန်ပြီး ပျော်မွေ့ဖွယ်ကောင်းလှသည်။ အရင်ရက်တွေမှာ မထင်မှတ်လောက်အောင် ခြောက်သွေ့ညှိုးနွမ်းရသမျှ မောင့်ရနံ့ရတာနှင့် ချက်ခြင်းပင် လန်းဆန်းစိုပြေ





လာတာလဲ အံ့သြဖို့ ကောင်းသားပင် ....

" ကျွန်မနားကနေ မောင်ရုတ်တရက် ပျောက်သွားတော့မှ ကျွန်မဟာ မောင့်ကို ဘယ်လောက်တမ်းတမ်းတတ ရှိပါသလဲဆိုတာ သိလာတယ်ရှင့်၊ မောင်ပြန်လာမှာပါ လို့လဲ သိနေတယ်လေ၊ ဒါကြောင့်အိမ်ခြေရရနဲ့ စောင့်နိုင်ခဲ့တာပါ "

" ကျွန်တော့်ကို လိုက်မရှာ ဘူးလား "

" ရှောင်ပြေးတဲ့ သူတစ်ယောက်ကို ကျွန်မဘယ်လောက် ရှာနိုင်မှာမို့လဲမောင်ရယ်၊ ဒါပေမယ့် ကျွန်မ မောင့်ကို လိုက်ရှာခဲ့ ပါသေးတယ် "

မောင်က ကိုယ့်ကို တင်းနေအောင် ဖက်လိုက်ပုံမှာ သိပ်ကိုစိတ်ထိခိုက် နာကျင်သွားပုံပါပဲ ၊

" ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ မောင့်ကို ခွင့်လွှတ်ပါ ဝန်းရယ်၊ တကယ်တော့ မောင်ဝန်းကို နာကျင်ခံစားရအောင် မလုပ်သင့်ဘူး "

" ဒါပေမယ့် မောင်ကိုယ်တိုင်ရော ခံစားရတာပဲမို့ လား "

ကိုယ်ကသေချာစွာပြောလိုက်တော့ မောင်ကဝမ်းသာအယ်လဲ ဖြစ်သွားသည်။

" ဟုတ်တယ်၊ ဒီရက်တွေမှာ ကျွန်တော်ကိုယ်တိုင်လဲ အလူးအလဲ ခံစားခဲ့ရတာပါ၊ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ဟာ ဝန်းနဲ့ ဘယ်လောက်ဝေးတဲ့ နေရာကို ရောက်နေပါစေ ကျွန်တော့်စိတ်ကနေ ဝန်းရဲ့နှလုံးသား ဆီမှာပဲ အနီးကပ်ဆုံး ရှိနေ ခဲ့တယ်လေ။ ဝန်း ဒါကို ဝန်း သိနေခဲ့တယ်နော် ဟုတ်ပါတယ်၊ ကျွန်တော့်ရဲ့ ဘဝ အဖော် အစစ်ဟာ ဝန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ရမှာပါ "

" ကျွန်မက နှလုံးသားရဲ့ အနက်ရှိုင်းဆုံး ထဲမှာ မောင့်ကို ဖွက်ထားတာ ရှင့် "

မောင်က တသိမ့်သိမ့် ရယ်လိုက်တာကို အသံမကြားရသော်လည်း မောင့် ရင်ခွင်နှင့် ထိတွေ့နေသော အထိအတွေ့က သိနေရသည်။

" မောင် ကျွန်မကို ခွဲသွားတာ တစ်ပတ်တောင် ကြာတယ် "

" နောက်မလုပ်တော့ဘူး ဝန်းရယ်၊ ကတိပေးပါတယ်၊ ကျွန်တော်တို့ နောက်ထပ် ဘယ်တော့မှ ထပ်မဝေးနိုင်စေရတော့ ပါဘူး "

" ရပါတယ် မောင်ရယ်၊ ကျွန်မ မောင့်ကို ဘာနဲ့မှ မချည်နှောင် ထားချင်ဘူး၊ ကတိလဲ မပေးပါနဲ့၊ မောင့်စိတ်ဆန္ဒအတိုင်းသာ နေပါ "

" ဝန်း "

မောင်က အလန့်တကြားဖြင့် ကိုယ့်ကို ရင်ခွင်မှ ဆွဲထုတ်ကာ စိုက်ကြည့်ဆဲ ကိုယ်ကရယ်လိုက်၏။

" မဟုတ်ဘူး မောင်ရဲ့၊ အဲဒါ မောင့်ကို စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူး၊ မောင့်ကိုနားလည်လို့၊ ယုံကြည်လို့၊ မောင့်ရဲ့ဝေဒနာနဲ့အတူ မောင်ထွက်ပြေးလေ၊ ဒါပေမယ့် ကျွန်မဆီ ပြန်မလာဘဲ မောင်မနေနိုင်ပါဘူး၊ အဲဒါကိုပါ ကျွန်မကယုံတာရှင့်၊ ဝါနပြောသလိုပေါ့၊ မောင့်မှာက ထွက်ပြေးတတ်တဲ့ ဉာဉ် ရှိတယ်၊ ကျွန်မမှာ အကောင်းမြင်တတ်တဲ့ ဉာဉ် ရှိတယ်၊ ဒါကြောင့် ကျွန်မနဲ့မောင်ဟာ ကွဲ





တော့ ကွဲကြမှာ မဟုတ်ဘူးတဲ့ "

မီးရောင်နဲ့ တောက်ပနေသော မောင့်မျက်ဝန်းမှာ အရည်တစ်မျိုးဖြင့် စိုဖိတ်တောက်ပြောင်လာသည်။ ဟော ... မောင် မျက်ရည်ဝဲနေတာ လားဟင် ....

" မောင့် ဘဝမှာ ဘယ်တုံးကမှ မရခဲ့တဲ့၊ ချစ်ခြင်းတွေ မောင့်ကို ကျွန်မပေးမယ်၊ ပြီးတော့ မောင်ဟာ ကျွန်မ နဲ့အတူ ချိုမြိန်ရမယ်၊ အိပ်မက်ရမယ်၊ ဘဝကို မက်မောတွယ်တာ လာရမယ်၊ အဲဒီ ဘဝ ဆိုတာ မောင်နဲ့ကျွန်မရဲ့ နှစ်ယောက်ပေါင်း တဘဝလေး မောင်နဲ့ကျွန်မဟာ နှစ်ယောက်ပေါင်း တဘဝဖြစ်ဖို့ ကျွန်မ ကြိုးစားမယ် "

" ဝန်း ရယ်၊ ကျွန်တော် နှောင်တရအောင် ဒီလိုပြောနေတာလားဟင်၊ သေချာတယ်၊ သေချာတယ်ဝန်းရဲ၊ ကျွန်တော့် အတွက်တော့ ဝန်းဟာ နှစ်ယောက်မရှိနိုင်မယ့် တစ်ဦးတည်းသောသူပါပဲ၊ ကျွန်တော် ဝန်းကို သိပ်ချစ်တယ်ဗျာ "

****************



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်၏ နောက်ပိုင်းရက်များ တွင်တော့ မောင်က အံ့သြစရာ ကောင်းလောက်အောင်ပင် ဖျတ်လတ်ပေါ့ပါးကာ၊ ပျော်ရွှင်တက်ကြွကာ ကုမ္ပဏီမှာ ပင် အရင်လို အနေမတည် တော့ဘဲ လူတွေရှေ့မှာ ကိုယ့်ကို တစိုက်မတ်မတ် ကြာရှည် စွာ ငေးမောကာ သည်းသည်းလှုပ်ဖြစ်နေပြန်လျှင် ကိုယ့်မှာ စိတ်ထဲက ကျေနပ်ရပေမယ့် အံ့သြတော့ အံ့သြရလေသည်။ မောင်ဟာ ဘယ်လောက်တောင်ရဲရင့်သတ္တိရှိလာပြီလဲဆိုလျှင် ဒက်ဒီရှေ့မှာပင် ကိုယ့်ကို " မျက်ဝန်းချို " လို့ မခေါ်တော့ပဲ " ဝန်း " လို့သာ ခေါ်တော့သည်ရှင့်၊ အမလေး .... သိပ်ပါး နပ်တဲ့ ဒက်ဒီဟာ စရိပ်မမိပဲနေ မှာမဟုတ်ဘူး ဆိုတာ မောင် မသိပေမယ့် သမီးဖြစ်သော ကိုယ်ကသိသည်ပင်၊ ဒါပေမယ့် ကိုယ်နဲ့နှစ်ယောက်ထဲ တွေ့တဲ့အခါမှာ ဖြစ်စေ၊ ကိုယ်က လှမ်းမြင် နေရတဲ့ မောင့်ရဲ့ လှုပ်ရှားမှုတွေမှာ ဖြစ်စေ၊ ပျော်ရွှင်တက်ကြွနေတာ၊ ပြုံးပျော်ကြည်နူးနေတာကို အရှိန် တန့်သွားအောင် ကိုယ်က စကားတစ်ခွန်းနဲ့ပဲဖြစ်ဖြစ်၊ ဘယ်တားရက်ပါ့မလဲ .... မောင်ပျော်တော့ ကိုယ်လဲပျော်ကာ တစ်ဖက်မှာ ဘာတွေဖြစ်ပါစေ၊ မောင်ကအမိလို့ အလိုလိုက် ထားလိုက်သည်။

ဒါနှင့်ပဲ တညချမ်း ထမင်းစားပွဲမှာ ဒက်ဒီက ဘာမှ အရေးမကြီးသလို ဟန်နှင့် ပြောသည်မှာ ....

" ကိုခ နဲ့ သမီး ချစ်နေကြတယ်ဆို ဟန်နီ "

" ရှင်၊ ဒက်ဒီ "

ကိုယ့်မှာ ရင်ထဲတွင် ဒိန်းခနဲ ဖြစ်လျက် ရှက်အမ်း သွားရတယ်၊ ဒက်ဒီက ရေတစ်ငုံ မော့သောက်ပြီး ကိုယ့်ကို





မျက်လွှာ လှန်ကြည့်သေး၏။

" ဒက်ဒီ ပြောတာမှားလို့လား ဟန်နီ "

" အို .... မဟုတ်ပါဘူး ဒက်ဒီရဲ့၊ သမီးက .... "

" အင်း .... ကိုခ ကိုတော့ ဒက်ဒီ သဘောကျပါ တယ် ".

ကိုယ်နှုတ်ဆိတ် နေမိ၏။ တော်ပါသေးရဲ့ ....

" ကိုခ က ဒက်ဒီဆီမှာ သမီးကိုတောင်းတယ် "

" ဟောတော့ .... "

" သမီးနဲ့လဲ မေတ္တာမျှနေကြပါတယ်တဲ့၊ ဖြစ်နိုင်ရင် အမြန်ဆုံးပဲ လက်ထပ်ချင်ပါတယ်တဲ့၊ သူ့မှာ အုပ်ထိန်းသူ မရှိတော့ ဒီစကားတွေကို သူကိုယ်တိုင်ပဲ ပြောရတာပါတယ် တဲ့ "

လွန်မင်းစွာပင် ကိုယ်အံ့သြနေရခြင်းမှာ မောင်က ဒက်ဒီကို ဖွင့်ပြောတော့မယ့် အကြောင်း ကိုယ့်ကို လေသံမျှ ပင် မဟဘူးရှင့်၊ ခုတော့ ကြည့်အုံးကွယ်၊ မောင်ဟာလေ .... အဲဒီတော့ ....

ဒက်ဒီက ဇွန်းနဲ့ ခက်ရင်းကို ချလိုက်ကာ ငှက်ပျော သီး တစ်လုံးကို လှမ်းယူအခွံခွာပြီး ကိုယ့်ကို စေ့စေ့ ကြည့် ၏။

" သမီး သဘော ကဘယ်လိုလဲ "

" ဟို .... အဲဒါ သမီးကမေးရမှာဒက်ဒီ "

" ဟေ .... ဘာဖြစ်လို့လဲ "

" ကိုမင်းသိခနဲ့ သမီးနဲ့ ချစ်နေကြတာဟုတ်ပါတယ် ဒက်ဒီ၊ "



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဒက်ဒီသဘောထားက " သမီးက ကိုခ ကို တကယ်ချစ်တာလား"

" သမီးတကယ်ချစ်တာ ဒက်ဒီရဲ့ သူနဲ့လက်ထပ်ဖို့ စဉ်းစားထားတယ် "

" အေး .... ဒါပဲပေါ့၊ သမီးချစ်တဲ့သူကို ဒက်ဒီက ဘာသဘောမတူစရာရှိသလဲ "

" ဒက်ဒီက သမီးကိုချစ်တာပဲ ဟာ "

" ကျေးဇူးတင်ပါတယ် ဒက်ဒီ "

" ကိုခ ကို ဒက်ဒီသဘောကျတယ်လို့ သမီးကို ခဏ ခဏ ပြောဖူးပါတယ်၊ သူ့ရဲစိတ်နေ သဘောထားနေထိုင်ပုံ၊ စီးပွားရေးလုပ်ပုံတွေကိုပေါ့၊ အေး ခုတော့ သမီးနဲ့ပတ်သက် ပြီးသားတော်ရတော့မှာပေါ့၊ ကောင်းပါတယ်ကွာ "

ဒက်ဒီက တစ်စုံတစ်ခုကို စဉ်းစားနေသေး၏။

" အေး၊ တစ်ခုပဲနော်၊ သမီးတို့လက်ထပ်ပြီးရင် ဒက်ဒီကို ခွဲမသွားရဘူး၊ ဒါပဲ၊ ကိုခ ကိုလဲဒက်ဒီပြောပြီးပြီ၊ ကျန်တာ သမီးတို့ခြင်းညို၊ လိုအပ်တာ ဒက်ဒီကိုပြော၊ ဟုတ်ပြီလား "

ကိုယ်က ဒက်ဒီထံလျှောက်လာပြီး ဒက်ဒီပါးကို မွှေးလိုက်တော့ ဒက်ဒီက ကိုယ့်နဖူးကို ပြန်မွှေးပြီး မျက်ရည် တွေဝဲလျှက် ပြောသည်မှာ ....

" သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုတဲ့ ဓမ္မတာကို ဒက်ဒီနားလည်ရမှာပေါ့ကွာ၊ သမီးချစ်တဲ့သူကို ဒက်ဒီကလဲ လိုက်ချစ်ရမှာပေါ့၊ အဓိက ကတော့ သမီးလေးပျော်ရွှင်ဖို့ ပါပဲ " လို့ ပြောရှာပါသည်။





" ဘယ်လိုလဲ ဝန်း၊ ဒက်ဒီနဲ့တိုင်ပင်ပြီးကြပြီလား "

အဲဒီကိစ္စကို ညကျမှ မောင်က ဖုန်းဆက်ပြီး ကိုယ့်ကို ပြောသည်။

" မောင်ဟာလေ Amazing ဖြစ်အောင် သိပ်လုပ်တာ ပဲသိလား "

မောင်က တသိမ့်သိမ့် ရယ်နေသေးသည်။

" ကျွန်မ ကိုဖြင့်လက်ထပ်ဖို့ ကိစ္စလုံးဝ မပြောထား သေးပဲ နဲ့ "

" ကျွန်တော် ဝန်းနဲ့ တစ်စက္ကန့်တောင် ခွဲပြီး မနေချင် တော့ ဘူး၊ ကျွန်တော်တို့ လက်ထပ်ကြစို့ ဝန်းရယ် "

" ဟော တော့ .... "

ကိုယ်ကခုမှပင် ရယ်မိတော့သည်။ မောင့်ကို .... ကြည့်စမ်းပါအုံး၊ ဘယ်လောက်ချစ်စရာကောင်းတဲ့ မောင်လဲ လို့

" နော် ဝန်း၊ ကျွန်တော် တို့ လက်ထပ်ကြစို့ "

" အင်းပါ မောင်ရဲ့ "

" ပြီးတော့ လက်ထပ်ပွဲကို ခမ်းခမ်းနားနား ကြီး မလုပ်ပဲနေစို့ ဝန်းရာ၊ တရားရုံးမှာလက်မှတ်ထိုးပြီး မိဘမဲ့ဂေ ဟာကို ငွေတွေလှူရအောင်၊ ကျွန်တော့်လို မိဘစွန့်ပစ် ခံခဲ့ရတဲ့ ကလေး လေးတွေ အတွက်လေ "

" ကောင်းသားပဲ မောင်၊ ကျွန်မလဲ သူတို့လေးတွေကို သိပ်သနားတာ "

" မဟုတ်ဘူးလေ ဝန်းရဲ့၊ ကျွန်တော် ပြောသည့် သဘောမတူပါနဲ့ .... ဝန်းဆန္ဒကိုလဲ ပြောအုံးမှပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" မောင့်ဆန္ဒဟာ ကျွန်မဆန္ဒပဲ ပေါ့ မောင်ရယ် "

" မိန်းကလေး တစ်ယောက်ကို တင့်တောင့်တင့်တယ် ခမ်းနားစွာ မင်္ဂလာပွဲကြီးကျင်းပပြီးယူမှ အဲဒီမိန်းကလေးကို တန်ဖိုးထားရာ ရောက်တယ်ဆိုတဲ့ လူတွေရဲ့အတွေးအခေါ်ကြီးကို ကျွန်တော် တော့သဘောမကျဘူး ဝန်းရာ၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို တန်ဖိုးထားခြင်း မထားခြင်းဟာ အဲဒါကြီးနဲ့မဆိုင်ဘူးလို့ ထင်ပါတယ်၊ အရေးကြီးဟာက သစ္စာရှိဖို့ပဲမို့လား "

" မောင် ပြောတာမှန်ပါတယ်၊ တကယ်တမ်းက တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိပြီး ချစ်မြတ်နိုးဖို့၊ သစ္စာနိုင်မြဲဖို့ ပဲလိုတာပါ၊ မင်္ဂလာပွဲကြီးလုပ်နေမဲ့အစား ကုန်မယ့်ငွေတွေကို မောင်ပြောသလိုလှူပစ်တာကမှ ပိုပြီး အကျိုးရှိတာပေါ့ "

" ကြည့်စမ်း၊ ကျွန်တော့်ချစ်သူက လိမ္မာလိုက်တာ၊ သေချာပါတယ်၊ ဝန်းနဲ့ အတူနေရရင် ကျွန်တော် ပျော်ရွှင်ရမှာပါ "

" ပြီးတော့ မောင့်ရောဂါတွေလဲ ပျောက်ရမယ်ရှင့် "

မောင့်ရဲ့ ချီတုံချတုံ လေသံကို စိတ်မရှည်နိုင်ပဲ ကိုယ်ကသာ အရင်ဖြစ်ပြောပစ်လိုက်တော့သည်။ ဟုတ်တယ်လေ .... " မောင့်ရဲ့ဘဝ အဖော်မွန်ဟာ ကိုယ်ပါပဲဆိုတာ မောင်က ခုထိမသေချာသေးဘူးလား "

****************



အပိုင်း ( သုံး )

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

ဒီလိုနဲ့ ကိုယ်နဲ့မောင်တို့ရဲ့ မင်္ဂလာပွဲဟာ ဧည့်သည်တွေ ဘာတွေမပါပဲ၊ မင်္ဂလာသြဘာစာတွေမရွတ်ပဲ၊ ပန်းတွေမကြဲပဲ လှပသေသပ်စွာပြီးဆုံးသွားသည်။ " သတို့သမီးအရံလုပ်မတဲ့ " လို့ကြိမ်းဝါးကြသော ကိုယ့်သူငယ်ချင်းနှစ်ယောက်မှာလဲ ရူပွစူပွ ဖြစ်ကြရသည်။ ဒါနှင့် မင်္ဂလာဦးညမှာတော့ အိပ်ခန်းဝမှာ ရွှေကြိုးတားလို့ အညီးတကြီး ခဲဖိုးတောင်းသည်မှာ ....

ငါးသောင်းတဲ့ရှင် ....

" ခဲဖိုးဆိုတာ အပျော်တောင်းရတာပါဟယ်၊ တချို့ခဲဖိုးပေးဖို့ဆိုပြီး စာအိပ်လေးတွေနဲ့ အပြီးပိတ်ထည့်ထားတာတောင်မြင်ဖူးသေးတယ်၊ ရှင်တို့ဟာက နဲနဲ မများဘူးလား " လို့ အငြင်းသန်ဆဲ ကိုယ်ကဆင်ခြေပေးလျှင် မောင်ကတော့ရယ်မောကာ ....

" ပေးလိုက်ပါမယ် ဝန်းရယ် " လို့ဆိုသေး၏။

" တွေ့လား၊ ကိုမင်းသီခ ကမှတို့ကို စေတနာရှိသေးတယ်၊ ဝေန်းမ ယောက်ျားမှ ရမယ်မကြံသေးဘူး၊ အချိုးပြောင်းမယ်လို့မကြံနဲ့နော် "

" ဟုတ်တယ်၊ ဟုတ်တယ်၊ မလုပ်ရဲဘူးမထင်နဲ့၊ ရှင်တို့မင်္ဂလာကုတင်ကြီးပေါ် တက်အိပ်ပစ်လိုက်မှာ "





" ဟာ .... အဲဒါတော့ မဖြစ်ဘူးဗျ "

မောင်ကမျက်နှာငယ်နှင့် အလန့်တကြား ပြောတော့အားလုံးဝါးခနဲ ရယ်ကြသည်။

" မြန်မြန်ပေးမှပဲ၊ တော်ကြာစိတ်ပြောင်းသွားရင်ဒုက္ခ "

မနောက်စဖူးပင် မောင်ကစနောက်ပြီး ပိုက်ဆံထုတ်ပေးလိုက်သည်။ ဒီတော့မှ ကျေးဇူးရှင်မ နှစ်ယောက်ကရွှေကြိုးကိုဖယ်ပေး၏။

" အိုကေ .... ကျေနပ်ပြီ ဝင်လို့ရပြီ "

" ဝေန်း .... မနက်ဖြန်မနက်ကျရင် အတွေ့အကြုံရှင်းလင်းပွဲလုပ်ပေးအုံးနော် "

" သတ္တဝါစုတ်တွေ " သွား .... ဘာမှန်းကိုမသိဘူး ။

တကယ်တော့ သူတို့နှစ်ယောက်ဟာ တမင်ညစ်ပြီးပျော်စရာ ကောင်းအောင်လုပ်ရှာတာပါ၊ ကိုယ့်ပွဲမှာ ဘာမှမဟုတ်ဘူးဆိုပေမယ့် နည်းနည်းတော့ အလုပ်ရှုပ်လိုက်သေးရာ နေရာတကာ သူတို့နှစ်ယောက်ကဒိုင်ခံလုပ်ပေးတာပါ၊ မင်္ဂလာကုတင်နဲ့ အိပ်ယာ အခမ်းအနားကိုလည်း လက်ဖွဲ့သေးတာပါ "

ဒက်ဒီကတော့ ခုလောက်ဆိုလျှင် ရှမ်းကန်မှာကုမ္ပဏီက အဖွဲ့တွေအားလုံးကို ကိုယ်တို့ကိုယ်စား ဧည့်ခံနေမည်။

" ကုမ္ပဏီက အဖွဲ့တွေက တစ်ပွဲလောက်လုပ်ပေးရမယ်လို့ တောင်းဆို နေတယ်ဟန်နီရေ " လို့ဒက်ဒီကပြောခဲ့သည်ကို: ....



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဟာ ကိုယ့်ရဲ့မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခြိမ့်ခြိမ့်သဲသဲ ကျင်းပပေးချင်ပုံရသော်လည်း ....

" မင်္ဂလာ ပွဲကြီးလုပ်ပြီး ငွေတွေကုန်လူတွေ ပင်ပန်းရတာထက် ဒိဘမဲ့ကလေးတွေကို တတပ်တအား ကူညီခွင့်ရတဲ့ ပီတိကို လိုချင်တယ်ဒက်ဒီ " ဆိုတဲ့ ကိုယ့်ရဲ့စကားကို မငြင်းခဲ့ရှာချေ။ ဒက်ဒီ ဘက်က လုံးဝမလျှော့နိုင်တဲ့ " ဒက်ဒီနဲ့ ခွဲမသွားရဘူး " ဆိုတဲ့ အချက်ကို ကိုယ်တို့က လိုက်လျောခဲ့လို့လားမသိ၊ ဒီတစ်ချက်နဲ့ပင် ဒက်ဒီက အားလုံးကို သဘောရှိ ကျေနပ်တော့သည်။ မောင်ကတော့ သူ့အခန်းလေးကို သံယောဇဉ်မပြတ်နိုင်ပဲ တစ်ခါတစ်ရံ သွားနားဖို့ နေရာလေးအဖြစ် ဒီအတိုင်းပဲထားမည်ပြောသည်။ ကိုယ်တို့အိမ်ဟာ အခန်းတွေ အများကြီးနဲ့ အကျယ်ကြီးမို့ မောင်အနေ မခက်စေရပါဘူး၊ ကိုယ်ကအာမခံရသည်။ ခုနကပင်ကိုယ်တို့နှစ်ယောက်သည် ရှမ်းကန်မှာ ခဏမျက်နှာ ပြခဲ့ကြပြီး ခုတော့အိမ်ကိုပြန်ရောက်နေကြပြီ၊ မင်္ဂလာဦး ညမှာ နှစ်ယောက်ထဲရှိချင်လှုပြီလို့ အလစ်သုတ်ကာ ပြန်လာတာကို ဟိုနှစ်ကောင်က မြင်ဖြစ်အောင်မြင်ကာ ခဲဖိုး လိုက်တောင်းခြင်းပင်။

" ကျုပ်သိပါတယ် ဝေနှ်းရယ်၊ ဒီအချိန်မှာ ကျုပ်တို့ရှိနေတာကိုရှင် မလိုချင်ဘူးမို့လား "

" လာပါဟယ် .... ပြန်ကြစို့၊ တော်ကြာဝင်မှုလိုက်ပြီး အပျိုကြီးဖြစ်နေပါအုံးမယ် "

ဒင်းတို့ နှစ်ကောင်သည် ကိုယ့်ကို ကျေနပ် အားရအောင် စနောက်ပြီးမှ ပြန်တော်မူကြလေလျှင် ကိုယ်ကတော့





အတော် ရက်စွဲကာ မောင့်မျက်နှာကိုပင် မကြည့်ရဲတော့ .... သေချာတယ်၊ ခုချိန်မှာ မှန်ကြည့်မိလျှင် ကိုယ့်မျက်နှာဟာ ပန်းသီးလို ရဲတွတ်နေတာ ကိုယ်ပြန်မြင်ရမှာပဲရှင့် ....

" ဝန်း .... "

ကိုယ်ကမင်္ဂလာကုတင်ကြီးကို ပုလဲတို့က အကြီး အကျယ်ကြီး ပြင်ဆင်ထားတာကို ရင်ခုန်တာတစ်ဝက် ကြောက်တာတစ်ဝက်နဲ့ အစွန်းတွင်သာ ဖွဖွ ထိုင်ရဆဲ မောင်ကကိုယ့်ဘေးတွင်ဖြေးဖြေးလေး ဝင်ထိုင်လိုက်၏။

" ကျွန်တော်တို့ အတူနေရပြီနော် ဝန်း၊ အိပ်မက်လို ပဲနော် "

မောင်ကတိုးညက်ငြင်သာစွာ ပြောပြီး ကိုယ့်ကိုသိုင်း ဖက်လေလျှင် မောင့်ပုခုံး၌ စိတ်လှုပ်ရှားစွာ ခေါင်းမှီ ငြိမ်သက် နေမိသည်။

" စကားပြော အုံးလေ ဝန်းရယ် "

မောင်ကငြင်သာစွာ တောင့်တဆဲ ကိုယ်ကလက်ထပ် ရှုန်းကြွသော ရင်ခုန်သံကို ထိန်းရင်း " အင်း " လို့ညည်း လိုက်မိသည်။

" ကျွန်မသိပ် စိတ်လှုပ်ရှားနေလို့ပါမောင်ရယ် "

" ဟုတ်တယ်နော်၊ မောင့်ရင်ထဲမှာတော့ လှိုင်းတွေ စီးရသလိုပဲငြိမ့်နေတယ် "

" ဟော မောင်စကားတွေ ဘာတွေတော်လို့ပါလား "

" ဝန်းပြောတဲ့ အချစ်ကသက်ပေးတာ ထင်တာပဲဗျာ "

ကိုယ်က မောင့်ပါးပြင်ကို ချစ်စနိုးဖြင့် မနာအောင် လိမ်ဆွဲလိုက်မိ၏။ ပြီးတော့ Dream light သာရှိသောမီး



www.burmeseclassic.com

www.burmeseclassic.com



ရောင် ပြာလဲ့လဲ့မှာ မောင့်မျက်နှာကို ရင်ဖိုယစ်မူးစွာ ငေးကြည့်မိသည်။

" ဝန်း .... ဝန်းရယ် "

မောင်ကတုန်ခိုက်စွာ ညည်းညူရင်းကိုယ့်ကို နမ်းလိုက်စဉ် တိမ်တွေပေါ်လွင့်သွားတယ် ထင်ရအောင် လိုက်ခနဲဖိုဟိုက်ကာ အိပ်ယာပေါ်လဲကျသွားရဆဲ ခေါင်းအုံးပေါ်အုံးမိစဉ် တွင်စူးခနဲထွက်လာသော ကလေးငိုသံလေးကြောင့် နှစ်ယောက်သားလန့်ဖြန့်ကာ ငုတ်တုတ်ထထိုင်မိကြ၏။ " ဘာသံလဲဟယ်၊ ဘာသံလဲ " လို့ပထမတော့ နှစ်ယောက်လုံးထိန့်လန့်သွားသည်။ နောက်မှ ပုလဲတို့ရဲ့ လက်ချက်ဖြစ်မည်လို့ သံသယဝင်ပြီးရှာဖွေရာ ခေါင်းအုံးစွပ်ဆံမှ လက်တစ်ဝါးခန့်ရှိသော သာရေရုပ်ကလေးကို တွေ့ရ၏။ အရုပ်ကလေးမှာ မမောနိုင်အောင်ငိုနေဆဲ ကိုယ်တို့ နှစ်ယောက်ကတော့ ခွက်ထိုးခွက်လန် ရယ်မိကြတော့သည်။

" သားတို့ တစ်နေရာရာကို ဟန်းနီးမွန်းထွက်ကြဖို့၊ ဒက်ဒီအကြံပေးချင်တယ်၊ ညားခါစ ဇနီးမောင်နှံရဲ့ ဟန်းနီးမွန်းဟာ တစ်သက်မှာ တစ်ခါရတဲ့ ဗီလင်ကွနေဘ်၊ ဘာနဲ့မှ မတူဘူး၊ " လို့ မောင့်ကိုသားလို့ပြောင်းခေါ်သော ဒက်ဒီက တစ်နေ့မှာ မနက်ခင်းကော်ဖီဝိုင်း၌ အကြံပေးလာ၏။

" ကျွန်တော်က ကုမ္ပဏီကို ပစ်မထားခဲ့ချင်လို့ ဒက်ဒီ၊ ဟိုတယ်အသစ်ဆောက်တဲ့ ကိစ္စမှာလည်း ဒက်ဒီကဦးဆောင်နေရတာဆိုတော့ "

မောင်ကတော့ သူ့ကိုသူ " သား " လို့ နာမ်စားမသုံး





သော်လည်း ဒက်ဒီကိုတော့ ဒက်ဒီလို့ခေါ်သွားပင်၊

" ဆယ်ရက် ဆယ့်ငါးရက်လောက်ကတော့ အိုကေမှာပါသားရဲ့၊ ဒက်ဒီအကြံကို ကိုယ်တိုင် ဟန်းနီးမွန်းထွက်ပြီးမှ ကျေးဇူးတင်ကြလိမ့်မယ်နော်၊ ဒက်ဒီက ကိုယ်တွေ့ကွ ဟား .... ဟား "

ဒက်ဒီဟာ ငယ်ငယ်က မာမီနဲ့ အကြောင်းတွေကို မြင်ယောင်လာဟန်နဲ့ ရယ်မောစဉ်ကိုယ်က ....

" ဟော .... ဒက်ဒီ မာမီ့ကို သတိရနေပြီ မဟုတ်လား " လို့ စလိုက်၏။

" ရက်ရက်နဲ့ပြောရရင် သတိရတာပေါ့ဟန်နီရဲ့၊ ဘာလို့လဲသိလား .... ဟန်နီဟာ အခု အရင်ကနဲ့ မတူပဲဆံပင်လေးထုံး၊ ကြိုးဒေါကြိုးနဲ့ဝင်ချက်ပြုတ်၊ သားကိုကြင်နာယုယတာတွေဟာ ဟန်နီ့မာမီနဲ့ သိပ်တူတာကိုးကွဲ့ "

" ဟုတ်လား ဒက်ဒီ၊ မာမီကလဲဝန်းလိုလေးပဲလားဟင် "

မောင်ကဝင်မေးသေး၏။

" ဟုတ်ပဗျာ၊ သူ့အမေနဲ့တော့ ရုပ်ရော၊ စိတ်ဓါတ်ရော ချွတ်စွပ် နောက်ဆုံး ဘယ်လောက်ထိတူသလဲဆိုရင် လင်ယောက်ျားကို မိခင်စိတ်နဲ့ ချစ်တတ်တာကိုက တူတာဗျား "

" ဟာ .... ဒက်ဒီကလဲ .... "

ဒက်ဒီနဲ့ မောင်က ရှက်နေသောကိုယ့်ကို ကြည့်ကာ ရယ်ကြ၏။

" ဒက်ဒီက မာမီ့ကိုသိပ်ချစ် ဘာပဲလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟန်နီ ငါးတန်းနှစ်ထဲက သူ့မာမီဆုံးတာ၊ အဲဒီအချိန်ကနေ ခုထိ နောက်အိမ်ထောင်မပြုဖြစ်တာ သာကြည့်ပါတော့ "

" အော် .... ဒါဆို သမီးကိုချစ်လို့၊ သမီး မိထွေးနဲ့နေရမှာမဟုတ်ဘူးပေါ့ ဒက်ဒီ "

" အဲဒါလဲ ပါတယ်လေကွာ၊ နှစ်ခုလုံးကြောင့်လေကွာ၊ ဟန်နီကလဲ "

" ဒက်ဒီနော် ဒက်ဒီ "

" ဟောကြည့်၊ မရှိတော့တဲ့ မအေကိုတောင် သဝန်တိုနေပြန်ပြီ၊ အဲဒါဆို အခုဒက်ဒီက သား ကိုခ ကိုသဝန်တိုရမလားပြော "

" မတူဘူးလေ ဒက်ဒီရဲ၊ တစ်ယောက်ကအဖေ၊ တစ်ယောက်ကယောကျ်ား၊ သမီးကနှစ်ယောက်လုံးကို တစ်မျိုးစီချစ်တာ "

" အေး .... ဒက်ဒီလဲ အဲဒီလိုပဲပေါ့၊ တစ်ထောင့်ငါးရာမေတ္တာနဲ့ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဟာ ပြိုင်စရာမှမဟုတ်တာ၊ ဟန်နီဟာလေ၊ ကိုယ်တွေ့ကြုံနေတာတောင်မလိမ္မာချင်သေးဘူး "

ကိုယ်တို့သားအဖကိုကြည့်ရင်း မောင်ဟာ တစ်ခါတစ်ခါမှာ တသိမ့်သိမ့် ရယ်နေတတ်သော်လည်း၊ တစ်ခါတစ်ခါတွင်တော့ မျက်လုံးသေတွေနဲ့ တမေ့တမောကြည့်နေတတ်တာ ကိုယ်သတိထားမိပါသည်။ နွေးထွေးသောမိသားစုအနေနဲ့ ရင်းနှီးအောင် ကိုယ်သည် မောင့်ကို အတော်ဆွဲခေါ်ယူရအုံးမည်ပင်။





" ဒက်ဒီတို့တုန်းက ဘယ်လို ဟန်းနီးမွန်းထွက်လဲဟင် "

မောင် ကမေးတော့ ဒက်ဒီက ယခုပင် ပြန်မြင်ယောင်လာသလို ဖြေသည်မှာ ....

" အို .... စုံလို့ပဲ သားရ၊ မေမြို့လဲတက်တယ်၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ ဒါပေမဲ့ ဒက်ဒီအထင်ပြောရရင် ပင်လယ်ကိုသွားတာ အကောင်းဆုံးပဲကွ၊ လင်မယားနှစ်ယောက် တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ပြီး၊ ပင်လယ်ကြီးကို ကြည့်ရတာ၊ လှိုင်းအတူစီးရတာ ဘာနဲ့မှမတူတဲ့ ဘဝအရသာပဲ "

" ဟုတ်တယ်မောင်၊ ကျွန်မတို့ ပင်လယ်ကို သွားရအောင်၊ ချောင်းသာ ဒါမှမဟုတ် ငပလီကိုလေ "

" ကောင်းသားပဲ၊ ဝန်းသဘောလေ "

" အင်း .... အချိန်ကလဲ သိပ်မရတော့ ချောင်းသာပဲသွားမယ်မောင်ရာ နီးနီး နားနား၊ ကျွန်မက ပင်လယ်မှာ အကြာကြီးနေချင်တာ၊ တစ်ပတ်လောက်တော့ နေကြစို့၊ ခရီးမထွက်ရတာလဲကြာပြီလေ "

" အေး .... အေး .... ကောင်းတယ်၊ သွားကြသွားကြ "

ဒါနဲ့ပဲ နောက်တစ်နေ့မှာပင် ချောင်းသာကို ထွက်ခဲ့ကြသည်။ ခရီးကြမ်းကို မောင်းလို့ကောင်းအောင် ဒက်ဒီ ပါဂျဲရိုး ကြီး ယူလာခဲ့သည်။ အဝတ်အစားတစ်ပတ်စာ ကားပေါ်ပါတဲ့ ရေခဲသေတ္တာ သေးသေးလေးထဲ စားစရာတွေ အပြည့် ထည့်ခဲ့ ကြသည်။ ဒါပေမယ့် ကိုယ်က အားခဲထား



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ပင်လယ်ကိုရောက်တုံး ပင်လယ်စာတွေသာ အဝစားမည်၊ ပိုက်ဆံသာ အပြည့်ထည့်ခဲ့မည်။

ကြီးဒေါ်ကြီးရေ .... ဒက်ဒီကို ဂရုစိုက်လိုက်အုံးနော်။

" အေးပါဟဲ့ သမီးလေးရဲ့၊ သွားမှသာဖြောင့်ဖြောင့်သွားပါ "

" ဒက်ဒီ၊ သမီးတို့ မရှိတုံး ကိုယ့်ကိုယ်ကို ဂရုစိုက်နော်၊ ညဘက်တွေ မိုးမချုပ်နဲ့နော်၊ ဘီယာတွေလဲ သိပ်မသောက်နဲ့အုံး၊ အိပ်ရင်လဲ Aircon ပိတ်ဖို့မမေ့နဲ့နော် "

" ဟုတ်ကဲ့၊ အားလုံးဂရုစိုက်ပါမည် ခင်ဗျား "

ဒက်ဒီ လက်နောက်ပစ်ကာ ဦးညွှတ်ပြောတော့ ရယ်မောကာ ကိုယ်တို့နှစ်ယောက်ကို ငေးမောနေသောမောင့်ကို ....

" ဒက်ဒီ နဲ့ကကြာကြာမခွဲဘူးမောင်ရဲ့၊ နိုင်ငံခြားသွားတာကလွဲလို့ " ဟုပြောရသည်။ ထို့နောက် ချစ်သူနှစ်ယောက်သည် ဘဝခရီးတစ်ခုကို စလိုက်သလို ကားလေးသည် မြားတစ်စင်းလို လမ်းမပေါ်မှာပြေး၏။ မောင်ကကားကို မြန်မြန်မမောင်းလျှင် ကိုယ်စိတ်တွေကြွလာကာ အော်ရယ်ပြီး ကက်ဆက်ကို ဘော့စ် သံတဒုန်းဒုန်း မြည်အောင်ဖွင့်သည်။ ပြီးတော့ ကက်ဆက်မှပေါ်လာသော သီချင်းသံကို နှစ်ယောက်အတူ လိုက်ဆိုကြသည်။ ရင်ထဲမှာ သိပ်ကို လှိုက်လှဲလာပြီး စိတ်မထိန်းနိုင်လျှင် ကိုယ်ကကားမောင်းနေသော မောင့်ကို လှစ်ခနဲ ခိုးနမ်းလျှင် မောင်ကရယ်မောပြီး ကိုယ့်ပုခုံးကို ဆွဲဖက်ကာ မောင့်ကိုယ်မှာ နွဲ့မှီစေ၏။

" တစ်ယောက်တစ်လှည့် မောင်းမယ် နော် မောင်၊





မောင် ပင်ပန်းရင်လေ "

" အမလေး၊ ရန်ကုန် နဲ့ ချောင်းသာ ဘယ်လောက်ဝေးလို့လဲ၊ ဝန်းရာ၊ အသာဇိမ်ခံပြီးလိုက်စမ်းပါ၊ မောင့်မိန်းမကို မောင်ကတတ်နိုင်ရင်ထမ်းခေါ်ချင်တာဗျ " လို့ မောင်က စကားတွေတတ်တတ်နေသေးသည်။

****************



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကိုရောက်လို့ ဘန်ဂလိုရှုပြီးပြီးခြင်း ကိုယ်တို့လုပ်သော အလုပ်မှာ ပစ္စည်းတွေကို ပစ်ချကာ ပင်လယ်ကမ်းစပ်ကို ပြေးဆင်းကြချင်းပင် ....

" မောင်ရေ၊ လှလိုက်တာကွယ် "

မောင်နဲ့ အတူလက်တွဲပြေးဆင်းလာပြီး ပင်လယ်ပြင်ကြီးကို ကြည့်ကာ ကိုယ်ကမက်မက်မောမော ပြောဆဲ မောင်ကပီတိပြုံးနဲ့ ခေါင်းငြိမ့်ထောက်ခံ၏။

" ဝန်း .... ပင်လယ်ကို မရောက်ဖူးဘူးလား "

" မောင်ရော "

" ရောက်ဖူးတယ်၊ ဒီချောင်းသာတော့ မဟုတ်ဘူး၊ ငပလီကိုလေ "

" ကျွန်မလဲရောက်ဖူးသားပဲမောင်ရဲ့၊ ဒါပေမယ့် ခုမှ ပင်လယ်ကပိုလှတာ သိလား "

" ဘာကြောင့် .... "

မောင်ကရှက်ရိပ်စွန်းပေမယ့် တမ်းတသောလေသံနှင့် မေးသေးသည်။

" အို .... သိသားနဲ့ မောင်ကလဲ၊ ဒက်ဒီပြောသလို ချစ်သူလက်ကိုဆုပ်ကိုင်ပြီးကြည့်ရလို့ပေါ့၊ မောင်ရော အဲဒီလို မခံစားရဘူးလား "

" ဝန်းနဲ့ အတူတူပဲပေါ့ "

" ကြည့်ပါလား၊ သိပ်ကို စကားကပ်စေးနဲတဲ့သူ၊ ကျွန်မကိုများဆို ဘယ်တော့မှ စီကာပတ်ကုံး ခွဲ့ခွဲ့နဲ့နဲ့ မပြောချင်ဘူး "

" ကျွန်တော် မပြောတတ်လို့ပါဝန်းရယ် "





" မရဘူးကွာ၊ အမြဲတမ်း ဒီစကားတစ်ခွန်းနဲ့ပဲ ကိုင်ပေါက်နေတာပဲ၊ ကဲ .... မပြောတတ်အုံး၊ မပြောတတ်အုံး "

" ဟာ .... ဝန်း .... ဟော့ "

ကိုယ်က မောင့်ကို ကမ်းစပ်က သဲတွေနှင့်ပေါက်ရာ မောင်က ပထမတော့ ရှောင်နေပြီး နောက်တော့ သူကပါပြန်ပေါက်၏။ တစ်ယောက် နဲ့ တစ်ယောက် သဲလုံးတွေနဲ့ပေပွအောင်ပေါက်ပြီးတော့မှ ရေထဲဆင်းကူးကြသည်။ ပျော်လိုက်ရသည့်ဖြစ်ခြင်း၊ အနီးအနား ကိုသာ ဂရုတစိုက်နားထောင်မိမည်ဆိုလျှင် မြူးတူးစွာရယ်နေသော မောင့်ရယ်သံ နှင့် ကိုယ့်ရယ်သံကိုကြားရမည်ပင်။

ရေထဲဆင်းကူးကြတော့လဲ ကိုယ်ကရေထဲမှ ငုပ်ပြီး ပုန်းနေလျှင် မောင်ဟာ အတော်တုန်လှုပ် ခြောက်ခြားသည် ရှင့် ....

" ဝန်းရေ .... ဝန်း " လို့ပဲ စိုးရိမ်စွာခေါ်နေဆဲ ကိုယ်က " ဝါး " ဆို ခြောက်လှန့်ပြီး ရေထဲက ပေါ်လာလျှင် အတင်းသိမ်းကြုံးဖက်ထားသည်။

" ဝန်းကလဲကွာ၊ မောင်ဖြင့်စိတ်ပူလိုက်ရတာ "

" အဲဒါ မောင်ဝဋ်လည်တာရှင့် "

" အမယ် .... "

" ဟုတ်တယ်လေ၊ မောင် ကျွန်မနားက ရုတ်တရက် ပျောက်သွားတုံးက ကျွန်မခံစားရတာများ ဒီထက်ဆယ်ဆပိုတယ်ရှင့်၊ ဆယ်ဆ၊ ဆယ်ဆ "

ထိုနေ့ညမှာ ခရီးပန်းလာသဖြင့် ကိုယ်အားဒီထား



www.burmeseclassic.com

www.burmeseclassic.com



သော မီးပုံပွဲ မလုပ်လိုက်ရတော့ပဲ စောစော စီးစီး အိပ်ပျော်သွားကြသည်။ နောက်နေ့တွေမှာတော့ ပင်လယ်စာတွေ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် မှာစားဆဲ အစားအသောက် လာပို့သော ကောင်ကလေးက သတင်းပေးသည်နှင့် မလှမ်းမကမ်းရှာ ထဲ က ပုဇွန်အကြီးကြီးတွေ သွားဝယ်ကြသည်။

" အမလေး မောင်ရေ၊ အကြီးကြီးပဲနော်၊ တကယ့်ကို နရာမကြီးတော့ "

ပုဇွန်သိပ်ကြိုက်သောကိုယ်က ခုန်ဆွဆွ ဖြစ်နေလျှင် မောင်က သဘောကျစွာ ရယ်ပြီး ကိုယ့်ဆံစတွေကို ဆွဲဖွပစ်သည်။ ပြီးတော့ ဘန်ဂလိုရှိရာပြန်လာရာ လမ်းတစ်လျှောက် လှရှင်းလှရာ ....

" ယောက်ျားပဲရနေပြီ၊ ကလေးကျနေတာပဲဗျ၊" လို့စနောက်ပြီး ကိုယ့်ပါးပြင်ကို နှုတ်ခမ်းနှင့် ထိတယ့်ဆိုရုံ လှမ်းနမ်းသေး၏။

ကိုယ့်မှာတော့ မောင်က အဲဒီလိုနမ်းလိုက်စဉ် ရှိန်းခနဲ ဖြစ်သွားကာ မောင့်ကိုကြည့်မိတော့ မောင့်မျက်နှာမှာ ရွှက်ရိပ်နဲ့ အတူ အပျော်တွေ စွန်းထင်တာ မြင်ရဆဲ ရင်မှာ ချမ်းမြေ့သွားရသည်။

" မောင် .... ပျော်တယ်မို့လားဟင် "

" အရမ်းပျော်တာပဲ ဝန်းရယ် "

ဟုတ်ပါသည် ....

မောင်တကယ်ပျော်နေတာပါ။

အဲဒါဟာ ဘယ်မှာ ပိုသေချာသွားသလဲဆိုလျှင် ညကျတော့ ဘန်ဂလိုရှေ့မှာ မီးဖိုပြီး ပုဇွန်တွေကို ကင်စားစဉ်





တွင် မောင်ဟာ သီချင်းတွေ ဘာတွေတောင် ညည်းလို့ပင်၊ ပြီးတော့ ငေးကြည့်နေသော ကိုယ့်ကို လှမ်းကြည့်ကာ မျက်စိ တစ်ဖက် မှိတ်ပြလိုက်သေးသည်။

" မောင် .... "

" ဗျာ .... "

" သီချင်းဆိုပြ "

မောင်က စိတ်လိုလက်ရ ခေါင်းငြိမ့်ကာ ဟန်ပါပါ ဆိုပြပုံမှာ တကယ့်ကိုနှစ်လိုဖွယ်ပင် ....

" မီးပုံဘေးဝယ်၊ ....... စုကာဝေးကာ ...... ချစ်သူလေးနဲ့ပျော်ရွှင်မယ် ....... လှကညာဂမုန်းရယ် ....... ညသလိုပြုံးတယ်၊ ရှူလို့မဆုံးအောင် ခင်မင်ဖွယ် ....... မောင့်အသဲထဲမယ် ....... အစဉ်သာမခွဲမြဲတယ် ....... ချစ်သူလေးရယ် ..... ပစ်ခွာမပြေးနဲ့ .... နှစ်ယောက်အတူနေချင်တယ် ....... "

" ဟေး .... "

မောင်ကသီချင်းကို ဟန်ပါပါဆိုပြီး သွားတော့ ကိုယ်ကလက်ခုပ်တီးပြီး ဩဘာပေးကာ အသဲတယားယားနဲ့ မောင့်ကို ဖက်နမ်းပစ်လိုက်သည်။ ပြီးတော့ ပုဇွန်ကင်တွေ အဝထိုင်စားကြသည်။ ပြီးတော့ လရောင်အောက်မှာ မောင့်ပုခုံးကို မှီနွဲ့လို့ လမ်းလျှောက်ရတဲ့ အဖြစ်အပျက်ဟာ ဘဝမှာ ဘာနဲ့မှ မလဲနိုင်တဲ့ တန်ဖိုးတစ်ခုပင် .... ဒါကို မောင့်ကို ပြောပြတော့ မောင်က ကိုယ့်ဆံစကို ငုံ့နမ်းရင်း တုန်လှုပ်နေသေးသည်။

" မောင့်ကို သိပ်ချစ်တာပဲလား "



www.burmeseclassic.com

www.burmeseclassic.com



" ပြောစရာ စကားလုံးမရှိအောင် ကိုချစ်ပါတယ် မောင်ရယ် "

" မောင့်မှာ သူတကာနဲ့ မတူတဲ့ ဝေဒနာတစ်ခုရှိနေရင်ရော "

"မောင် နဲ့ အတူအဲဒီဝေဒနာ ကိုပါလက်ခံယူမယ်လေ"

" အော် .... ဝန်းရယ် "

နောက်နေ့မှာတော့ ကျောက်ဆောင်တွေပေါ်တက်ကာ ငါးမျှားကြသည်။ မောင်က ငါးတွေ ရသလောက် ကိုယ်က တစ်ကောင်မှ မရချေ။

" ကဲ .... ကဲ မောင့်ငါးကို ဝန်းငါးလို့ သဘောထားလိုက် ဟုတ်လား "

" ဟင် .... အဲဒါ တကယ်မှ မဟုတ်တာ မောင်ကလဲ"

" ငါးလေးတွေကိုမျှားစာ မျှား ရတာ သနားဖို့တော့ ကောင်းသားနော် ဝန်း "

" ဟုတ်ပါတယ် မောင်ရယ်၊ ပြန်လွှတ်လိုက်ကြစို့ကွာ"

ပြီးတော့ ငါးတွေကို ရေထဲ ပြန်လွှတ်ကာ ရယ်မောကြရသေးသည်။ ကိုယ်တို့ နှစ်ယောက်ဟာလေ .... အရူးတွေ လိုပဲနော် .... တကယ် ....

****************





အခန်း (၂)

ချောင်းသာက ပြန်လာကြချိန်တွင် ရန်ကုန်သို့ရောက်သော အခါ မောင်က ကိုယ့်တို့အိမ်ကိုတန်းမသွားသေးဘဲ၊ မောင့်တိုက်ခန်း လေးရှိရာသို့ ကိုယ့်ကိုခေါ်လာ၏။ ပြီးတော့ ကားကို ပါကင်တွင်ရပ်ပြီး တစ်ခါတုန်းကလိုပင် ကိုယ့်ကို မေးသည်မှာ ....

" မျက်ဝန်းချို၊ ကျွန်တော့် အခန်းကိုလိုက်လည်အုံးမလား "

" အို .... ကိုယ့်ယောကျ်ားအခန်းပဲ၊ လိုက်ရမှာပေါ့ "

" ဟောဗျာ "

နှစ်ယောက်သား ရယ်မောပြီး ကားသော့ခတ်ကာ မောင့် တိုက်ခန်းလေးပေါ်တက်ခဲ့ကြသည်။ မောင့် အခန်းလေးဟာ သပ်သပ်ရပ်ရပ်နှင့် နေချင်စဖွယ် ချစ်စရာလေးပင်။ ကြမ်းပြင်မှာ ပါကေး နှင့် ပြောင်လက်နေသည်။ ဆီဆေးပန်းချီ ကားတွေချိတ်ထားတာကို ကိုယ်က သဘောအကျဆုံးပင်။

" ဟုတ်ပါရဲ့နော် မောင်၊ ကျွန်မလေ မောင့် အခန်းလေးကို သိပ်စိတ်ဝင်စားခဲ့တာ၊ ခုမှပဲ ရောက်ရတော့တယ်နော် "

" ဝန်း ကလိုက်မှ မလည်ပဲ "



www.burmeseclassic.com

www.burmeseclassic.com



" လိုက်လည်ဖို့စဉ်းစားဆဲမှာ မောင်က ကျွန်မနားက ပျောက်သွားတာရောရှင်၊ ပြန်ရောက်လာတာနဲ့ တန်းပြီး လက်ထပ်ဖို့တန်းပြီးစီစဉ်ကြရပြန်ရော၊ ဟော .... ခုတစ်ခါ ဟန်းနီးမွန်းက ထွက်ပြန်တော့ ဘယ်မှာလာလည်တဲ့ စခန်း ရောက်ရလို့လဲ မောင်ရဲ့၊ စိတ်ထဲမှာတော့ မောင့်အိမ်လေးကို သွားရအောင်လို့ မောင့်ကိုပူဆာဖို့ စဉ်းစားထားသားပဲ "

" ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကဲ .... အခုရောက်ပြီပဲ ကျေနပ်ပါတော့၊ ကျောင်းအစ်မရယ်နော် "

ကိုယ်က မောင့်ဗိုက်ကို လက်သီးနဲ့ ရွယ်ပြီး မထိုးပဲ ရယ်လိုက်ကြ၏။ ပြီးတော့ ကိုယ်က မောင့်အခန်းလေးကို နေရာ အနှံ့ပဲလိုက်လျှောက်ကြည့်ရာ မောင်ကသဘောကျပုံ နှင့် နောက်ကလိုက်ပါလာသည်။

" ဘယ်လိုလဲ .... မောင့်အခန်းလေးက .... "

" နေချင်စရာလေးနော်မောင်၊ ဆီဆေးပန်းချီကားတွေ ကိုတော့ သဘောအကျဆုံးပဲရှင်၊ မောင်လဲပန်းချီ ဝါသနာပါ တယ်နော် "

" ခံစားသူနေရာကပါ "

" မောင့်အခန်းက မောင်တစ်ယောက်ထဲဆို ကျယ်နေ မှာပေါ့ "

" ကျွန်တော်က ကျဉ်းတဲ့အခန်းမှာ မနေတတ်ဘူး၊ စိတ်ကျဉ်းကျပ်တယ်၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တာ၊ ဒါကြောင့် ဆက်တီတောင်မထားတာ "

" ဒါပေမယ့် ကျွန်မက မောင့်အခန်းရဲ့ Decoration ကိုသဘောကျနေပြီ မောင်ရေ၊ ကျွန်မတို့အိမ်က အိပ်ခန်းကို





ဒီလိုပဲပြင်ရအောင် "

" ကောင်းတာပေါ့ဝန်းရဲ့၊ ကျွန်တော်လဲ အဲဒါ ပြောမလို့ "

မောင်ဇည့်ခန်းကျယ်ကြီးတွင် ကော်ဇောအစိမ်းပုပ်ကို ခင်းကာ ကွန်ပြူတာတွေ၊ တီဗွီ အပေါ်စက်အောက်စက်တွေ၊ ကက်ဆက်နှင့် ဆောင်းဘောက်ခ်ကြီး တွေကိုကျဲ ဖြန့်ချထား တာ စိတ်လွတ်လပ်ဖွယ်ကောင်းလှသည်။ ကိုယ်ကအဲဒီကော် ဇောပေါ်မှာလှဲပင်အိပ်လိုက်သေး၏။

" ဟော့ .... "

" ကားစီးလာရတာအကြာကြီး၊ ညောင်းတယ်မောင် ရဲ့ပြီးတော့ ဒီကော်ဇောကလှဲအိပ်ချင်စရာလေး "

" ဝန်း .... "

မောင်က ကိုယ့်ဘေးတွင်ဝင်လှဲရင်းပြောသည်။

" ဘာလဲမောင် "

" ကျွန်တော် ဒီအခန်းလေးကို ဘယ်သူ့ အတွက် ရည်ရွယ်လဲ သိသလား "

" ပြောပါအုံးရှင် "

" ကျွန်တော်တို့ရဲ့ သားလေးအတွက်လေ "

" ဘုရားရေ .... သားလေး .... ဘယ်မှာလဲမောင်ရဲ့ "

ကိုယ်ကသိသိနဲ့ နောက်တော့ မောင်က နှုတ်ခမ်း ကိုက်ကာ ကိုယ့်ဆံပင်ကို တင်းခနဲ ဖြစ်အောင်လှမ်းဆွဲပြီး ....

" ဝန်းနော်၊ ကျွန်တော် ဘာဆိုလိုချင်တယ် ဆိုတာ သိသားနဲ့ "

" မသိပေါင် "



www.burmeseclassic.com

www.burmeseclassic.com



" ကဲ .... မသိရင် ပြောပြမယ်ဗျာ၊ ဝန်း ကျွန်တော့်ကို သားလေးတစ်ယောက်လောက် မွေးပေးပါ "

" ဟယ်မောင်ရယ် .... မွေးတာတော့ မွေးမှာပေါ့၊ မောင့်ရင်သွေးကို ကျွန်မလဲလိုချင်သားပဲ၊ ဒါပေမယ့် သားလေး လို့တော့ တရားသေဘယ်တွက်လို့ ရမလဲရှင့် .... သမီးလေးလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲလေ၊ မဟုတ်ဘူးလား "

" မဟုတ်ဘူးဗျာ .... ဝန်း .... ကျွန်တော့်ကို သားလေး ပဲမွေးပေးပါ .... ကျွန်တော်နဲ့ ချွတ်စွတ် တူတဲ့ သားလေး၊ ဒါမှ သူလေးကို ကျွန်တော့်အမှတ်နဲ့ ကျွန်တော့် ဘုန်းက ခံစားခဲ့ရတဲ့ ဝေဒနာတွေ လုံးဝမပါအောင်၊ ကျွန်တော် ပြန်ပြီးပြုစု ပျိုးထောင်မယ်၊ ကျွန်တော်နဲ့ အလွန် တူတဲ့ ကောင်လေးတစ်ယောက်ကို %%%%% ဖြစ်တဲ့ လူသားအဖြစ် မွေးခွင့်ရခဲ့ရင် ကျွန်တော့်ရဲ့ အနာတွေကို ကျွန်တော် မေ့ဖျောက်ပစ်လိုက်တော့ မယ်ဗျာ "

မောင်ဟာ မျက်နှာကျက်ကို စိုက်ကြည့်ကာ တကယ့်ကို မျှော်လင့်တကြီးမြင်ယောင် တမ်းတလျှင် ကိုယ့်မှာ တော်တော်ကို ထိတ်လန့်သွားမိပါသည်။ ဒုက္ခပဲ .... တကယ်လို့ ကိုယ်ဟာ ကိုယ်ဝန်ရှိပြီး သမီးလေးများ မွေးခဲ့လျှင် မောင်ဘယ်လို ခံယူမည်လဲဟင် ....

" နော်ဝန်း .... ကျွန်တော့်ကို သားလေးပဲမွေးပေးပါ .... ကျွန်တော်ဟာ အခု ကျွန်တော့် ကိုယ်ကျွန်တော် ဒါဏ်ရာတွေနဲ့ ငြင်းပယ်ခံနေရတဲ့ ကောင်လေးအဖြစ်ပြန်မြင်ယောင်နေတယ် .... သားလေးဟာ ကျွန်တော်နဲ့ တူရင် သူလေးဟာ Wild Thing ဖြစ်ရင် ကျွန်တော် ကိုကျွန်တော် မြင်ရတဲ့ နေ





ရာမှာ သားလေးကို အစားထိုးမြင်လိုက်မယ်ဗျာ၊ ဒါဆို ဒါဏ်ရာတွေ နဲ့ ကျွန်တော်ဟာ ပျောက်သွားရောပေါ့၊ မဟုတ်ဘူးလားဝန်း "

" အော် .... မောင်ရယ် "

ကိုယ်ဟာ ဝေဒနာသည်လေး မောင့်ကို ဘယ်လိုများ အတိုက်အခံ လုပ်ရက်တော့မည်လဲ ကွယ်။

" အင်းပါ မောင်ရယ်၊ ကျွန်မ မောင့်အတွက် သားလေးတစ်ယောက် မွေးပေးပါ့မယ်၊ ကျွန်မ ကိုယ်ဝန်ဆောင်ရတဲ့ အခါ ဗိုက်ထဲက ကလေးဟာ မောင်နဲ့သိပ်တူတဲ့ ယောက်ျားလေးပဲ ဖြစ်မှာပါ .... ကျွန်မကမောင့်ကို စွဲလန်းလွန်းတာကိုး .... မောင့်ဆန္ဒကိုလဲ သိပ်ဖြည့်ချင်တာပါ မောင်ရယ် "

ပြီးတော့ မောင်မမြင်အောင် ကိုယ်မျက်ရည်ကျ ရပါသည်။ ပြန်ခါနီးတွင် မောင်က ထူးဆန်းစွာဆိုသည်မှာ ....

" ဝန်းရေ၊ ဒီအခန်းလေးကို မောင်တို့ရဲ့ သီးသန့်နေရာလေး အဖြစ် သဘောထားစို့၊ ဒီ အခန်းသော့ကို နှစ်ချောင်း လုပ်ပြီး ဝန်းတစ်ချောင်း၊ မောင်တစ်ချောင်း ယူထားမယ်၊ မောင်တို့ တစ်ယောက်နဲ့ တစ်ယောက် စိတ်ကောက်ရင်ဒီမှာ လာပုန်းနေရအောင်၊ အပြင်ကနေ သော့မခတ်ထားရင် အထဲမှာ ဝန်း (သို့မဟုတ်) မောင်ရှိနေ မှန်းသိရောပေါ့ .... " တဲ့ လေ ....... ။

*******************



www.burmeseclassic.com

www.burmeseclassic.com



မောင် နဲ့အတူ ဇနီးမောင်နှံအဖြစ် အလွန်နီးကပ်စွာ နေထိုင်ရသူ တစ်ယောက်အနေနှင့် တဖြေးဖြေး မောင့်ရဲ့ရောဂါကို သိခွင့်ရလာခြင်းမှာ ကိုယ်ကမောင့်ကို အမြဲဂရုတစိုက်နဲ့ အသေးစိပ် ဆက်ဆံလို့ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် မောင်ဟာ လောကကို ခင်တွယ်ချင်ပါလျက်၊ မိသားစုဘဝကိုမက်မောပါလျက်၊ ရံခါမှာ သူ့အတွင်းစိတ်ရဲ့ နှောက်ယှက်မှုနဲ့ စိတ်နှစ်ခုကြားမှာ ပြေးလွှားမောပန်းနေရတာ သိခွင့်ရလေတော့ ကိုယ်ဟာ- အဲဒီအတွင်းစိတ် ပဋိပက္ခကို မေတ္တာနဲ့သာ ဖယ်ရှင်းပြေပျောက်စေမည် ဟုကြံလေ သည်။ မောင့်ရဲ့ စိတ်အခံက ကြင်နာယုယခံချင်ပါလျက် တစ်သက်လုံး ဂရုစိုက် မခံခဲ့ရသူမို့ လင်မယားနှစ်ယောက် တယုတယနေတာကို ရှက်စရာလို့ ခံယူတာက စိတ်အညစ်ရဆုံးပင်။

ပြီးတော့ အဲဒီလို ရှက်တာကလဲ များသောအားဖြင့်တော့ လူအများရှေ့မှာ မှပါ .... အိမ်မှာဆိုလျှင်တော့ ကိုယ်က စိတ်လိုလက်ရနှင့် ပန်းချီကားတစ်ချက်လောက် ဆွဲနေမိလျှင်တောင် “ ဝန်း ” မောင့်နားလာကွာလို့ ဘယ်နေရာက ဖြစ်ဖြစ် လှမ်းခေါ်နေတတ်သည်။ ဒက်ဒီက အိမ်မှာရှိခဲ့သူမို့ မောင်နဲ့ကိုယ်ဟာ လွတ်လပ်သားပင်၊ အဲဒီအချိန်မျိုးမှာဆိုလျှင်တော့ မောင်ဟာ ချွဲနွဲ့တတ်သူ၊ ပိုင်စိုး တတ်သူ ပြီးတော့ အဖော်မင်သူ ....

“ ဟာ .... ဝန်းရေ၊ ဆင်အကောင်ပေါက် ကလေးမွေးတာကွ၊ လာကြည့်စမ်း ” လို့ ကြိုလ်တုသတင်းကြည့်ရင်း မောင်က လှမ်းခေါ်တတ်သည်။ အဲဒီအခါမှာ ကိုယ်ကမောင်





ကြိုက်တတ်တဲ့ ရေခဲသေတ္တာထဲက လတ်လတ်ဆတ်ဆတ် ထုတ်ထားတဲ့ စပျစ်သီးတွေကို ပန်းကန်နဲ့ထည့်ပြီး မောင့်နား သွားထိုင်ရသည်။ မောင်က ခွာကျွေးလို့ပြောပြီး ကိုယ့်ပေါင်ပေါ် လှဲအိပ်တတ်သေးသည်။

အဲဒီလို ညချမ်းအချိန်မျိုးကို မောင်နံမည်ပေးထားတာက Family Time တဲ့၊ အဲဒီအချိန်မှာ အခွေကြည့်ကြ၊ ချက်(စ်)ထိုးကြ၊ တစ်နေ့တာ ကြုံတွေ့သမျှ စကားတွေ ပြောကြပေ့။ သိပ်ညစ်မနက်ပါပဲနှင့် ကိုယ်ကဝါးခန့် သမ်းကြည့်၊ မောင်ကနှမျောတသဟန် အလျှော့မပေးဟန်နှင့် ပြောမည်မှာ ....

“ ဟောကြည့်၊ အစောကြီးရှိသေးတယ်၊ အိပ်ချင်ပြီ၊ ကိုယ့်ယောက်ျားနဲ့ ဒီအချိန်လေးပဲ လွတ်လွတ်လပ်လပ် နေရတာကို Family Time ကို တော့ ကျွန်တော်အထိ မခံနိုင်ဘူးနော်ဝန်း၊ မအိပ်ရသေးဘူး၊ ဒါပဲ .... ”

“ မောင်ကလဲ .... ကျွန်မထမင်းအစားများသွားလို့ပါရှင် ”

“ ကဲ .... ကဲ ဒါဖြင့်လဲပြောပါအုံး၊ တစ်နေ့မှာ ခင်ဗျား ကျွန်တော်နဲ့ နေတဲ့အချိန် ဘယ်နနာရီရှိလဲ၊ တစ်နေ့လုံးလဲ ကုမ္ပဏီကိုသွား၊ ညနေကျတော့ ခြောက်နာရီလောက်မှပြန်၊ တခါတလေ ကျွန်တော် တခြားကိစ္စနဲ့ ထွက်သွားရရင် လင်မယားနှစ်ယောက်ဟာ တစ်နေ့လုံး နေလို့ညမှ တွေ့ရတာများ ”

“ အေးပါမောင်ရယ်၊ မအိပ်တော့ပါဘူး၊ မောင့်အနားမှာ နေမယ်နော် ”



www.burmeseclassic.com

www.burmeseclassic.com



" အိပ်ချင်နေပုံကြီးနဲ့တော့ မနေပါနဲ့ဗျာ၊ သွားအိပ်ပါတော့ "

" ဟော .... စိတ်ကောက်ပြီ "

အဲဒီတော့ နောက်ဆိုလျှင် ကိုယ်စွဲစွဲမြဲမြဲ မှတ်ထားရသည်မှာ မောင့်ရဲ့ Family Time ကိုတော့ မထိကြစို့နဲ့၊ အဲဒီအချိန်မှာ အိပ်ငိုက်မည်ထင်လျှင်၊ နေ့လည်မှာကြိုအိပ်ထား၊ ဒါပဲ ....

နောက်တစ်ခု မောင်ကိုယ့်ကို သဘောကျသော အချက်မှာ ကြီးဒေါ်ကြီးက ဘယ်လောက်ပင်လက်ရာကောင်းပါစေ၊ မောင်ကြိုက်တတ်တာတွေကိုတော့ ကိုယ့်ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးခြင်းပင်၊ ကုမ္ပဏီကို မောင့်နောက်မှ လိုက်သွားပြီး အိမ်မှာချက်ပြုတ် ကျန်ခဲ့လျှင် မောင်က " မောင့်မိန်းမ " လို့ တိုးတိုးလေးခေါ်ကာ ဆံပင်လှန်တင်ထားသဖြင့် လွတ်နေသော ကိုယ့်လည်ဂုတ်သားလေးကို နမ်းမွေးသွားစမြဲ၊ ကိုယ်က မောင့်အကြိုက်တွေကို ချက်ပြီး မောင်နဲ့ ဒက်ဒီ အတွက် ထမင်းချိုင့်ပါ တစ်ခါထဲ သယ်ကာ ဆယ့်တစ် နာရီလောက်မှ ကုမ္ပဏီကို လိုက်သွားသည်။ ပြီးတော့ ဒက်ဒီ ကို မျက်နှာချိုသွေးသည်မှာ ....

" ဒက်ဒီကတော့ ဟန်နီဘာချက်ချက် ကြိုက်တယ်မို့လား ဟင် " ဟူ၍

" အားလုံးကောင်းပါသည် ခင်ဗျား၊ ကြိုက်ပါသည် ခင်ဗျား " လို့ ဒက်ဒီက သမီးကိုရော သားမက်ကိုရော ချစ်စိတ် နဲ့ သဘောတူတတ်သည်။





ပြီးတော့ ကိုယ်က မောင့်အဝတ်တွေကို ကိုယ်တိုင် လျှော်ကာ မီးပူတိုက်ပေးရမှ ကျေနပ်သည်ရှင့်၊ Washing Machine နဲ့ လျှော်ရတာဖြစ်ပေမယ့်၊ မောင့်အဝတ်တွေကိုသာ သီးသန့် ရွေးလျက် ကော့နေအောင် မီးပူတိုက်ရတာ လွယ်တာမဟုတ်ဘူးနော် ....

ပြီးတော့ ညနေခင်း ရေချိုးပြီးလျှင် အသားအေး အောင် သနပ်ခါးစစ်စစ်ကို လတ်လတ်ဆတ်ဆတ် သွေးလိမ်း ပေးရတာလဲ အလုပ်တစ်ခုပင်၊ မောင်မို့ ညနေဘက် ရေချိုးနေပြီဆိုလျှင် ကိုယ်က သနပ်ခါးသွေးနေပြီး၊ မောင်ရေချိုးခန်းက ထွက်လာတာနဲ့ မွှေးပွသဘက်ကြီးနဲ့ ကြိုယူသုတ်ပေးပြီး ....

" သနပ်ခါး လေးပါးပါးလူးလိုက်နော် မောင် "

" ဟာကွာ၊ မလူးချင်ပါဘူး ဝန်းကလဲ၊ စိုစိုကြီး မနေတတ်ပါဘူး "

" အမယ် .... သနပ်ခါးဟာ ဘယ်လောက် အသားအေးတယ်မှတ်လဲရှင့် .... ကျွန်မ အသားလှတာ သနပ်ခါးကို စွဲလူးလို့ရှင့်၊ မောင်ပဲ ပြောတာ၊ ဝန်းအသားလေး ဟာ ညက် နေတာပဲဆို .... လာပါ မောင်ရဲ့ ကျွန်မ အသင့်သွေးပြီးသားပါ ။

" ဝန်း လူးပေးမှ .... "

" လူးပေးမှာပေါ့၊ လာ .... ဒီဘက်ကို မျက်နှာမူလေ မောင်ရဲ့ "

နောက်တော့ ကိုယ်အကျင့် လုပ်ပေးတာနှင့်ပင် မောင်ဟာ ရေချိုးပြီး သနပ်ခါးရေကျဲ ပါးပါးကလေး



www.burmeseclassic.com

www.burmeseclassic.com



မလှူးရလျှင် မနေတတ်တော့ချေ။ ထမင်းစားပြီးလျှင် " မောင် .... သွားကြားထိုးအုံးလေ .... အသားတွေ စားထားတာ သွားကိုက်အုံးမယ် " လို့ ကိုယ်က မမေ့မလျော့ပြော၊ အိပ်လျှင်လည်း တစ်ညကို အနည်းဆုံး သုံးခါလောက် စောင်ထခြုံပေး ..... မောင်အိမ်သာထဲ ဝင်တာမတွေ့လျှင် "တောင် မောင် .... ဝမ်းသွားရဲ့လား၊ နေမကောင်းဖြစ်နေမယ်နော် လို့ နေရာတကာ မောင့်အတွက် ပူပန်တတ်လွန်းသော ကိုယ့်ကို မောင်ကချစ်စနိုး နမ်းမွှေးပြီးလျှင် ....

" မောင့်ကိုများ .... မွေးကာစ ကလေးလေး ကျနေတာပဲဝန်းရယ်၊ အဲဒီလောက်မပူနဲ့ဗျ .... အသက်မကြီးသေးပဲနဲ့ ဆံပင်တွေဖြူကုန် လိမ့်မယ်၊ " လို့ သဘောကျနှစ်ခြိုက်စွာ ပြောတတ်လေသည်။

သို့ပေမယ့် ကုမ္ပဏီကိုရောက်လို့ လူအများရှေ့မှာ ကိုယ်က မောင့်ကို ထမင်းခွံ့ကျွေးမိသည်ဖြစ်စေ၊ " မောင်ရေ .... ကားကိုသတိနဲ့မောင်းနော်၊ စိတ်သိပ်တို မနေနဲ့ " လို့ အပြင်သွားမည့် မောင့်ကို လှမ်းပြောမိသည်ဖြစ်စေ၊ " ဟုတ်တယ်မတူးရဲ့၊ မောင်ကလေ အိမ်ထမင်း၊ အိမ်ဟင်း ပဲ မက်မက်စက်စက် စားတာ " လို့ သူများကို ပြောပြလျှင်ဖြစ်စေ မျက်နှာကြီး သုန်မှုန်ပြီး ကိုယ့်ကို ပြောသည်မှာ ....

" ကျွန်တော့် ကို လူရှေ့သူရှေ့မှာ အဲဒီလို ဂရုမစိုက်နဲ့ ဗျာ၊ ကျွန်တော့် အကြောင်းလဲ မပြောနဲ့၊ ကျွန်တော်မကြိုက်ဘူး " အဲဒီလို မောင်ကပြောတော့လဲ စိတ်ထဲက ဝမ်းနည်းပေမယ့် ကိုယ်နာခံရသည်ပဲလေ ....

****************





သူငယ်ချင်းဟူ၍လဲ မယ်မယ်ရရမရှိ၊ ဆွေမျိုးဟူ၍လည်း မရှိသော မောင့်မှာ တွယ်တာစရာသည် ကိုယ်ရယ်၊ ဒက်ဒီရယ်၊ ကြီးဒေါ်ကြီးရယ် သာ ရှိရာ တစ်နေ့တွင် မောင်က ထိုအကြောင်းကို ဝမ်းပန်းတနည်းပုံစံဖြင့်၊ ကိုယ့်ကို ပြောရာ ကိုယ့်မှာမည်သို့ နှစ်သိမ့်ပေးရမှန်း မသိဖြစ်သွား၏။

" ဆွေမျိုးမရှိတာကတော့ ထားပါတော့လေ၊ သိပ်ကိုရင်းနှီးရတဲ့ သူငယ်ချင်း တစ်ယောက်လောက်တော့ ရှိချင်တယ်၊ ဝန်း နဲ့ ပဲလု လိုပေါ့၊ ဒါမှ စိတ်ထဲရှိတာ ရင်ဖွင့်လို့ရမှာ "

" ဒါပေမယ့် .... ကျွန်မက မောင့်ရဲ့ အဖော်မဟုတ်ဘူး လားဟင် "

" ဝန်း ဟာ ကျွန်တော့် အပေါ် တအားကို ကောင်းပါတယ်၊ ဝန်းလို လင်ယောကျ်ားအပေါ်တအားကောင်းနိုင်တဲ့ မိန်းမ တော်တော်ကို ရှားမှာ ပါ၊ ကျွန်တော်လေ မိန်းမတစ်ယောက်ဆီက အဲဒီလို ဂရုစိုက်ကြင်နာမှုမျိုး ရနိုင်တယ်လို့ အရင်ကမထင်ခဲ့ မိဖူးဘူး ကျွန်တော့်ရဲ့ အမြင်တော်တော် များများကို ပြောင်းသွားနိုင်အောင် ဝန်းကလုပ်ပေး နိုင်ပါတယ်၊ ဒါပေမဲ့ .... "

" ဒါပေမဲ့ .... ဘာဖြစ်လဲမောင် "

" ဒါပေမဲ့၊ ဝန်းကို ကျွန်တော့်စိတ်ထဲက ရှိတာအားလုံး ပြောလို့ဘယ်ဖြစ်မလဲ ဗျာ၊ အဲဒီလို ပြောရင် ဝန်းကို မညှာတာရာ ရောက်မှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခဏတော့ ဆွံ့အသွားမိ ပါသည်။ ဒါဆို မောင်ဟာ တောက်လျှောက်ပျော်နေ ခဲ့တာမဟုတ်ဘူးလား၊ အခု မောင်က ဘာကို တမ်းတနေပြန်ပြီလဲ၊ ကိုယ်သည် မောင့်ကို သနားခြင်းတစ်ဝက်၊ အခုလို ပြန်ဖြစ်လာသော အခြေအနေကို ကြောင်ရှုံ့ခြင်းတစ်ဝက်ဖြင့် ရင်ထဲတွင်မွန်းကြပ်နာကျင်လာခဲ့ပါသည်။

" ကျွန်တော်လေ တစ်ခါတစ်လေတော့လည်း ဘယ်သူမှ မရှိတဲ့နေရာကိုသွားပြီး ရင်ထဲမှာရှိသမျှတွေကို အော်ပြောပစ်ချင်တယ် .... ဒါမှ မဟုတ်ရင်လဲ .... ကျွန်တော့်ကို ဘာမှပြန်မပြောနိုင်မဲ့ အရုပ်တစ်ရုပ်ရှေ့မှာ စကားတွေပြောချင်တယ် "

" မောင်အဲဒီလို မတွေးပါနဲ့မောင်ရယ် .... ကျေးဇူးပြု၍ အဲဒီလို မတွေးပါနဲ့နော်၊ ကျွန်မကို မောင်ပြောချင်တာ ပြောလို့ရပါတယ်၊ အဲဒါမညာတာ တာမဟုတ်ပါဘူးမောင်၊ မောင့်ရင်ထဲမှာ ရှိတာကို ကျွန်မကို မပြောပြတာက သာ ကျွန်မကို မညာတာ တာပါ၊ မောင်ဘာတွေမျိုသိပ်ထားသလဲ .... မောင့်မှာဘာပြဿနာရှိသလဲ .... ကျွန်မသိပါရစေမောင် .... ကျွန်မလေ .... မောင့်ကိုနားလည် ဖြေသိမ့်ပေးမှာပါ မောင်ရယ် "

ကိုယ်က မောင့်မျက်နှာကို အတင်းဆွဲမော့၍ စိတ်လှုပ်ရှား ပူပင်စွာ ပြောသော် မောင်က ကိုယ့်မျက်လုံးကို ဆိုင်မကြည့်ပဲ မျက်လွှာချသွားသည်မှာ တစ်ခါက အင်းယားကန်ဘောင်တွင် ဖြစ်ခဲ့ပုံမျိုးပဲ .... အဲဒီလို ဖြစ်ပြီး နောက်တနေ့မှာ မောင်ကိုယ့်ဆီက တစ်ပတ်ထွက်ပြေးသွားခဲ့တာလေ ..





" မောင် .... မောင်ကျွန်မနဲ့ နေရတာမပျော်ဘူးလားဟင် "

" ပျော်ပါတယ် .... ဒါပေမယ့် ပျော်တာက တစ်ပိုင်းပဲ "

မောင်ဟာ ကိုယ့်ဆီက ထွက်ပြေးအုံးမှာလားလို့ ဖွင့်မေးမည်ပြုပြီးမှ ဒီစကားကို ကိုယ်က စပေးလိုက်သလို ဖြစ်မှာစိုး ၍ နှုတ်ခမ်းကို ကိုက်ကာ သိမ်းထားလိုက်ရသော် ရင်မှာတော့ နာကျင်လှလေပြီ၊ ကြောက်တယ် .... မောင်အဲဒီလို ပုံစံဖြစ်ရင် ကျွန်မကြောက်တယ် မောင်ရဲ့၊ ကိုယ်ဟာ ရင်ထဲမှာ ပဲ့တင်ထပ်အောင် အော်ဟစ်နေမိသော် ပါးစပ်ကပြောသည်မှာ ....

" မောင် .... မောင့်ကို ကျွန်မ သိပ်ချစ်တယ်သိလား ၊ အဲဒါကိုတော့ မောင်သိတယ် မို့လားဟင် "

" အဲဒီကိစ္စကို ကျွန်တော်စဉ်းစားနေတာ တော်တော်ကြာသွားပြီဝန်း၊ အချစ်ဆိုတဲ့ ကိစ္စလေ .... လူတိုင်း လူတိုင်းဟာ အချစ်နဲ့ ဘာလို့ မကင်းနိုင်ကြသလဲ ဆိုတော့ သူတို့အတွက် သူတို့ ချစ်ကြတာပဲနော် ဝန်း "

" ဘာပြောတယ် ဘုရားရေ .... "

" လူတစ်ယောက်ဟာ သူ့စိတ်အတွင်းပိုင်းရဲ့ အာသာဖြေမှု နောက်တစ်ယောက်ကို ချစ်တာပါ၊ ဝန်း ကျွန်တော့်ကို ချစ်တာဟာ ဝန်းရဲ့ ရင်ခုန်မှုကို အားပေးတာပါ၊ ကျွန်တော့်ကို ဂရုစိုက်တာလဲ ဝန်းရဲ့ ပီတိကို အားပေးတာ ကမ္ဘာလောကမှာ ရှိသမျှလူတိုင်းဟာ ကိုယ့်အတွက်ကိုယ် လုပ်နေကြ တာပါပဲ၊ ပန်းချီ ဆရာဝေ၊ ပန်းချီ ဆွဲတာ၊ စာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ တွေ စာရေးတာ ဟာလဲ နံပါတ်တစ် သူတို့ရဲ့စိတ် အစာပြေဖို့၊ နံပါတ်နှစ် သူတို့သေရင် နံမည်ကျန်ခဲ့ဖို့၊ မသေခင် ကျော်ကြားဖို့ပေါ့ ”

“ မဟုတ်ဘူး .... မောင် .... မောင်မှားနေပြီ ”

ကိုယ်သွေးရူးသွေးတမ်း အော်မိဆဲ မောင်က ပမာမခန့် ရယ်ရင်းဆက်ပြောသည်။

“ မာသာထရီဇာ ကိုကျွန်တော်လေးစားပါတယ်၊ ဒါပေမယ့် သူ့ရဲ့ မဟာ စေတနာရဲ့ နောက်ကွယ်မှာ ဘာရှိနေမလဲ၊ လူတွေအပေါ် စေတနာရှိတဲ့ သူ့စိတ်အဆာပြေမှု ရှိနေတယ်၊ သူ့လုပ်ရက်ကို မကောင်းဘူးလို့ ကျွန်တော် မပြောဘူးနော်၊ ကျွန်တော်က လူတွေရဲ့ တကယ့်ဟိုး အတွင်းပိုင်းက စိတ်ရင်းကို ပြောနေတာပါ ”

“ ခဏလေးမောင်၊ ခဏလေး ဘာမှ မပြောခင် ကျွန်မမောင့်ကို အရင်ဆုံးပြောချင်တာက မောင်ဒီစိတ်နဲ့ အဆက်သွားရင် အန္တရာယ်ရှိတယ်၊ ဘဝရေးမှာရော အိမ်ထောင်ရေးမှာရော အန္တရာယ် ရှိနိုင်တယ်မောင် ”

မောင်သည် ကိုယ့်ကို မျက်လုံးမှေးစင်း၍ စိမ်ခေါ်သလို ကြည့်ပုံမှာ ကြက်သီးထစရာတည်း .... ပြီးတော့ ကိုယ်ပြောသမျှကို ဒီအချိန်မှာ ဘာမှ ခေါင်းထဲမဝင်ပုံနဲ့ .... ဆက်ပြောပြန်သည်ရင် ....

“ ကျွန်တော်ထင်တာတော့ အခုကျွန်တော်မြင်သလို လူတွေအားလုံးလဲ မြင်ကြပါတယ်၊ ဘာကိုပဲလုပ်လုပ် ကိုယ့်အတွက် ကိုယ်သာလုပ်နေကြတာကိုလေ၊ ဒါပေမဲ့ မသိချင် ယောင်ဆောင်ပြီး သူများ အတွက်လို့ ကြွေးကြော်





နေတာ အံ့ဩစရာပဲဗျာ ”

“ ဒီအတိုင်း ဆက်နားထောင်နေဖို့ မသင့်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီး ကိုယ်ကအံ တစ်ချက်ကြိတ်ကာ မောင့်ကို ရင်ဆိုင်လိုက်ပါသည်။

“ ကောင်းပြီမောင်၊ လူဟာ ကိုယ့်အတွက် ကိုယ်ချစ်တာပါဆိုတဲ့ မောင့်ရဲ့အမြင်ကို ကျွန်မ ဥပမာ တစ်ခုနဲ့ ချေရင် မောင်နားထောင်ပေးပါ၊ ခုနေ မောင့်ကို လူတစ်ယောက်က သေနတ်နဲ့ပစ်လိုက်ရင် ကျွန်မဟာထပြီး ကြားကနေခံလိုက်မှာပဲမောင်၊ အဲဒီအချိန်မှာ ကျွန်မဟာ ဘာကိုမှ တွေးဖို့အချိန် မရှိပါဘူး၊ မောင့်ကို သေနတ် မမှန်စေချင်တာဟာ မောင့်ဟာငါ့ကို တသက်လုံး သတိရနေစေဖို့ မတွေးနိုင်ပါဘူး၊ အဲဒီအချိန်မှာ ကျွန်မစိတ်ထဲမှာ ပေါ်လာတဲ့စိတ်ဟာ မောင့်ကို သေနတ် မထိရေး တစ်ခုထဲပါပဲ .... နောက်တစ်ခါ ကားလမ်းမပေါ် ဖြတ်ကူးနေတဲ့ ကလေးတစ်ယောက်ကို ကားတစ်စီးက တိုက်မလို ဖြစ်တဲ့အခါ လူတစ်ယောက်က ကလေးကို ပြေးပြီးဆောင့်တွန်း လိုက်တယ် ဆိုပါတော့ .... သူ့စိတ်ထဲမှာ ခုနကပြောသလို သူ့အတွက်ဆိုတဲ့ ဂုဏ်ယူချင်စိတ် ကျေးဇူးတင်ခံ ချင်စိတ်တွေ ရှိပါ့မလား .... သူ့စိတ်ထဲမှာ ဖြုန်းခနဲ ပေါ်လာတာဟာ ဒီကလေးကို ကားအတိုက်မခံနိုင်တဲ့ စိတ်ပါပဲ .... ဒီစိတ်ဟာ လူသားတိုင်းရဲ့ရင်ထဲမှာ ကိန်းအောင်းနေပါတယ်မောင် .... မောင် ပြောတာတွေဟာ မှားတယ်လို့ ကျွန်မ မဆိုလိုပါဘူး ဒါပေမယ့် ငါးဆယ်ရာခိုင်နှုန်းပဲ မှန်ပါတယ် .... ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ရာခိုင်နှုန်းထဲမှာ လူသားတွေရဲ့ တကယ့်ကို နူးညံ့သိမ်မွေ့ပြီး စစ်မှန်တဲ့ မေတ္တာတရား ရှိနေပါတယ် ”

မောင်ဟာ မထီမဲ့ မြင်နိုင်စွာ ဟက်ခနဲ ရယ်လိုက်သေး၏။

“ ဒါပေမယ့် လူတစ်ယောက်ကို အရှင်လတ်လတ် မီးနဲ့ ရှို့ပြီ ဆိုပါတော့၊ ဘယ်သူက သူ့အစားဝင်ခံ ပေးမလဲ၊ သနားကြင်နာတတ်တဲ့ ဂရုနာရှင် ပုံစံဖမ်းပြီးသာ စုတ်သပ်ကြ မှာပေါ့ ”

“ မောင်သာ အဲဒီလိုကြုံရရင် ကျွန်မ မောင့်အစား ဝင်ခံပေးမယ် မောင် ”

“ ကျွန်တော် မယုံဘူး ”

“ မယုံဘူး၊ မောင့်ကို ကျွန်မ ဒီလောက်ချစ်နေတာ တောင် မောင်က မယုံဘူး လားဟင်၊ မောင် ”

အိုး .... ရက်စက်လိုက်တာ မောင်ရယ်။

မောင်သည် ရုတ်တရက်ပင် အံကိုတင်းနေအောင် ကြိတ်၍ မျက်လုံးကို စုံဖိပိတ်လိုက်သည့် ပုံစံမှာ ဝေဒနာ တစ်ခုကို ကြိတ်မှိတ်ခံယူ နေပုံမျိုး ဖက်၍ငိုချင်စရာတည်း၊ ခဏကြာတော့ အဲဒီဖိပိတ်ထားတဲ့ မျက်လုံးကြားမှ မျက်ရည်တွေစီးကျလာခဲ့လျှင် တော့ ရှုံးသွပ်သူဟာ ကိုယ်ပါပဲလေ ....

“ ဆောရီးမောင်၊ မောင့်ကို အငြင်းတွေနဲ့ ကျွန်မထပ်ပြီး ဒုက္ခမပေးသင့်ဘူး၊ ဟုတ်တယ်၊ မောင်တွေးတာတွေ အားလုံးမှန်ပါတယ်၊ မောင်မှန်တယ်နော် မောင် ”





ဒီတစ်ခါလဲ အရင်လို မောင်က ကိုယ့်ပုခုံးကို အပ်ကာ မျက်ရည်ကျပြန်တော့သည်ပင် ....

*****************



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

အဲဒီရက်၏ နောက်ရက်တွေသည် ကိုယ်မျှော်လင့်ထားခဲ့ သလိုပင် ကြေကွဲဖွယ်ကောင်းခဲ့ သည်မှာ မောင်သည် ကိုယ့်ကို သိသာစွာ ရှောင်ရှားလာပြီး ကိုယ်က မသိချင်ယောင်ဆောင်ပြီး သွားကပ်လျှင်လည်း အကပ်မခံတော့ချေ၊ ကုမ္ပဏီကပြန်လာလျှင် အိမ်ကိုတန်းမပြန်လာပဲ မောင့်အိမ်ကလေးကို သွားနေပြီး ညဥ့်နက်မှ ပြန်လာတတ်သည်။ မောင့်အခန်းသော့ တစ်ချောင်း ကိုယ့်မှာရှိပေမယ့် ကိုယ်လိုက်မသွားခဲ့ပါ ....

" ထမင်းစားစို့မောင် .... ဆိုတော့ "

" စားပြီးပြီ .... တဲ့ "

" ရေလဲချိုးပြီးပြီ၊ ဝန်းအိပ်တော့၊ ကျွန်တော်ဒီတစ်ညလုံး ကွန်ပြူတာ ခန်းထဲမှာပဲနေမယ် .... တဲ့ "

ဤအဖြစ်အပျက်တွေကို ဒက်ဒီရိပ်မိမှာစိုးလို့ တစ်ယောက်ထဲ တိတ်စိတ်စွာ အိပ်ယာထက်တွင် အိပ်မပျော်ပဲ မျက်ရည်ကျဆဲ မောင်ကလဲ ဒက်ဒီရှိနေသ၍ သူ့ရဲ့စိတ်အင်အားကို ချုပ်တည်းထားရကြောင်း ပေါ်လွင်သည်မှာ ဒက်ဒီနိုင်ငံခြား သွားရတဲ့ တစ်ရက်မှ ကိုယ့်အတွက် အိမ်မက်ဆိုးဟာ ပြန်ရောက်လာခဲ့သည်လေ။

ထုံးစံအတိုင်းပင် ဒက်ဒီက ဆောက်လုပ်ဆဲ ဟိုတယ်





အသစ်ကိစ္စနှင့် ဂျပန်ကို ဆယ်ရက်လောက်သွားရသည်။

" အရင်ကတော့ ဒက်ဒီနိုင်ငံခြားသွားရင် ဟန်နီအတွက် ပူရတယ်ကွ၊ ခုတော့ မပူရတော့ဘူး ဟော့၊ သားရေ .... ဟန်နီကို သားလက်ထဲ လုံးဝအပ်ခဲ့တယ်နော် " ဒက်ဒီက လေဆိပ်ကို လိုက်ပို့သည့် ကိုယ်တို့ကို နှုတ်ဆက်ရင်း ပြောလျှင် မောင်သည် အိပ်မက်သလို ပြုံးနေ၏။

" ဟန်နီ .. ဒက်ဒီ သွားပြီနော် " လို့ ဒက်ဒီက ကိုယ့်ကို နှုတ်ဆက်တော့ ကိုယ့်မှာ ဘာမှန်းမသိဘဲ ဝမ်းနည်းစွာ ငိုလိုက်မိ၏။

" ဟော .... ဒီကလေးမလေးဟာ၊ ဒက်ဒီ မသွားဖူးတာလဲ မဟုတ်ပဲနဲ့၊ တိတ်ပါ ဟန်နီရယ်၊ " လို့ ဒက်ဒီကချော့ဆဲ ကိုယ့်စိတ်ထဲမှာတော့ " ဒက်ဒီ အသိဘူးနော်၊ ဟန်နီ ခံစားရတာတွေကို ဒက်ဒီ မသိပါဘူး " လို့ ကြိတ်ပြောရင်း ....

" ဒက်ဒီရယ် .... ဟန်နီ တစ်ယောက်ထဲ " လို့ ရှိုက်သံတစ်ဝက်နဲ့ ပြောမိသည်။

" ဟောဗျာ၊ ဘယ့်နှယ့် တစ်ယောက်ထဲရမှာတုံး ဟန်နီရဲ့၊ ဒီမှာ သားတစ်ယောက်လုံးရှိတဲ့ဟာ၊ သားကိုခ ရော ချော့ပါအုံးကွာ မင်းမိန်းမကို " လို့ ဒက်ဒီက မျက်နှာပျက်ချင်ချင်နဲ့ ချော့တော့မှ မောင်က အိပ်ယာက နိုးလာသူလို ပျာပျာသလဲနဲ့ ....

" ဝန်း ကလဲကွာ၊ ဒက်ဒီ စိတ်မကောင်းအောင် မပြောပါနဲ့၊ ကျွန်တော် တစ်ယောက်လုံး ရှိနေရက်သားနဲ့ " လို့ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဒက်ဒီထွက်သွားပြီး ကိုယ်တို့နှစ်ယောက် ကားနဲ့ ပြန်လာကြစဉ် ကိုယ်သည်ဘယ်လိုမှ ချုပ်တည်းမနိုင်တော့ပဲ ....

" မောင်ဘာဖြစ်နေသလဲဟင် " လို့မေးလိုက်၏။

မောင်က ဘာမှ မဖြေပဲ ကားစတီယာရင်ကိုသာ တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲ ကိုယ့်မှာတော့ ဖြေမဆည်နိုင်အောင် ဝမ်းနည်း လှိုက်ဟာ လျက် မျက်ရည်တွေဟာ တာကျိုးသလို စီးကျလာခဲ့ တော့သည်။ ခေါင်းထဲကလဲ မိုက်ခနဲ ဖြစ်သွား၏။

" ပြောပါမောင်၊ မောင့်ရင်ထဲမှာ ဘာတွေဖြစ်နေလဲ ပြောလိုက်စမ်းပါ၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ မောင်ရဲ "

ပြောနေဆဲတွင်ပင် ကိုယ်သည်မခံနိုင်အောင်မူးလာပြီး အန်ချင်လာ၏။ ချွေးတွေလဲ ပြန်လာသည်၊ နှလုံးသားမှာလဲ တဆတ်ဆတ် ခုန်နေ၏။

" ကျွန်တော့်ကို ခွင့်လွှတ်ပါ ဝန်း "

မောင်က ကိုယ်အဖြစ်ကို သတိမထားမိဘဲ တုန်လှုပ်စွာ ပြောဆဲ ကိုယ့်မှာတော့ မောင့်ကို ဘာမှ ပြန်ပြောနိုင်စွမ်းအား မရှိသလောက်အောင် ဝေဒနာက ဆိုးရွားလှလေပြီ၊ ဒါပေမယ့် ဒီအချိန်မှာ ဒီဝေဒနာကို မောင့်ထံ မတိုင်တည်ချင်တာ ဘာကြောင့်ပါလိမ့်၊ ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာ ဝါနတို့ အိမ်ကို မောင့်ကို မောင်းခိုင်းလိုက်ပါသည်။

" ဘာဖြစ်လို့လဲဝန်း " .... လို့ မောင်ကအံ့သြ သလို မေးပေမယ့် ကိုယ်ဝေဒနာ ခံစားနေရတာ မောင် မသိလေခြင်း





လို့ ဝမ်းနည်းအားငယ်ရသည့်ဖြစ်ခြင်း ....

" ဘာမှ မဖြစ်ပါဘူးမောင်၊ သူငယ်ချင်းတွေနဲ့ မတွေ့ရတာ ကြာလို့ပါ၊ အပြန်လဲ မောင်လာမကြိုနဲ့တော့ ကျွန်မ Taxi နဲ့ပဲ ပြန်ခဲ့မယ် "

မောင်က ကိုယ့်မျက်နှာကို အဖြေရှာသလိုကြည့်ကာ တိတ်ဆိတ်စွာပင် ကိုယ်ပြောတဲ့ အတိုင်း လုပ်ပေးခဲ့သည်။

" ဟဲ့ .... ဝေန်း၊ မပြောမဆိုနဲ့ "

ဝါနက အိမ်မှာရှိနေ၍ တော်သေးသည်။ ကိုယ်သည် ဝါနတို့အိမ် ရောက်တာနှင့် ဘာမှတောင် မပြောဘဲ တဝေါဝေါ ထိုးအန်တော့ရာ ဝါနက ကိုယ့်ကို သေချာအောင် ကြည့်ပြီးလျှင် ....

" ဝေန်း .... ရှင် ကိုယ်ဝန် ရှိနေတာနဲ့တူတယ် "

" ဟင် .... "

" ရှင့် ကြည့်ရတာ မျက်တွင်းတွေလဲကျလို့၊ ဖြူဖျော့နေတာပဲ၊ လာဆေးခန်းမှာ သွားစမ်းကြည့်ရအောင် "

" ခနလေး၊ ငါအခု မသွားနိုင်သေးဘူး၊ သိပ်မူးနေတယ် "

" ဒါဆို .... သံပုရာ ရည်လေး သောက်မလား ဝေန်း"

" အေး .... ချဉ်ချဉ်လေး ဖျော်ပေးဟာ "

ဝါနက ကိုယ့်ကို သံပုရာရည်ချဉ်ချဉ်လေး တိုက်ကာ ယပ်ခတ်ပေးသည်။ ကိုယ့်ကိုလဲ သေချာစွာ ကြည့်နေ၏။

" ဝေန်း .... ရှင်တို့ အဆင်ပြေရဲ့လား "

" ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဟယ် "



www.burmeseclassic.com

www.burmeseclassic.com



" ဟော .... ဘာဖြစ်လို့လဲ "

ကိုယ်သက်ပြင်းချလိုက်မိ၏။

" အဲဒါ နောက်မှပြောမယ်ဟာ၊ ငါ ဆေးခန်း အရင်သွားချင်တယ်၊ ကိုယ်ဝန် ရှိမရှိ သိချင်တယ်၊ မောင်က ကလေးသိပ်လိုချင်တာဟ "

" အေးသွားစို့၊ ဆေးခန်းက တစ်အိမ်ကျော်တင် "

ဆရာဝန်မက စမ်းသပ်ပြီး ပြုံး၍ပြောသည်မှာ ....

" နှစ်လတောင် ရှိနေပြီ သမီးရဲ့ "

" ဟာ .... တကယ်လား ဒေါက်တာ "

" တကယ်ပေါ့၊ သမီးက Morning Sick တွေ မဖြစ်ဘူးလား၊ ခမ္မတာ မလာတာကို ရော သတိ မထားမိဘူး လား "

" Morning Sick တော့ မဖြစ်ဘူး ဒေါက်တာ၊ ခမ္မတာ မလာတာကလဲ ရှိသေးတာမို့ "

ကိုယ် သည်ချက်ခြင်းပင် အိမ်ကို ကားငှါးပြန်ခဲ့ပါသည်။ မောင်ကတော့ .... သိပ်ပျော်မှာရှင့် .... ကိုယ့်ရဲ့ ကိုယ်ဝန်ဟာ မောင့်ရဲ့ရောဂါကိုလဲ ပျောက်စေမှာပါ .... သို့သော် ကိုယ်အိမ်ကိုရောက်သော အခါအိမ်မှာ မောင်မရှိတော့ပါ ။

****************





" ဖြစ်ရလေဟယ်၊ ကျုပ်ကလိုက်ပို့မယ် ပြောတာ တောင် သူ့ယောကျ်ားကို ကိုယ်ဝန်ရှိတာ သူတစ်ယောက်ထဲ ပြောချင်တယ်ဆိုပြီး ထွက်သွားတာဟဲ့ .... "

ဝါနက ဗျစ်တောက်တောက်ပြောဆဲ၊ ပုလဲကတော့ ဒေါသနဲ့ အံကြိတ်ဆဲ၊ ကိုယ်ကတော့ မောင်တင်ရှိသွားတဲ့ မီးပုံထဲမှာ လောင်ကျွမ်းနေရပြီလေ .... မောင့်ရဲ့ ထွက်ပြေးတတ်တဲ့ ဉာဉ် ထဲမှာ ကျဆုံးရပြန်ပြီလေ ။

" ဒါဆို ရှင်ကိုယ်ဝန်ရှိတာ သူမသိသွားဘူးပေါ့ "

" မသိဘူး၊ ငါတောင်ခုမှ သိတာလေ "

" အေးဟာ .... ကိုယ်ဝန်ရှိတယ်ဆိုတာ သာသိရင် ဒီလို ဖြစ်ချင်မှ ဖြစ်မှာနော် "

" ကဲ ထိုင်နေလို့မပြီးဘူး၊ သူသွားတတ်တဲ့ နေရာတွေကို လိုက်ရှာရအောင် "

" မရှာပါနဲ့တော့၊ ရှာလဲတွေ့မှာ မဟုတ်ဘူး၊ သူကရှောင်ပုန်းရင် မတွေ့အောင်ရှောင်တတ်တယ် "

" သေတော့မှာပဲ ဝေန်းရယ်၊ ငါတော့ စိတ်ညစ်တာပဲ၊ ခုဘယ်လို လုပ်ကြမလဲ "

" အေးလေ၊ ဒက်ဒီ မရှိချိန်ဖြစ်တာပဲ တော်တယ် ပြောရမယ် "

" ငါထင်တာတော့ ဒက်ဒီမရှိတဲ့ အချိန်မို့သာ မောင်ဒီလို လုပ်တာပါ၊ အဲဒီအတွက် မောင့်ကို ငါကျေးဇူး တင်ရမယ် "

" ကျေးဇူး တင်ရမယ် .... တယ်လေ .... ငါ မပြောလိုက် ချင်တော့ဘူး နော် ဝေန်းမ၊ မိန်းမ ကိုဗိုက်တစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးနဲ့ ဒီအတိုင်း ပစ်သွားခဲ့တဲ့ ယောက်ျားကို ကျေးဇူးတင်ဖို့ အကြောင်း ဘယ်နေရာမှ ငါရှာမတွေ့ဘူး "

ကိုယ်တို့သည် ဒီစကားတွေကို စားသောက်ဆိုင် တစ်ခု၏ အလွန်လုံခြုံသော သီးသန့်ခန်း တစ်ခုထဲတွင် ပြောနေကြခြင်း ဖြစ်၏။ နေ့တစ်နေ့ ထဲမှာပင် မောင့်ရင်သွေး လေးကို လွယ်ထားရပြီ ဖြစ်ခြင်းနှင့် မောင်ထွက်သွားပြီ ဖြစ်ခြင်းနှစ်ခုကို အတူတွေ့ကြုံ သိရှိလိုက်ရသောအခါ ရုတ်တရက်တော့ ကိုယ်ဟာ ဆောက်တည်ရာမဲ့အောင် သွေးပျက်ခြောက်ခြားသွားခဲ့ သော်လည်း၊ ဒီအခြေအနေ ကြီးကို ဒီအတိုင်း ရင်ဆိုင်လို့ မရဘူးလို့ စဉ်းစားမိတာ မိခင်စိတ်ပဲလား မဆိုနိုင်။ ခုအချိန်မှာ ကိုယ်တွေးမိသမျှမှာ ကိုယ့်အတွက် မဟုတ်ပဲ ဗိုက်ထဲမှ ရင်သွေးလေး အတွက်သာ ဖြစ်နေတော့ သည်ပင် ....

ဒါနှင့်ပဲ ကိုယ်သည် ဝါန နဲ့ ပုလဲ ကို ဆိုင်တစ်ဆိုင်မှာ ချိန်းလိုက်ပြီး ဤကိစ္စအတွက် တိုင်ပင် ရသည်မှာ အိမ်မှာဆိုလျှင် ဒေါ်ကြီးရှိတာမို့ ဒီအကြောင်း တွေကို ပြောလို့မဖြစ်ဘူး မို့လား၊

" သူတကယ် ထွက်သွားတာရော သေချာရဲ့လား ငဝန်းရယ်၊ ညနေ ကျရင်ပြန်လာမျှား ပြန်လာမလားဟင် "

ဝါနက ပြောတော့ ကိုယ့်ဆလင်းဘက်အိတ်ထဲမှ မောင်ထားသွားသော စာရွက်ကလေးကို ထုတ်ပြလိုက်သည်။ မောင့်ကိုယ်ဝန် လွယ်ထားရတာကို ပြောချင်စိတ်နဲ့ " မောင် .... မောင် .... " လို့ အမောတကော အော်ခေါ် ဝင်သွားတဲ့ ကိုယ့်ကို မောင့် ကိုယ်စား ဒီစာရွက်လေးကသာ ကြိုဆို





ခဲ့တာ မို့လား ....

" ကျွန်တော် ထွက်ပြေးပါရစေတော့ မျက်ဝန်းချို ... တဲ့ .... "

ဝါနက စာကို အသံထွက် ဖတ်ပြီးချိန်တွ[င်] အားလုံးတိတ်ဆိတ်သွားဆဲ ကိုယ်က ခုတလော ဖြစ်နေ[တဲ့] ကိုယ်တို့ရဲ့ အိမ်ထောင်ရေး အခြေအနေကို ပြောပြရသည် သူတို့ နှစ်ယောက်ကတော့ သက်ပြင်းတချချပင် ....

" ဒါဆိုရင် ကိုမင်းသီခ ဟာ ဘာဖြစ်တာလဲ ငဝန်း သူ့ဟာက ရောဂါလား "

" ရောဂါလို့တော့ ငါမထင်ဘူး၊ သူ့စိတ်က ပုံမှန်ပဲဟာ၊ ရူးနေတာမှ မဟုတ်တာ၊ စိတ်အခြေအနေ ပျက်ယွင်းမှုတစ်ခုပေါ့၊ သိပ်ကို ပျော်ရွှင်ပြည့်စုံတဲ့ ဘဝကို လက်မခံနိုင်သေးတဲ့ Stress လို့ထင်တယ် "

" ဟဲ့ .... မိန်းမပဲ ရနေပြီဟာ၊ ပြီးတော့ ဒီလောက်ကောင်းတဲ့ မိန်းမလဲ ရှာကြည့်အုံး၊ သူ့စိတ် အခြေအနေကြီးက ဘယ်အထိ ပျက်ယွင်းနေမှာလဲ "

" အေးလေ .... အရေးကြီးတာက အခုရှင့်မှာ သူ့ ကိုယ်ဝန်လွယ်ထားရပြီ "

" အေးဟာ .... အမှန်တော့ နဲနဲလေး ကပ်ပြီး နောက်ကျသွားတာပါ "

ကိုယ်က နှမြောတသစွာ ပြောလျှင် သူငယ်ချင်း နှစ်ယောက်က နားမလည်ကြချေ။

" ဘာလဲ .... ဘာ နောက် ကျတာလဲ "

" မောင့်ရဲ့ မျိုးဆက် မောင့်ရဲ့ ရင်သွေး လေးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မွေးပြီး သွားခဲ့ရင် မောင့်ရဲ့ အဲဒီစိတ် အခြေအနေကြီးဟာ အပြီးတိုင် ပြောင်းလဲတည်ငြိမ်သွား တော့မှာပါ၊ အဲဒါကို မောင်ကိုယ်တိုင်လဲ ငါ့ကို ဖွင့်ပြောဘူးပါတယ်၊ သူ့ကို သူနဲ့ သိပ်တူတဲ့ သားလေးတစ်ယောက် မွေးပေးပါတဲ့၊ ခုဟာက ငါကိုယ်ဝန်ရှိတာကို မသိခင်လေးတင် ဒီလို ဖြစ်သွားခဲ့ရတာ .... "

" ကလေးဆိုတာ တော့ မွေးချင်တာ မွေးမှာပဲနော် ဝဉ်း၊ ယောကျ်ားလေး ဖြစ်ချင်ဖြစ်မယ်၊ မိန်းကလေး ဖြစ်ချင်ဖြစ်မယ်၊ ကိုမင်းသိခ နဲ့ တူချင်တူမယ်၊ ရှင် နဲ့ တူချင်တူမယ်၊ ကိုမင်းသိခက တမ်းတတာနဲ့ ပဲရှင်ပါ လိုက်ဖြစ်မနေနဲ့အုံး "

" ငါ့ ဗိုက်ထဲက ကလေးဟာ မောင်နဲ့ သိပ်တူတဲ့ သားလေး ဖြစ်မှာပါဟာ၊ အဲဒါကို ငါ အလိုလို ယုံကြည်နေတယ်၊ မောင့်ကို သားလေးကို လက်ဆောင်ပေး လိုက်ခြင်းအားဖြင့် မောင့်ရဲ့ အစွဲအလန်းကို ငါဖျောက်ပေး နိုင်မှာပါ "

" ဝဉ်း .... ဒါဆို သူပြန်လာမယ်လို့ ရှင်ယုံကြည် နေတယ်ပေါ့ "

" ဟုတ်တယ်၊ ငါယုံတယ်၊ မောင်ပြန်လာမှာ သေချာတယ်၊ အချိန်အတိ အကျတော့ မပြောနိုင်ဘူးပေါ့ "

" ဝဉ်း၊ ငါတို့ ကိုမင်းသိခ အတွက် စိတ်ပညာ ဆရာဝန် တစ်ယောက်ယောက် နဲ့ တိုင်ပင်ကြည့်ရင် မကောင်းဘူးလား "

" မလိုပါဘူးဟာ .... မောင့် ဟာက ရောဂါ မဟုတ်





ဘူး၊ ငါသိတယ်၊ ငါ့ရဲ့ နှလုံးသားက သိတယ်၊ မောင့်ကို သားလေး မွေးပေးပြီးရင် အားလုံးပြီးသွားမှာပါ၊ အဲဒါ လောင်းကြေးပဲဟာ၊ တကယ်လို့ သားလေး မွေးပြီးလို့မှ မောင်ဟာ ပြန်ကောင်း မလာဘူးဆိုရင် မောင့်ကို ငါ ကွာရှင်းပေးလိုက်မယ်၊ ငါ့မျက်စိထဲမှာလေ မောင်ရယ် ငါရယ် .... သားလေးရယ် ပါဝင်တဲ့ လှပတဲ့ အနာဂတ် ကာလလေးကို မြင်ယောင်နေတယ်၊ အဲဒီ ကာလကို ရောက်ဖို့ ခုချိန်မှာ တာဝန်အရှိဆုံးလူက ငါပဲ၊ ငါသည်းခံရမယ်၊ ငါတောင့်ခံရမယ်၊ မောင်ပြန်လာဖို့ရယ်၊ သားလေးကို ချော့ချော့ လှလှ မွေးနိုင် ဖို့ရယ်ပေါ့၊ ခုရှင်တို့နဲ့ ကျုပ် တိုင်ပင်ချင်တာ အဲဒါပဲ "

သူငယ်ချင်း နှစ်ယောက်သည် မျက်ရည်တွေ ဝဲပြီး ကိုယ့်ကို ကြည့်နေကြရာ ကိုယ့်အတွက် ရင်ထဲမှာ မချိသော်လည်း ကိုယ့်ဆန္ဒကို ဖြည့်ပေးမယ့် ပုံပဲမို့ ကိုယ်ကြည်စင်စွာ ပြုံးပြလိုက်ပါသည်။

" ကဲ ပြော ရှင်ကဘာ တိုင်ပင်မှာလဲ "

" ငါအိမ်ကနေ ခဏရှောင်နေ ချင်တယ် "

" ဘာ၊ နင်ကဘာကိစ္စ အိမ်က ရှောင်နေရမှာလဲ "

" အေးလေ .... ပြီးတော့ ရှင့်မှာ ကကိုယ်ဝန်ကြီးနဲ့ "

" ခဏလေး၊ ခဏလေး ကျုပ်ပြောတာကို လဲ သည်းခံပြီး နားထောင်ပါအုံး၊ နံပါတ်တစ် အနေနဲ့ ဒီကိစ္စတွေကို ဒက်ဒီ မသိစေချင်ဘူး၊ ဒက်ဒီ စိတ်ဆင်းရဲမယ်၊ နောက် မောင့်အပေါ်မှာ နားလည်မှုလွဲမယ်၊ နံပါတ်နှစ် အနေနဲ့ကတော့ မောင့်အတွက်ပေါ့၊ မောင်ဟာ ငါ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမပူရဘဲ ပြန်လာနိုင်အောင်ပေါ့၊ ဒက်ဒီ ကို ငါခဏ ညာထားချင်တယ်၊ အားလုံး ကောင်းဖို့ပါ "

" နေစမ်းပါအုံး၊ ရှင်ကဒက်ဒီကို ဘယ်လိုညာမှာလဲ "

" မောင့်မိဘတွေ စင်ကာပူမှာ ရှိတယ်၊ အဲဒီကို ငါရော မောင်ရော အရေးပေါ် လှမ်းခေါ်လို့ သွားတယ်လို့ ဒက်ဒီဆီ ဖုန်းဆက်လိုက်မယ် "

" ဒီတော့ ရှင်ကဘယ်မှာ သွားနေမလဲ "

" မောင့် အခန်းလေးမှာ သွားနေမယ်လေ၊ သားလေး မွေးပြီးတဲ့ အထိပေါ့ "

" တကယ်လို့ ဒီကြားထဲမှာ ကိုမင်းသီခ က ပြန်လာရင်ရော "

" မောင် ပြန်လာရင် မောင့်အခန်းလေးကို အရင်ပြန်လာမှာပဲ၊ အဲဒီတော့မှ ငါတို့ နှစ်ယောက် အတူအိမ်ပြန်ကြမယ်လေ၊ ဒက်ဒီကိုတော့ စင်ကာပူ က ပြန်လာတာလို့ သိပစေပေါ့ "

ဒီကြားထဲမှာတော့ မောင့်ရဲ့ အလုပ်ကိစ္စတွေကိုလဲ ဒက်ဒီက ကြည့်စီစဉ်ပေးထား မှာပဲလေ။

****************





ထို့နောက် နောက်တစ်နေ့တွင် ကိုယ်က သူငယ်ချင်း နှစ်ယောက်ကို မောင့်အခန်း သို့ခေါ်သွားခဲ့ပါသည်။

" တစ်အိမ်လုံးမှာ ရှင်တစ်ယောက်ထဲ အကြာကြီး နေလို့ ဖြစ်ပါ့မလား၊ ဝေနီးရယ် "

" အေး .... ဟုတ်တယ်၊ ရှင့်မှာကလဲ မပေါ့မပါးကြီးနဲ့ ညရေးညတာ ရော လုံခြုံမှု ရှိရဲ့လား "

" လုံပါတယ်ဟာ၊ စိတ်ချရပါတယ်၊ အလွတ် ကန့်ထရိုက်တိုက်မှ . မဟုတ်တာ၊ အိမ်ယာစခန်းပဲဟာ ရှင်တို့မတွေ့ခဲ့ ဘူးလား၊ ဂိတ်ဝမှာ အစောင့်တွေရှိတယ် ပြီးတော့ ဝင်းလဲအလုံ ခတ်ထားတာပဲ "

" ဟင်း .... ရှင့် ကိုသနားလို့သာပဲ၊ ကျုပ်တော့ရင် လေးတယ် ဝေနီးရယ် "

" ဟုတ်တယ် .... ကျုပ်ကတော့ စိတ်တောင်မချချင်ဘူး "

" ရှင်တို့ မကြာမကြာ နေပေးလေ၊ ကျုပ်က အပြင်ထွက်လို့ သိပ်မရဘူးနော်၊ ရှင် တို့ပဲ အစအဆုံး ကူညီရမှာတော့ "

သူတို့ နှစ်ယောက်က တစ်အိမ်လုံးကို အိပ်ခန်းရော ရေအိမ်ပါ မကျန် လိုက်လံစစ်ဆေးကြသေးသည်။

" ပစ္စည်းတွေကတော့ အစုံပဲဟာ၊ ဘာမှ မလိုဘူး အကုန်ရှိတယ် "

" အေး စားဖို့သောက်ဖို့ ပစ္စည်းတွေ ရေခဲသေတ္တာထဲ ဝယ်ထည့်ထားပြီးရင် အခန်းအောင်းနေလို့ရပြီ "

" အေးဟယ်၊ အဲဒီ ကိုမင်းသီခ ဟာ ဒီအခန်းလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ လာမနေဘဲ ဘယ်များထွက်သွားပါလိမ့် ”

ပုလဲက သက်ပြင်းချလျက်ပြောလျှင် ကိုယ်ဟာဝဲလာသောမျက်ရည်များကို ပုတ်ခတ်ထုတ်ရင်း ....

“ နင်တို့ကို ငါတစ်ခါ ပြောဘူးသလိုပေါ့၊ အယုယမခံဖူးတဲ့ ကြောင်ကလေးဟာ ပွေ့ချီခံလိုက်ရလို့ ထိတ်လန့်ပြီး ပွေ့ချီသူကို ကုတ်ခြစ်ထွက်ပြေး သွားတာလေ၊ ကုတ်ခြစ်ခံရတဲ့ ငါ့မှာလဲ သွေးစိမ်းရှင်ရှင်ဒါဏ်ရာတွေနဲ့၊ ထွက်ပြေးသွားတဲ့ သူ့မှာလဲ ငါ့လိုပဲ ရူးသွပ်ချင်တဲ့ ဒါဏ်ရာတွေနဲ့ .... ”

“ ရှင် သူ့ကိုအရမ်း နားလည်လွန်းတယ်နော် ဝေန်း ”

“ အဲဒါ ငါကိုယ်တိုင်မသိနိုင်တဲ့ အချစ်ကြောင့်ပေါ့ဟာ၊ နောက်ဆုံးကျတော့ ငါချစ်တဲ့သူက ငါ့ကိုပေးတဲ့ အရာမှန်သမျှထဲမှာ ငါကနှစ်ခြိုက်စွာ ကျဆုံးပျော်ရွှင်ရတာလေ၊ မောင်ဟာ ငါ့ကို အဆိပ်တွေပေးရင်တောင်မှ အဲဒီက အဆိပ်ကိုပဲ ငါက အားပါးတရ မြိန်ရည်ရှက်ရည် မြို့ချစားသုံးအုံးမှာပါ ”

ထိုစကားတွေကို ပြောနေစဉ်အတွင်း ကိုယ်ဟာပြုံးနေသော်လည်း မျက်ရည်တွေကတော့ တားမနိုင် ဆီးမရ ကျလာခဲ့ဆဲ ကိုယ့်ရဲ့ အချစ်ဆုံး သူငယ်ချင်း နှစ်ယောက်လဲ မျက်ရည်စို့ပြီလေ

“ ဘာပဲ ဖြစ်ဖြစ် ရူးသွပ်မှုလို့ပြောမယ်ဆိုရင်တောင် ရှင့်ရဲ့ရူးသွပ်မှုက အဓိပ္ပါယ်ရှိပါတယ် ဝေန်း၊ ငါ အဲဒါကို ခံစားလို့ရပါတယ်၊ ရှင့် အတွက်ဂုဏ်ယူပါတယ် ”

ဝါနက မျက်ရည်တွေ ဝဲရင်း ကိုယ့် လက်ဖဝါး ကို





ဖျစ်ညှစ်ကာပြောဆဲ ပုလဲကတော့ မျက်ရည်တွေသုတ်ကာ ....

“ ရှင့်လောက် ချစ်တတ်တဲ့ သူတော့ မတွေ့ဖူးသေးတာ အမှန်ပဲ ဝေန်းရယ်၊ ပြီးတော့လေ ရှင့်ရဲ့ အဲဒီအချစ်ဓါတ်က ကျုပ်တို့ကိုပါကူးပြီး ကျုပ်တို့လဲတစ်မျိုးလေး ခံစားရတယ်တော့ သိလား ”

“ ကျေးဇူးပဲ၊ ရှင်တို့ကျုပ်ကို နားလည်ပေးတာ ကျေးဇူးပဲ၊ ပဲလု ဝုနာ ”

“ ဒီတော့ ဝေန်းရဲ့အချစ် မဟာစီမံကိန်းကြီးကို အားပေးလိုက်ကြစို့ သူငယ်ချင်းရေ ” လို့ဝုနာက ကြွေးကြော်လေလျှင် ပုလဲက ....

အောက်အီးအီးအွတ် လို့ တိုင်ပင်လိုက်ပြီး “ ဟင် .... ဘာမှလဲ မဆိုင်ဘူးနော် ” လို့သူ့ဘာသာ ပြောကာ ရယ်ကြရပြန်တော့သည်။

“ အိုကေ .... ဒီတော့ ဝေန်း၊ ရှင်အခုအိမ်ကိုပြန်၊ ပြန်ပြီးရင်၊ အိမ်ကနေ ဒက်ဒီဆီဖုန်းဆက်၊ ခုနကရှင်ပြောတဲ့ အတိုင်း ရှင်နဲ့ ကိုမင်းသီခနဲ့ စင်ကာပူကို သွားရမယ်ဆိုတာ .... ”

“ ဟဲ့ .... ကြီးဒေါ်ကြီးကို ဘယ်သွားထားမတုံး ”

ပုလဲက ဝင်ပြောတော့ ကိုယ်က ....

“ ကြီးဒေါ်ကြီးက ဘာမှသိပ်နားလည်ပါဘူးဟာ၊ လိမ့်လို့ရပါတယ်၊ အရမ်းအရေးကြီးလို့ မောင်ကလေးဆိပ်ကို သွားနှင့်ပြီပေါ့ ”

“ အေး ကောင်းတယ်၊ ရှင့်မှာ ပတ်စ်ပို့ရော ရှိရဲ့လားဝေန်း ”



www.burmeseclassic.com

www.burmeseclassic.com



" ရှိမှရှိ၊ ဟိုတလောကတင် သက်တမ်းတိုးထားမိလို့ တော်ပါသေး "

" အဲဒါဆို သွားတော့ ငဝန်း၊ အရေးကြီးတာက ကိုမင်းသီခ နဲ့ ပတ်သက်တာ ရှင်အကုန်ယူလာခဲ့ "

" ဘာမှ မရှိတော့ဘူးဟာ၊ မောင်အကုန်ယူသွားပြီ၊ မှတ်ပုံတင်ရော၊ ပတ်စ်ပို့စ် ရော "

" ဟဲ့ .... ငါတို့ကဒီမှာ ဘာလုပ်ကျန်ခဲ့မှာတုံး၊ ငဝန်း နဲ့လိုက်သွားမယ်လေ၊ ဝိုင်းကူ လုပ်ပေးရအောင်၊ သူက အလေးအပင် မလို့ရတာ မဟုတ်ဘူး "

" အေး ဟုတ်သားပဲ "

ထို့နောက် ကိုယ်တို့သည် အိမ်ကို အမြန်ပြန်ခဲ့ကြပြီး၊ ဝါနု နဲ့ ပုလဲက ကိုယ့်အခန်းထဲဝင်ကာ အဝတ်အစား ထည့်ပေး နေကြဆဲ ကိုယ်ကဒက်ဒီဆီ ဖုန်းဆက်ရလေသည်။

" အရေးကြီးလို့ ဒက်ဒီရေ "

" အို .... What Problem ဟန်နီ "

" နိုးနိုး .... စိတ်ပူစရာ မဟုတ်ပါဘူး ဒက်ဒီရဲ့၊ မောင် နဲ့ သမီး စင်ကာပူ ခဏသွားကြမလို့ပါ "

" ဟော .... ဘယ်လိုဖြစ်တာလဲ ဟန်နီရဲ့၊ ချက်ချင်းကြီး "

" ဟုတ်တယ်ဒက်ဒီ၊ ဒက်ဒီ ကိုသမီးပြောထားဖူးတယ်လေ၊ မောင့်မိဘတွေ ဟိုမှာရှိတယ် ဆိုတာ "

" အေး .... ဒက်ဒီ မှတ်မိပါတယ်၊ အဲဒီတော့ .... "

" မောင့် အမေက အသည်းအသန် ဖြစ်လို့၊ လှမ်းခေါ်တယ် ဒက်ဒီ၊ အဲဒါမောင်က သမီးကိုပါလိုက် ခဲ့ပါဆိုလို့ "





" အေး ကောင်းသားပဲ သမီးရဲ့၊ သွားရော "

" ဟို .... မောင် လက်ထရိန်ဝင်နေတယ် ဒက်ဒီ၊ လေယာဉ်လက်မှတ် အဆင်ပြေရင် သမီးတို့ ချက်ခြင်းပဲ သွားမှာ နော်ဒက်ဒီ "

" အေး .... အေး၊ ယောက္ခမတွေနဲ့ တဲ့အောင် ပေါင်းနော် ဟန်နီ၊ ဘာပဲ ဖြစ်ဖြစ် သားရဲ့ အမေဟာ ဟန်နီရဲ့ ယောက္ခမပဲ သိလား "

" ဟုတ် .... ဒက်ဒီ၊ ဒါပဲနော် "

ဒီထက်စကားကြာကြာပြောလျှင် အမှားတွေ ပါကုန်တော့မှာမို့ ဖုန်းကိုအမြန်ချကာ အိပ်ခန်းထဲ ဝင်ခဲ့ရ၏။

" တထစ်တော့ အဆင်ပြေသွားပြီ၊ ကြီးဒေါ်ကြီးပဲ ကျန်တော့တယ် "

" ကဲ သွားပြော၊ သွားပြော၊ ရှင်က အိမ်ကနေ မြန်မြန် ထွက်မှဖြစ်မှာ၊ အချိန်ကြာလို့ ကြီးဒေါ်ကြီး သိသွားရင် သဲလွန်စကျန်သွားနိုင်တယ် "

ထို့နောက် ကိုယ်က ကြီးဒေါ်ကြီးကို အလွန်အရေးကြီးသောလေသံဖြင့် ....

" ကြီးဒေါ်ကြီးရေ သမီးတို့ လင်မယားစင်ကာပူ သွားမလို့နော်၊ အခု မောင်က သူ့ သူငယ်ချင်းနဲ့ အလုပ်ကိစ္စ ဖြတ်နေတယ်၊ ကြီးဒေါ်ကြီး အိမ်မှာ ကောင်းကောင်းနေ တခုခုဖြစ်ရင် ဦးမောင်အေးကို လှမ်းခေါ်ပြီး ခြံစောင့်ခိုင်း " လို့ ကရားရေလွှတ်ပြောလျှင် ကြီးဒေါ်ကြီးမှာ အသက်ပင် ဖြောင့်ဖြောင့် မရှူနိုင်တော့ချေ။

" နေပါအုံး ၊ သမီးရယ် .... အကိုကြီးကိုရော ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီလား ”

“ အို ပြောပြီးပြီလေ၊ ခုပဲဖုန်းဆက်ပြောတာ ကြီးဒေါ်ကြီး မကြားဘူးလား၊ ကြီးဒေါ်ကြီး သာ အိမ်ကို ကောင်းကောင်း မှန်မှန် စောင့်ရှောက်ထား၊ ဒက်ဒီကလဲ ဆယ်ရက်ဆိုရင် ပြန်ရောက်မှာပဲ၊ ဒီကြားထဲ ပဲလုတို့ မကြာမကြာ လာမှာပေါ့ .... ”

ပြီးတော့ ကိုယ်က သရုပ်ပေါ်အောင် ရေမိုးချိုး အလှပြင်လိုက်ရသေးသည်။ ပုလဲ နဲ့ ဝါနုနဲ့ ကတော့ လေဆိပ် လိုက်ပို့ ဟန်နဲ့ပေါ့

“ ပုလဲ ရှင် ကျုပ်တို့သွားရင် ကား လာပြန်ထား လိုက် ” လို့ ကြီးဒေါ်ကြီး ကြားအောင် ပြောပြီး အဝတ်အစား အိတ်ကို နောက်ခန်းတင်ကာ မောင်းထွက်ခဲ့သည်။

*****************





အခန်း (၄)

ဤသို့ဖြင့် ကာလတွေသည် မည်သို့ ကုန်လွန်သွားခဲ့ သည်မသိ ....

“ Timeless Dream ” လို့ ကိုယ်နံမည်ပေးခဲ့ ဘူးသော ပန်းချီကားလို အချိန်မဲ့ အိပ်မက်ကို မက်နေခဲ့သော် လည်း၊ အချိန်တွေဟာ အတော်ရှည်ကြာလာပြီဆိုတာကိုတော့ တစ်နေ့ထက်တစ်နေ့ စူထွက်လာသော ကိုယ့်ရဲ့ဗိုက်က သက်သေပြနေပြီလေ ....

“ သစ်တော်သီးနှံ့ သင်းသော မောင့်အိပ်ခန်း ကလေးမှာ ခုတော့ ပန်းချီဆေးနံ့၊ တာပင်တိုင်နံ့ တို့ဖြင့် အသစ်တစ်ဖန် ပြန်လည်ရှင်သန်နေပြီး .... မောင့် အိမ်ကလေးထဲမှာ နေ၊ သားလေးကို ဗိုက်ထဲမှာ လွယ်ထားရတာဟာ မောင်နဲ့ရော သားလေးနဲ့ပါ အတူတူ နေရသလိုပါပဲဟာ ” လို့ သူငယ်ချင်းတွေကို ပြောခဲ့ သလိုပေါ့ ....

တကယ့်ကိုပင် အဲဒီအိမ်ကလေးရယ်၊ ကိုယ့် ဗိုက်ထဲက သားကလေး ရယ်ကြောင့် ဒီလိုကာလတွေကို ကိုယ် ဖြတ်ကျော်ရဲခဲ့တာပင်၊ ကိုယ်ဝန်က တစတစ ရင့်လာစဉ်မှာ နေ့စဉ်ပင် မပျက်မကွက် မောင့်ကိုစောင့်မျှော်၊ ပန်းချီကားတွေ ထိုင်ဆွဲ၊ ဗိုက်ထဲမှာ နေရာ ပြောင်းသအား၊



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန်သလား မသိရသော သားလေးရဲ့ တံတောင်ဆစ်ကလေး၊ ဒူးခေါင်းလေးတွေ စူထွက်လာတာကို ငုံ့ကြည့်ကာ မျက်ရည်တွေနဲ့ ရယ်မော ....

အချိန်ကွက်ကိုတော့ ကိုယ်မေ့ထားပါရစေ ....

ဒါနှင့် မောင့်အရိပ်ကို ပါးပါးလေး ဂရေးတွေနဲ့ဆွဲခြစ်ပြီး ဆွဲမိတဲ့ ပန်းချီကားကိုတော့ ....

" Timeless Dream "

လို့ နံမည်ပေးဖြစ်တော့သည်လေ ....

မိုးတွေ သိပ်သည်းတဲ့ ညမျိုးမှာဆိုရင်တော့ တရုတ်ကပ် မှန်ကနေတစ်ဆင့် မြင်နေရတဲ့ မိုးစက်တွေကို ငေးမောရင်း မောင့်ကို တမ်းတမ်းတတ၊ လေးလေးပင်ပင် ကိုလွမ်းမိတတ်သည်။ မိုးတွေ သိပ်သည်းတဲ့ ညတစ်ညမှာ မောင့်ရဲ့ဒါဏ်ရာကို သိခွင့်ရခဲ့တာမို့လား .... ပြီးတော့ မောင်ငယ်ငယ်တုန်းက မိုးတွေ သည်းနေတဲ့ အချိန်မှာ ပစ်ထားခံခဲ့ရတာတဲ့ ....

" ဘယ်များရောက်နေသလဲ မောင်ရယ် .... " လို့ တစ်ယောက်ထဲပင် ကိုယ်က တမ်းတခေါ်ငင်မိသည်လေ၊ ခုလို မိုးရွာနေပြီဆိုလျှင် မောင်ဟာ ပုံစံတစ်မျိုးနဲ့ စိတ်လှုပ်ရှားတတ်တာမို့ ဘယ်ဒေသ၊ ဘယ်နေရာ၊ ဘယ်သူ့ရဲ့ ရင်ခွင်မှာ တုန်လှုပ်မှုကို ဖြေဖျောက်နေ မလဲဟင် .... အဲဒီရင်ခွင်ဟာ ကိုယ့်ရင်ခွင်လောက် မောင့်ကို နွေးထွေးစေနိုင်ပါ့ မလားမောင်ရယ် ....

တခါတရံတွင် ကိုယ်ဝန်ကြောင့် ထိုင်နေရာမှ ရုတ်တရက် မထနိုင်တာမျိုး၊ ကိုယ့်ဘာသာ အိမ်ရှေ့နဲ့ အိမ်နောက်





လူးလာခေါက်တုံ့ လမ်းလျှောက်ရတာမျိုးဆိုလျှင် တော့ အားငယ် ကြေကွဲရတာအမှန်ပင်၊ ထူမတွဲ ခေါ်ပေးမယ့် လင်ယောက်ျားက အနားမှာမရှိဘူးမို့လား၊ ဒါပေမယ့် မောင့်ကို ဘယ်တော့မှ စိတ်မနာကြည်းရက်တာကတော့ ကိုယ့်ရဲ့ လှပသော ဝဋ်ကြွေး တစ်ခုပဲထားလိုက်ပါတော့ ...."

ဒီအချိန်မှာ မောင့်ကို စကားပြောခွင့်ရလျှင်တော့ တစ်ခါလောက်ပဲ အခွင့်အရေး ပေးပါလို့တောင်းဆိုချင် ပါသည်။ မောင်နဲ့ ဝေးဝေးမှာဆို ကိုယ့်နှလုံးသားဟာ အမြဲပဲ ငိုရှိုက်နေရသည်မို့လား .... ကိုယ့်ကိုနွေးထွေးစေသော မောင့်အခန်းကလေးမှာ နေခွင့်ရလို့သာ ကိုယ်လဲပြိုကျ မသွားတာနော် .... မောင့်ရဲ့ နွေးထွေးတဲ့ အိပ်ယာထက်မှာ အိပ်စက်ရင်း တိတ်တိတ်ကြိတ်လို့ ရှိုက်ငိုမိရင်တောင်၊ မောင် ကိုယ်နဲ့သင်းနေတဲ့ စောင်ကလေးက ကိုယ့်ကို ချော့နေတယ် လို့ ခံစားရတယ်လေ ....

သိပ်ကိုအထီးကျန်လွန်းသည့် တခါတရံ မှာတော့ ပျော်စရာတွေ ရှိခဲ့ဖူးတာကို ပြန်တွေးကာ လွမ်းရက်နဲ့ မောရသည်။ ကိုယ်ကစောင်းအိပ်နေလျှင် မောင်က ကိုယ့်ဘေးနား လာထိုင်ကာ ကိုယ့်နားရွက်ကို ကွမ်းယာ ယာသလို လိပ်လျက် .... " ကွမ်းယာ ရမယ်၊ ကွမ်းယာ " လို့ စနောက်တုန်းက ကိုယ်သိပ်ပျော်ခဲ့ ရသည်ရှင့် .... ပြီးတော့ ကိတ်မုန့် ထုတ်သည့် ပလပ်စတစ် စလေးကို ဖြစ်ဖြစ်၊ ယားစေတတ်သည့် သစ်ကိုင်းလေးကို ဖြစ်ဖြစ် ကိုယ့်ကျောကုန်း အင်္ကျီစထဲကို ထည့်ပြီး ကိုယ်ကကျောကော့ ကာ ယားနေလျှင် မောင်က တဟားဟားနဲ့ ရယ်ပြီး သိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေတတ်တာ ....

နောက်တစ်ခု ကိုယ်ဒီလောက် ကြာကြာဒီမှာ နေနိုင်ခြင်းမှာ၊ ပုလဲ နဲ့ ဝါနုကြောင့်လဲ ပါပါသည်။ သူတို့နှစ်ယောက်မှာ ကိုယ့်ဆီ နေ့တိုင်းလို ရောက်လာကြမြဲ၊ အလုပ်ရှိလျှင်လဲ မနက်အစောပိုင်း နဲ့ ညနေပိုင်းကိုတော့ ဖြစ်အောင်လာကြမြဲ၊ တခါတရံ နှစ်ယောက်လုံး ဒီမှာ ညအိပ်ကြသည်။

" ဒက်ဒီကတော့ ရှင်တို့ကို သိပ်ကို စိတ်ပူနေပြီ၊ ဖုန်းလေးတောင် မဆက်လို့တဲ့ "

ကိုယ့်အိမ်ကို သူတို့က မကြာခဏ သွားပေးခြင်းဖြင့်လဲ အိမ်ကို ကိုယ်ကစိတ်ချ နိုင်ပါသေးသည်။

" ဘယ်ဆက်လို့ ဖြစ်မလဲ၊ ဖုန်းဆက်ရင် ဒီကဆက်တာ သိသွားမှာပေါ့ "

" အေး .... အဲဒါကျုပ်တို့ကလဲ စိတ်မပူပါနဲ့ ဒက်ဒီရဲ့၊ သူကြာချင် ကြာမယ်လို့ပြောသွားပါတယ်၊ ဘာညာရှိုးရတာပေါ့ဟာ "

ပြီးတော့ သူတို့နှစ်ယောက်ပဲ ဦးဆောင်ကာ ကိုယ့်ဗိုက်ကို အိုဂျီ တစ်ယောက်နှင့် အပ်ပေးကြပြန်သည်။ ပြီးတော့ အိုဂျီကို တောင်းပန်ကာ ဆယ်ရက်တစ်ခါလောက် အိမ်ကိုခေါ်ကာ ကိုယ့်ဗိုက်ကို စမ်းသပ်ဖို့ စီစဉ်တာလဲ သူတို့ပင် ....

" ဒေါက်တာ၊ ကျွန်မ ဘာလေးမွေး မယ်လို့ ထင်သလဲဟင် "

ကိုယ်ဝန်မှာ လအတော် ရင့်လာလျက် မွေးဖို့ တဖြေး





ဖြေး နီးလာရာ ကိုယ်ကဒေါက်တာကို မေးတော့ ဒေါက်တာက ....

" အက်ထရာဆောင်း ရိုက်ကြည့်ပါလား သမီးရဲ့ "

" အဲဒီလို မရိုက်ချင်လို့ ဒေါက်တာ၊ မွေးတဲ့အချိန်မှာ သားလေးလား၊ သမီးလေးလားလို့ ရင်ခုန်ရတဲ့ အရသာ ပျောက်သွားမှာ စိုးလို့ "

" သူ့အဖေကရော ဘာလေးလိုချင်တာလဲ "

မောင်နိုင်ငံခြား သွားနေသည်လို့၊ ကိုယ်တို့က ဒေါက်တာကို ပြောထားခဲ့ပါသည်။

" မောင်ကတော့ သားမှသားပဲ ဒေါက်တာရေ "

" အင်း၊ သားလေးဖြစ်နိုင်တယ်၊ သမီးမျက်နှာက ရင့်ရင့်လာတယ်လေ "

ဒေါက်တာ ပြန်သွားတာ ဝါနုက ကိုယ့်ဆံပင်တွေကို ဖြီးသင်ပေးရင်း ....

" ဒေါက်တာ ပြောသွားတာ ဟုတ်တယ် ဝေနန်း၊ ရှင့်မျက်နှာက ရင့်လာတယ် သိလား "

" ငါသိပါတယ်ဟာ၊ ငါယောကျ်ားလေး မွေးမှာပါ "

ထိုစဉ်မှာ ပုလဲက ပြက္ခဒိန် ကို ကြည့်ရင်း လှမ်းပြော၏။

" ဟဲ့ .... ဘာလိုလို နဲ့ ဝေနန်းမွေးဖို့က သိပ်မလိုတော့ဘူးဟ၊ ဂျူးဒိတ် ပေးထားတာ ဒီလထဲမှာပဲ "

" ဝေနန်းရှင် မွေးရင်တော့ ဘျှင်ပါဝူ မှာဖြစ်မြဲ သွားမွေးမှ ရမှာနော်၊ သားဦးဆိုတော့ ဂရုစိုက်မှရမယ်



www.burmeseclassic.com

www.burmeseclassic.com



" အေးပါဟာ၊ အရင်လဲ ရုပ်ဖျက်ပြီး ထွက်နေကြပဲ၊ မွေးမှတော့ အပြင်ထွက်ရမှာပေါ့ "

" ဟဲ့ .... မွေးရင်တော့ ရုပ်ဖျက်လို့ ဘယ်အချိန်ရှိမလဲဟာ၊ ရှင်ခွဲမွေးမလားဟင် ဝေန်း "

" ဟော့အေး .... ဒီအတိုင်းပဲမွေးမယ်၊ ကလေးတစ်ယောက်မွေးရတာ ဘယ်လောက်ပင်ပန်းသလဲလို့ ခံစားကြည့်ချင်တယ်၊ နေဦး၊ ငါ့လက်ကျန်ငွေ ဘယ်လောက်ရှိသေးလဲ မသိဘူး "

ကိုယ်အိမ်က ထွက်လာတော့ Bank ထဲမှာ ကိုယ်စုထားတာတွေ ထုတ်လျှင် ဒက်ဒီသိမှာစိုးလို့ ကိုယ်ဝယ်စုထားသော စိန်တွေကို ရောင်းကာ ငွေဖန်တီးရ၏။

" အများကြီး ရှိပါသေးတယ်ဟယ်၊ မရှိလဲ ပူစရာလား၊ ကျုပ်တို့ ရှိသားနဲ့ "

ဒီလိုနဲ့ ကိုယ်မွေးဖို့ တစ်ပတ်အလိုမှာ ပုလဲ နဲ့ ဝါနုက ခရီးထွက်မည့် အကြောင်းပြပြီး ကိုယ်နဲ့ လာနေနေတော့သည်။

****************





ဘဝတစ်သက်တာလုံးတွင် ဘာနှင့်မှ မတူအောင် အလွန်ဆိုးရွား ပြင်းထန်လှသော နာကျင်မှုကို ကြာရှည်ခံစားခဲ့ရသမျှ ဒီသားလေးရဲ့ ငိုသံလေးကို ကြားမှ တစ်စမကျန်လွင့်စင် သွားခဲ့တော့သည်။

" ဘာလေးလဲဟင် "

ဖျော့တော့နေသော ကိုယ့်မေးသံကို ကိုယ်တိုင်ပင် ပြန်မကြားနိုင်တော့ဆဲမှာ ဆရာဝန်က၊ ကလေးကို ကိုင်မြှောက်ချီကာ တင်ပါးလေးကို ဖျန်းခနဲ ရိုက်လျက် ....

" ယောက်ျားလေးဟော့၊ ယောက်ျားလေး "

လို့ အော်သံ အဆုံးမှာပဲ ကိုယ်က ကိုယ့်ရဲ့ သစ္စာဆိုမှု အပေါ်မှာ ယုံကြည်သွားတော့သည်။

" မောင်နဲ့စွတ်စွတ်တူ တဲ့ သားယောက်ျားလေး မွေးခဲ့ပါလျှင် မောင်ဟာကိုယ့်ဆီ မကြာခင်မှာ ပြန်လာပါစေ"

လို့ သစ္စာဆိုခဲ့ သည်မို့လား ....

ဆံပင် သန့်စွမ်းသော၊ အသားအရည် ပန်းသွေးရောင်ကြွနေသော၊ မျက်ခုံးထူသော၊ နှာတံ မြင့်သော၊ မျက်လုံးတွေစိမ်းလက်သော သားလေးဟာ မောင်မှမောင် ပါပဲကွယ်....

" အမလေး .... ကိုမင်းသိခ မှ ကိုမင်းသိခ ပဲဟယ်၊ အံ့ရော အံ့ရော " လို့ ပုလဲက ဆွေ့ဆွေ့ ခုန်နေသည်။

" တူမှပဲ၊ တူမှပဲ၊ မတူရင် မရွှေဝန်းတို့ တစ်ခါထဲ အသက်ထွက်သွားနိုင်တယ် "

ဝါနုက မျက်စောင်းထိုးကာ ပြောပေမယ့် သူ့မျက်နှာမှာလဲ ပီတိရိပ်နဲ့ ပြုံးအိလို့ပင် ....



www.burmeseclassic.com

www.burmeseclassic.com



" ငါသိနေတယ်လို့ ရှင်တို့ကို မပြောဖူးလား၊ မောင်နဲ့ တူတဲ့ သားလေးမွေးမယ် ဆိုတာလေ၊ ငါ့ သစ္စာမှန်သွားပြီ သေချာတယ်၊ မကြာခင်မှာ မောင်ပြန်ရောက်လာတော့မယ် "

" အမလေး မြန်မြန်ရောက်လာပါစေတော့ မယ်မင်းကြီးမရယ်၊ ဒီထက်ကြာရင် ကျုပ်တို့လဲ ရှူးပါတော့မယ် "

" အေးပါဟယ်၊ ရှင်တို့ကျေးဇူး တစ်သက်မမေ့ပါဘူး "

" အရေးထဲ ငါ့ဆိုင်က ဖောက်သည်နဲ့ တွေ့နေသေးတယ်၊ ခရီး ထွက်နေတယ်ဆို၊ ဒီကို ဘယ်လိုရောက်နေတာလဲတဲ့၊ ဖြောင်လိမ်ပြီး လစ်ထွက်လာရတယ် "

ကိုယ်တို့ စကားတွေ ပြောနေကြဆဲ သားလေးက အဲ့ခနဲ ငိုရှာသည်။

" ဟဲ့ .... ဟဲ့၊ နို့ဆာပြီနဲ့တူတယ် "

" လုပ်ပါအုံးဟယ်၊ ငါမတိုက်တတ်ဘူး "

" အော် .... ရှင်ကမတိုက်တတ်ဘူး ဆိုမှတော့ ကျုပ်တို့ကလဲ ဘယ်လုပ်တတ်မလဲဟဲ့၊ နေအုံး ငါ နာ့စ် သွားခေါ်လိုက်အုံးမယ် "

နာ့စ် သွားခေါ်တော့မှ နာ့စ်ကရယ်မောကာ သားလေးကို ကိုယ့်ရင်ခွင်ထဲ ထည့်ပြီး နို့တိုက်ဖို့ ပြင်ဆင်ပေး၏။ သားလေးခမျာ ဆာလွန်း၍ လားမသိ၊ အငမ်းမရ စို့ရှာလေသည်။





" သနားစရာလေးဟယ်၊ စို့နေရှာပုံလေးက "

" တကယ့်ကို ကလေးသေးသေး လေးပဲနော်၊ ဖ၀ါး လက်နှလုံး ပုခုံး လက်နှစ်သစ် ဆိုတာ တကယ်ပါပဲလား၊ ဒီမှာ ကြည့်လေ ဖ၀ါးက လက်နှစ်လုံးပဲရှိတယ်"

ပုလဲက သားလေးရဲ့ခြေဖ၀ါးလေးကို လက်နဲ့ တိုင်းနေပြန်၏။

" မျက်တောင်လေးတွေက စင်းပြီးရှည်နေတာ ကိုမင်းသီခ အတိုင်းပဲဟယ်၊ တိုင်းကြည့်ရင် ငါးစင်တီတော့ ရှိမယ်ထင်တယ် "

" မတိုင်းကြည့်ပါနဲ့ဟယ်၊ မျက်လုံးထိုးမိပါ့မယ် ရှင်ကလဲ၊ ကလေးက နုနုလေး .... "

ဆရာမက ကိုယ်တို့ပြောသမျှ ရယ်မဆုံးချေ။ ကိုယ့်မှာ ကလေးပေါက်စနီတာရဲလေးကို ဘယ်လိုမှ မကိုင်တွယ်တတ်သေးသဖြင့် စပယ်ရှယ်လစ်စ်နာ့စ် ကို နေ့တစ်ယောက် ညတစ်ယောက် ငှါးထားရ၏။

" ဆရာမ၊ ကျွန်မသားလေးကို ရဲရဲမကိုင်ရဲတာ ဘယ်လို လုပ်ရမလဲဟင် "

" အကျင့် မရှိသေး လို့ပါ၊ နောက်တော့ ကိုင်ရဲသွားပါလိမ့်မယ် "

" သူကလေးက တကယ့်ကိုနုနုလေးဆိုတော့ ကိုင်လိုက် ရင် အရိုးတွေ ဘာတွေကျိုးသွားမှာ သိပ်ကြောက်တာပဲ ဆရာမရယ်၊ ငယ်ထိပ်ကလေး ဖောင်းလိုင် ပိန်လိုက် တာကို ကြည့်ပြီးတော့လဲ သိပ်အသည်းယားတာပဲ "

သို့ပေမယ့် အံ့ဩစရာပင် ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းမှာ သုံးရက်လောက်ကြာလာတာနဲ့ ကိုယ်က အတော်ကို နေသားကျလေပြီ၊ ဆရာမဆီမှာ သင်ထားလို့ သားလေးကို အနှီးတွေ ဘာတွေ ထုပ်ပေးတတ်လေပြီ၊ ဆရာမနဲ့ အတူ ပုလဲနဲ့ ဝါနုကလဲ နေ့တစ်ယောက်၊ ညတစ်ယောက် ရှိနေသည်ကိုး၊ သူတို့မှာလဲ မီးနေသည်ကို ကျွေးရမယ့်အစားအစာ တွေကို စုံစမ်းကာ ချက်ပြုတ်ပြီး ပို့ရတာ အမောပင်။

" မိန်းမတစ်ယောက် ကိုယ်ဝန်စရှိတဲ့ အချိန်ကစပြီး၊ ကလေးမွေးပြီး မီးမထွက်ခင်ထိ ဘယ်လိုနေရမယ်ဆိုတာ ငါတို့တော့ အကုန်သိသွားပြီဟေ့၊ အဲဒါ ဝေန်းကျေးဇူးပဲ "

" ဘာလဲ .... ရှင့်အလှည့်ကျရင် ကျင့်သုံးဖို့လား၊ အားကျနေပြီပေါ့လေ "

သူတို့နှစ်ယောက်မှာ ကိုယ်ပျော်အောင်လို့ ရည်ရွယ်ကာ ဘယ်လိုပင်ရယ်စရာတွေ ပြောပါစေ၊ သားလေးကို ငုံ့ကြည့်မိလျှင်တော့ ကိုယ်ကမျက်ရည်စို့မြဲပင်။

" မောင့်ကို သတိရလိုက်တာဟာ "

" အေးပါ ဝေန်းရယ်၊ ငါတို့ကိုယ်ချင်းစာပါတယ်၊ ဒီလောကအချိန် အကြာကြီးစောင့်လာပြီးမှ စိတ်ကိုလျှော့မချလိုက်နဲ့လေ "

" မလျှော့ပါဘူး၊ မောင့်ကို ဆက်စောင့်မှာပါ၊ ဒါပေမယ့် ငါအိမ်ပြန်ချင်ပြီ၊ အိမ်မှာ မောင်ရောက်ချင်ရောက်နေမှာ "

ဒါနှင့်ပဲ နာစ်ကိုတော့ အိမ်ကိုလာဖို့ ဆက်ငှါးခဲ့ကာ ဆေးရုံမှ ဆင်းလာခဲ့ကြသည်။ မောင့်အခန်းလေးကိုပေါ့၊





ဒီအချိန်မှာ မောင်ပြန်လာလျှင် သိပ်ကောင်းမှာပဲကွယ်၊ မောင့်ကို မောင်အလိုချင်ဆုံး လက်ဆောင်တစ်ခု အခု ကိုယ်ပေးနိုင်ပြီလေ၊ ပြန်လာပါတော့ မောင်ရယ် ။

ဒီလိုနဲ့ တညမှာတော့ ကိုယ့်အိမ်မက်မှာ မောင့်ကို အနီးကပ်မြင်ရတယ်၊ လို့ အိမ်မက်ပြီး လန့်နိုးလာတော့ ရှုတ်တရက်မောင်ရှိနေတယ်လို့ ထင်နေ၏။ မောင့်ရဲ့ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်းတို့ကို ခုပင်လက်နဲ့ လှမ်းကိုင်လို့ရတယ်ထင်ရလောက်အောင် နီးကပ်စွာ သတိရနေတာ၊ မောင်ရှိနေတယ်လို့ ခံစားနေရတာ သိပ်ထူးဆန်းတာပဲ ....

" ငါမောင့်ကို အိမ်မက် မက်တယ်၊ မောင်ဒီ မနက်များပြန်လာ မလားမသိဘူး " လို့ ကော်ဖီဝိုင်းမှာ ကိုယ်ကပြောတော့ ပုလဲနဲ့ ဝါနုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်တာ ကိုယ်မသိချင်ယောင်ဆောင်နေလိုင်သည်။ ထိုခဏ မှာပဲဖြစ်သည်။ ကိုယ်နဲ့ ရင်းနှီးနေသော တံခါးခေါက်သံတစ်ခုကို ပထမတော့ .... " ထင်ယောင်ထင်မှား ဖြစ်မှု " လို့ ထင်ခဲ့သည်။

ဒါပေမယ့် နှစ်ချက်ဆင့်၊ သုံးချက် ခေါက်လိုက်သော တံခါး ခေါက် သင်္ကေတကို ကြားလိုက်ရလျှင်ပင် မောင်ပြန်လာပြီလို့ သေချာသွားခဲ့သည်။

မောင့်အတွက် ပိတ်မထားသော တံခါးကို ဖွင့်ပေးရန် လှမ်းလာခဲ့စဉ် ကိုယ်ဟာ မောင့်ကို အချစ်ဖြင့် ကယ်ဆယ်နိုင်ခဲ့ပြီလို့ ရင်တနင့်နှင့် ဝမ်းမြောက်မိသည်။

ဘဝတစ်ခုလုံး ပုံပြီးလောင်းကြေး ထပ်ထားရတဲ့ အတွက် ကိုယ်ဂုဏ်ယူသင့်တယ် မို့လားမောင် ....



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ ဘယ်လောက်ကြာသွားပါစေ ....

နောက်ဆုံး မှာတော့ မောင် ကိုယ့်ဆီ ပြန်လာခဲ့ရ ပြီလေ။

*****************





" နောက်ဆုံးတော့ ကျွန်တော်ပြန်လာခဲ့ရ ပါပြီဝန်းရယ် "

လို့ပြောစဉ် မောင့်မျက်နှာမှာ မျက်ရည်တွေနဲ့ ရွှဲနစ်လို့ .... သားလေးကို အထပ်ထပ်နမ်းကာ အဖိုးတန်ရတနာ တစ်ပါးကို မထိရက် မကိုင်ရက်ဖြစ်ကာ ....

" သားလေး .... ကျွန်တော့်သားလေး .... ကြည့်ရင်းနဲ့ကို မြိုချချင်လောက်အောင် ချစ်လိုက်ရတာ .... ဝန်းရယ်၊ ကျွန်တော်ဒါဏ်ခတ် ခံရပါပြီ၊ ဝန်းကို ဝန်းအပေါ် တင်နေတဲ့ အကြွေးတွေကို ဒီတစ်သက်ကြေအောင် မဆပ်နိုင်တော့ဘူး ထင်ပါရဲ့ " လို့ ပြောရင် ကိုယ်က မောင့်က နှုတ်ခမ်းကို လက်ဖဝါးနဲ့ ဖိပိတ်လိုက်၏။

" မောင့်ကို အမြဲနားလည်ခဲ့ပါတယ်၊ မောင်ပြန်လာတာကိုပဲ ကျေးဇူးတင်လှပါပြီ "

ပုလဲ နဲ့ ဝါနုက အလိုက်သိစွာပင် မနက်စာ သွားဝယ်အုံးမယ်၊ ဆိုပြီး ရှောင်ပေးသွားရာ ကိုယ်နဲ့မောင်ဟာ စိတ်ကြိုက်အလွမ်းသယ်ခွင့် ရပြီရှင့်၊ သားလေးကို နို့တိုက်ပြီး အိပ်ပျော်သွားစဉ် ပုခက်မှာတင် ထားဆဲ မောင်က အကြာကြီး ငုံ့ကြည့်ပြီး ဖြုန်းဆို ကိုယ့်ကို တင်းကျပ်စွာ ပွေ့ဖက်ကာ အထပ်ထပ်နမ်းမွှေးတော့သည်။ အဲဒီ အခါမှာပင် ကိုယ်ဟာ ရင်ဖွင့်မတတ် ငိုမိတော့သည်။ ဒါပေမယ့် ဝမ်းနည်းလို့ငိုတာ မဟုတ်ပဲ ကမ္ဘာလောကရဲ့ တစ်နေရာမှာ ရှိနေတဲ့၊ တစုံတရာကို ကျေးဇူးတင်စွာ ငိုတာဖြစ်နိုင်ပါသည်။

" မောင်ရယ် .... ကျွန်မလေ လဲသေ သွားတော့ မတတ် ခံစားခဲ့ ရပါတယ်၊ ဒါပေမယ့် မောင့်ကို မောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတဲ့ သားလေး မွေးပေးမယ်လို့ အားခဲပြီး ....

" ကျွန်တော်လဲလေ .... ဘယ်လိုပဲ စိတ်ဟာ အခြေမဲ့ခဲ့ ပေမယ့် ဝန်းဆီကိုပဲ ပြန်လာချင်ခဲ့တာပါ .... ပြီးတော့ ကျွန်တော် အိမ်မက်တွေ မက်တယ်၊ ဝန်းက ကျွန်တော့်ကို သားလေးမွေးပေးတယ်တဲ့ "

" မောင်ဒီ အခန်းလေးကို အရင်လာတာလားဟင် "

" ဟုတ်တယ်၊ စိတ်ထဲမှာ ဒီမှာ ဝန်းရှိနေမယ်လို့ပဲ ထင်နေတယ်၊ ကျွန်တော်လေ ဝန်းကသတ်ရင်လဲခံမယ်လို့၊ ဝန်းအပြစ်တင်သမျှ ခေါင်းထိုးခံမယ်လို့ စဉ်းစားပြီး ဝန်းဆီပြန်မလာရရင်တော့ မနေနိုင်တာ နဲ့ လာခဲ့တာပါ .... ကျွန်တော့်ကို ခွင့်လွှတ်ပါဝန်းရယ်၊ ဒီစကားနဲ့ တင်မလုံ လောက်ပေမဲ့ ဒါပဲကျွန်တော် ပြောနိုင်တော့တယ်ဗျာ "

" မောင်နဲ့ ကျွန်မဟာ နှစ်ယောက်ပေါင်းမှ တစ်ဘဝ ပါ မောင်ရဲ့၊ ဘယ်လောက်ဆိုးဝါးတဲ့ အခြေအနေ ပဲဖြစ်ပါစေ၊ မောင့်ဘက်မှာ ကျွန်မ အမြဲရပ်မှာပါ၊ အားလုံးကျော်လွှန်သွားပြီပဲကွယ်၊ မောင်စိတ်မကောင်း မဖြစ်နဲ့တော့နော် "

မောင်သည် စိတ်လှုပ်ရှား စွာပင်နံရံကို လက်သီးနဲ့ ထိုးသေး၏။

" ဒါပေမယ့် သားလေးကိုရပြီးတဲ့ နောက်မှာ ကျွန်တော်ဒါမျိုး ဘယ်တော့မှ ဖြစ်တော့မှာ မဟုတ်ပါ ဘူးဝန်း၊ သားလေးကို ကျွန်တော်လို့ထင်မှတ်ပြီး Perfect ဖြစ်အောင် ကျွန်တော်ပြုစုပျိုးထောင်ရအုံးမယ် ဝန်း "





" မောင် နောက်တစ်ခါ ထွက်ပြေးလဲ ကျွန်မကတော့ ခွင့်လွှတ်အုံးမှာ ပါမောင်၊ ဒါပေမယ့် သားလေးကိုရပြီးတဲ့ နောက်မှာ တော့ မောင်ဟာ မထွက်ပြေးတန်ကောင်းတော့ ပါဘူးလို့ ကျွန်မထင်တယ်လေ၊ မောင်ထွက်သွားတုံးက မောင်ပြန်လာမှာပဲလို့ ယုံကြည်သလိုမျိုး ယုံကြည်တာပါ၊ တစ်စုံတစ်ရာကိုပေါ့မောင်၊ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ တစ်စုံ တစ်ရာကိုပေါ့ "

ပြီးတော့ ကိုယ်နဲ့မောင်သည် သားလေးကို အတူငုံ့ ကြည့်ကာ ပြုံးနေကြဆဲ လိုက်ဖို့၍ မောပန်းစေသော ပီတိတစ်မျိုးသည် ဘာနှင့်မှ မတူပဲ ထွက်ပေါ်လာခဲ့ပြီလေ ....

" ဒက်ဒီကိုတော့ ကျွန်တော် မျက်နှာပြရခက်မှာပဲ "

" မောင့်အတွက်ရော ဒက်ဒီအတွက်ပါ အားလုံး ကျွန်မစီစဉ်ထားပါတယ်မောင်၊ အခုကျွန်မတို့ အိမ်ပြန်ရင် မောင်နဲ့ ကျွန်မဟာ စင်ကာပူက ပြန်လာတာဖြစ်ရမယ်၊ သားလေးကိုလဲ အဲဒီမှာမွေးခဲ့တယ်ပေါ့ "

" ဘယ်လို .... ဝန်း "

ကိုယ်က အားလုံးရှင်းပြဆဲ မောင်သည်ကိုယ့်ကို အလွန်တရာ ချစ်မြတ်နိုးစွာ မျက်ရည်လဲ့သော မျက်လုံးတွေ နဲ့ လိုက်လှဲစွာ ကြည့်၏။

" ကျေးဇူးတင်လိုက်တာဝန်းရယ်၊ တကယ်ဆို ကျွန်တော့်အတွက် ဝန်းလိုမိန်းမမျိုးဟာ နှစ်ယောက်မရှိဘူး ဆိုတာ ကျွန်တော်သိသားနဲ့ .... "

" ဒီအချိန်က စပြီး ဝမ်းနည်းစရာ တွေကို မေ့ပစ်ရို့



www.burmeseclassic.com

www.burmeseclassic.com



မောင်၊ နောင်တ မရနဲ့တော့လေကွယ် ”

“ ဒါနဲ့ ဝန်း၊ ဒီမှာ အဲဒီနေ့ကတည်းက လာနေတာ ပေါ့၊ ဟုတ်လား ”

“ မောင်ထွက်သွားတဲ့နေ့မှာပဲ ကိုယ်ဝန်နှစ်လရှိနေတာ ကျွန်မသိခဲ့ရတာ၊ အဲဒီနေ့ထဲကပါပဲ ”

“ အို: .... ဝန်း .... ဝန်းရယ် ”

ပြီးတော့ ကိုယ့်ပုခုံးထက်မှာ မျက်နှာအပ်ရှိုက်ငင်ဆဲ မောင့်ကို မောင်မမြင်အောင် မျက်ရည်တွေကျလျက် ကိုယ်က တိုးတိုးလေး စကားတွေ ပြောဖြစ်သည်လေ ....

“ တကယ်ဆိုတော့ ဘဝဆိုတာကိုက ဒါပါပဲ မောင်ရယ်၊ လူတွေဟာ ကိုယ့်ဆန္ဒနဲ့ ကိုယ့်ဝန်ထုပ် ဝန်ပိုးတွေကို ကျောကုန်းပေါ်မှာ ပိုးထားကြတာပါ၊ ဘယ်လောက်ပဲ လေးပါစေ၊ ဘယ်သူကမှ အဲဒီ့ဝန်ထုပ် ဝန်ပိုးကို ပစ်မချနိုင်ပါဘူး၊ မောင်ပြောဖူးခဲ့ သလို၊ ကိုယ့်အတွက် ကိုယ်ချစ်တာပဲ ဖြစ်ဖြစ်၊ သူများအတွက် ချစ်တာပဲ ဖြစ်ဖြစ်၊ အဲဒီ ချစ်ခြင်း၊ မုန်းခြင်း၊ အလွမ်းဇာတ်ထဲမှာ မျောပါနေတဲ့ သနားစရာ သတ္တဝါဟာလူပါပဲ၊ အဲဒီလိုမျောပါရင်းနဲ့မှ လှပတဲ့၊ လှိုက်ဖိုဖွယ်ကောင်းတဲ့ အရာလေးတွေကို တတ်နိုင်သလောက် ဖန်တီးကြရမယ်လေ .... တတ်နိုင်သလောက် ပေါ့မောင်ရယ် ....

****************





## အခန်း (၅)

သားလေးရဲ့ တစ်နှစ်ပြည့် မွေးနေ့ပွဲတွင် သားလေးကိုမြင်ရသည်မှာ ပြာလွင့်သောကောင်းကင်ထက်၌ ရိုးသားသောကြယ်ပွင့်လေးတစ်ပွင့် လင်းလက်နေတာ နှင့်တူသည် ဟု ကိုယ်ထင်ပေသည်။

“ ခင်ဗျားတို့ သားအဖကလေ၊ အဖေကို တစ်နေရာမှာ တွေ့၊ သားကို တစ်နေရာ မှာ တွေ့၊ အဲဒီလို တွေ့ရင်တောင် သားအဖလို့တန်းသိတယ်၊ အဲဒီလောက်တူတာ .... ”

လူတိုင်းက အဲဒီလိုပြောရလောက်အောင်ပင်၊ သားသည်ကြီးလာလေ မောင်နဲ့တူလေ၊ ရုပ်တင်တူတာမဟုတ်၊ ဟန်ပန် အမူအယာရော၊ အသံရော၊ နောက်ဆုံးလမ်းလျှောက်သည့် ပုံစံပါ တူသည်ဖြစ်ရာ အားလုံးက တအံ့တသြချယူရတော့သည်ပင် ....

“ ကျွန်မကြားဖူးတာတော့ မိန်းမက ယောကျ်ားကို သိပ်စွဲစွဲလန်းလန်း ချစ်ရင် သားဦး ဟာအဖေနဲ့ ချွတ်စွပ်တူတယ်သတဲ့ရှင်၊ ကြည့်ရတာ မျက်ဝန်းချိုက ကိုမင်းသိခကို သိပ်ချစ်ပုံပဲ ” လို့ ဧည့်သည်တစ်ယောက်ကနောက်လေလျှင် ဖခင်တစ်ယောက်ရဲ့ ဂုဏ်ပုဒ်နဲ့ ရင့်ကျက်ခြင်းဖြစ်သော မောင်က မျက်နှာတစ်ခုလုံး ချိုအိစွာ ပြုံး၍ ....

“ ကျွန်တော်ကလဲ ချစ်ပါတယ်ဗျ ” လို့ပြန်ပြောဖော်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရသေးသားပင် ....

သားရဲ မွေးနေ့ကို ခြံထဲမှာပင်လုပ်သည်ဖြစ်ရာ ဘူဖေးစားပွဲရှည်ကြီး၊ မိုးပျံပူပေါင်းတွေ၊ မီးပန်းတွေ၊ ခြံဘေးမှ ဖိတ်ထားသော ကလေးလေးတွေဖြင့် ခြံထဲမှာ ရှုပ်ခတ်စည်ကားနေတော့သည်။ သားသည် အနောက်တိုင်းဝတ်စုံ အဖြူဖြင့် မြင်သူတိုင်း မနမ်းပဲ မနေနိုင်အောင် ချစ်စရာကောင်း လှသည်ပင်၊ တစ်နှစ်သားနှင့်ပင် အလွန်လည်ကာ စကားတီတီတာတာ ပြောတတ်ပြီမို့ ဖိုးအေ အသည်းစွဲပင် ။

" စင်ကာပူမှာ မွေးလာတဲ့ကောင်ဗျ၊ ဟန်နီ ကိုယ်ဝန်ရှိထဲက စင်ကာပူ ထွက်သွားတာ ပြန်လာတော့မြေး လေးပါလာတာပဲ၊ မြေးလေးပြောလိုက်လေ၊ သားသားက မမွေးခင် အမေ့ဗိုက်ထဲက နိုင်ငံခြားကို သွားလည်တာလို့ "

ဒက်ဒီက သားကိုချီကာ လူတကာကို ပတ်ကြွေး နေလေလျှင်ကိုယ်ရယ်၊ မောင်ရယ်၊ ပုလဲရယ်၊ ဝါနုရယ်မှာ တခွီးခွီး ကြိတ်ရယ်ကြရလေသည်။

မရယ်ဘဲ ဘယ်လိုမှ မနေနိုင်ချေ။

" တကယ်တော့ ဗိုက်ထဲမှာထဲက နိုင်ငံခြားကို သွားလည်တာ မဟုတ်ဘူးဟ၊ ဗိုက်ထဲမှာ ထဲက ဖိုးအေကို လိမ်ပြီးမှ ထွက်လာတာ "

ပုလဲက မုန့်ပန်းကန်ကို ကိုင်စားရင်းပြောလျှင် အရယ်အတော မသတ်နိုင်ကြတော့ .... အဲဒီတုံးက အဖြစ်အပျက်တွေ ကိုလည်းမြင်ယောင်ကြရသည်။

အဲဒီနေ့က ဒက်ဒီဆီ ပြန်မည်ပြင်လျှင်သရုပ်ပါအောင်





ဈေးပတ်၍ စင်ကာပူမိတ် ပစ္စည်းတွေ ဝယ်ရသေးသည်၊ ပတ်စပို့စ် တွေကို ဖျောက်ဖျက်ရသေးသည်။ ဒက်ဒီက ကလေးနီတာရဲလေးပါ ပါလာသော ကိုယ်တို့နှစ်ယောက်ကို ကြည့်ကာ ....

" အံ့တာပဲကွာ ၊ အံ့တာပဲကွာ " လို့ ပြောမဆုံး

လို့ရေရွတ်ပြီးမှ ဗြုန်းခနဲ သတိရသလို " ဒီလောက် ကြာတာ ဒက်ဒီကို ဘာလို့ဖုန်းမဆက်တာလဲ " မေးလျှင် တော့ ....

" အိုး .... သမီးကသားဦးဆိုတော့၊ ကိုယ်ဝန်စရှိ ကထဲက မမွေးခင်ထိ အမြဲမူးဝေအော့အန်နေတာ ဒက်ဒီရဲ့ ဖုန်းဆက်လို့ သမီးနေမကောင်းတာ ဒက်ဒီသိရင် စိတ်ပူမှာစိုးလို့ " လို့ အတည်ပေါက်နှင့်ညာရမည်လေ ...., ပြီးတော့ ပုလဲနှင့်ဝါနုမှာလည်း သားလေးကို ခုမှမြင်ဖူးသည့် ပုံစံနှင့် အထူးအဆန်းလာကြည့်ကြပေါ့၊ ကိုယ်တို့ ရဲ့ လိမ် ဆင်ကြီးမှာ ဟာကွက်များရှိသော်လည်း၊ ဒက်ဒီသံသယ မဖြစ်နိုင်တော့သည်မှာ သားလေးအိမ်ကိုရောက်လာသည်နှင့် ဒက်ဒီမှာ မအားနိုင်အောင် အလုပ်ရှုပ်ပြီးဖြစ်သော ကြောင့်ပင်၊ တကယ်တော့ ခုအချိန်ထိ ဘာမှမပေါ်ဘဲ လွန်မြောက်လာသည်မှာ အံ့ဩစရာပင် .... ပြီးတော့ မောင့်အခန်းလေးဟာ ဘယ်နေရာမှာရှိသည်လို့ဒက်ဒီက ဘယ်တုံးကမှ မသိခဲ့လို့ကိုယ်တို့ပုန်းတဲ့ နေရာဟာ မှန်ခဲ့တာပင် ။

" ဘာလိုလို နဲ့ တစ်နှစ်တောင်ရှိသွားခဲ့ပြီနော် ငဝန်း၊ ရှင်ပြောခဲ့တဲ့ မောင့်ကိုသားလေးကို လက်ဆောင်ပေးပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြီးသွားမှာပါ " ဆိုတဲ့ စကားကို ငါယုံလိုက်ပြီ သိလား၊

" ပြီးတော့ ရှင်ကြိုမြင်ခဲ့တဲ့ ရှင်ရယ်၊ ကိုမင်းသီခရယ်၊ သားလေးရယ် ပါဝင်တဲ့ လှပတဲ့ အနာဂတ်ကာလလေးကို ငါတို့မြင်နေရပြီလေ "

လို့ ဝါနက ကိုယ့်လက်ကိုဖျစ်ညှစ်ရင်းပြောကာ အနားမှာရပ်နေသော မောင့်ကိုလည်း ပြုံးပြကာ ထွက်သွားဆဲ မောင်က ကိုယ့်ကို တိုးတိုးလေး ခေါ်လိုက်ပါသည်။

" ဝန်း .... "

" မောင် "

ကိုယ်လှည့်ကြည့်လိုက်တော့ ကိုယ်နဲ့ နီးနီးလေးမှာ အပူအပင် ကင်းလှသည့် မျက်နှာလေးတစ်ခုကို မြင်ရသည်။ မျက်လုံး စိမ်းလက်တွေက အခုတော့ဖြင့် ကြည်စင်လို့၊ Wild Eye လို့ ကိုယ်တင်စားခဲ့ဘူးတဲ့ မှုန်မှိုင်းအရိပ်တွေပါသော မျက်လုံးရိုင်းတစ်စုံ မဟုတ်တော့၊ လောကကို ချစ်မက်သော၊ ရင်ခုန်သော၊ ပျော်ရွှင်သော လှပတဲ့ အနာဂတ်ကို ပိုင်ဆိုင်သော တည်ငြိမ်တက်ကြွသူ တစ်ဦးဖြစ်နေခဲ့ပြီ၊ မောင်က နေရီမှာ ပင်ပန်းရောင်သမ်းတဲ့ ရှက်ရွံ့မျက်နှာ နဲ့ ကိုယ့်နဖူးကို ငုံ့နမ်းကာ အလွန်တိုးသက်သော လေသံဖြင့် ....

" ကျွန်တော်ကို အချစ်နဲ့ ကယ်ဆယ်ပေးခဲ့တဲ့ အတွက် ဝန်းကို ကျေးဇူးတင်ပါတယ် " လို့ပြောလိုက်စဉ် မောင့် စကား၌ မယုံနိုင်စရာကောင်းလောက်အောင်





ကြွက်သီး ထသွားခဲ့ကာ မောင့်ပုခုံး၌ မှီတွယ်မိဆဲ၌ လှိုက်လှဲသော မျက်ရည်တစ်စက် မျက်တောင်များမှ စီးတွယ်လာခဲ့သည်။

လူပန့်ငယ်။

****************



BURMESE CLASSIC .com

www.burmeseclassic.com